
www.burmeseclassic.com

ကျော်ကျော်နိုင်

# ဒီမိုကရေစီ နှင့် အားတစ်ဆုပ်



BURMESE CLASSIC

Design:Hla Htun Aung2014

www.burmeseclassic.com

www.burmeseclassic.com



[redacted]

**ပုံနှိပ်သူ**
ကိုကိုလေး(ယာယီ)၁၁၀၃၉
(ဖုန်းမြတ်ပုံနှိပ်တိုက်)
အမှတ်(၃၂/ဃ)၊ ဘိုးရာဇာလမ်း၊
(၁၄)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်(သင်းစာပေ)(၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
၁၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်

**အကြိမ်**
၂၀၁၄ ခုနှစ်၊ မေလ
ပထမအကြိမ်

**အုပ်ရေ**
၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ

၁။ သမ္မတကြီး ဒီမိုကရေစီနှင့် ဒေါ်အောင်ဆန်းစုကြည်ကို သတိရပါ
၂။ လောင်းသဟာ ပြောင်တာရှက်ရင်တော့ ထွက်ကြမှာပေါ့
၃။ သမ္မတကြီးကို ခွေးဖြစ် နွားဖြစ် မပြောသင့်
၄။ ဒီမိုကရေစီနဲ့ ဆားတစ်ဆုပ်
၅။ ဒီမိုကရေစီနှင့် ဆယ်လီဘရိတီ
၆။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမှတ်တွဲများ
၇။ ခေတ်ပြောင်းသည်ကိုမသိသော် အုပ်ချုပ်သူများနှင့်နောက်ထက်စိုးဝင်းတစ်ယောက်
၈။ ကျားချောင်းသလိုချောင်း။ ဆင်ကြံသလိုကြံ။ ကိုယ်ခွင်ကိုယ်ဖန်
၉။ ဘယ်သူသမ္မတဖြစ်ဖြစ် "ကျွန်မဖြစ်ရင်တော်ပြီ"
၁၀။ သမ္မတကြီးပြောမှပဲ လုံးခြုံလည်တော့တာပဲ
၁၁။ နတ်ပြည်မသွားချင်ရင် ငရဲပြည်သွားမလား
၁၂။ နောက်ပြန်လည်မှာလား မလည်ဘူး
၁၃။ ပါးရိုက်ရင် နားကိုက်မယ်
၁၄။ ပွဲသိမ်းမှာလား ပွဲကိမ်းမှာလား
၁၅။ အလံလှုပွဲများရပ်ပစ်
၁၆။ နိုင်ငံတော်သမ္မတကြီးသာ အမိုးသားဆုံးလို့သတ်မှတ်ထားပါတယ်
၁၇။ စမ်းတဝါးဝါးနိုင်ငံရေး
၁၈။ ပြောမယုံ ကြုံဖူးမှသိ
၁၉။ သူတို့လိုအောင်မြင်ချင်ရင် အကြောတစ်ကြောဖြတ်ဖို့ပဲလိုတယ်
၂၀။ နိုင်ငံရေးဗဲသုံးချုပ်သမားများ သတိထား
၂၁။ တပ်မတော်က တပ်မတော်အလုပ်လုပ် ကျွန်တော်တို့က ကျွန်တော်တို့အလုပ်လုပ်မယ်
၂၂။ နောက်ဆုံးတော့ လဒဟာ လဒပါပဲ
၂၃။ သမ္မတနှင့် လူကြမ်းများ


www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၂၄။ လယ်တီသိမ်ဖျက် -ကြံ့ ဖွံ့မျက်-မပျက်•••ထက် နောင်သံသရာမှာ မင်းတို့လားရာမရှိ

၂၅။ လက်ပံတောင်းကို ဆက်လုပ်မှာပဲလား••• သန်းလေးဆယ်ရဲ့ အသက်ကို မငဲ့ကွက်ဘူးလား••

၂၆။ မိုးရောက်ရင် စိုးကြောက်နေရမှာလား နွေရောက်ရင် ရေပျောက်နေရမှာလား

၂၇။ ချိန်ခွင်လျှာကို လက်လွှတ်ပါ

၂၈။ ဘားမားကို ကယ်မှာလား••• အိုဘားမား

၂၉။ ပုဒ်မ၄၃၆မပြင်ပါက NLD ပါတီလွှတ်တော်မှ ထွက်သင့်ကြောင်း

၃၀။ ရှုံးမယ်သေချာလို့ PR ကိုသုံးတာလား

၃၁။ မဝေးတော့သည့်လမ်း မှန်းဆရန်မရသည်သို့

၃၂။ ဗိုလ်ချုပ်မှူးကြီးကို သတိရတယ်

၃၃။ ပေါင်းဖြစ်မယ် ဆွေးနွေးဖြစ်မယ်နဲ့ ကျွန်တော်တို့ကတော့ ပြည်သူအားနဲ့ ပြင်သင့်တယ်

၃၄။ ပညာပြည့်ဝနလုံးလှသော ဂဂ များသို့

၃၅။ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ဆေးရိုးသည်

၃၆။ ငြိမ်းချမ်းရေးဘက်တစ်ချက်လေး ငဲ့ကြည့်ပါဦး

၃၇။ လွှတ်တော်အသံ ကြံ့ခိုင်ရေးအသံ




www.burmeseclassic.com

www.burmeseclassic.com



# သမ္မတကြီး .... ဒီမိုကရေစီနှင့် ဒေါ်အောင်ဆန်းစုကြည်ကို သတိရပါ

ကျော်ကျော်နိုင်

လွှတ်တော်မှာပြောကြားသော နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းထဲမှာ သမ္မတ အကြိမ်ကြိမ်အဖန်ဖန်ပြောကြားသော မြန်မာလူ့ဘောင်အဖွဲ့အစည်းမှာ ကြီးမားတဲ့ မတူကွဲပြားမှုတွေ၊ နိုင်ငံရေးကျင့်စဉ် ကောင်းတွေကို အရင်း တည်ပြီးတော့ ငြိမ်းချမ်းစွာဖြင့် ဆွေးနွေးညှိနှိုင်းပုံဖော်တဲ့ နိုင်ငံရေးယဉ်ကျေးမှု တစ်ရပ်ကို ကျွန်တော်တို့ စတင်နိုင်ခဲ့ပါပြီဟု ပြောကြားခဲ့ပါသည်။ တစ်နေ့တည်း ကျင်းပခဲ့တဲ့ ပါတီကြီး ၂ရပ်ဖြစ်တဲ့ အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌသူရရွှေမန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "သမ္မတ ကြီးဆီ ဒါကို စာပို့လိုက်ရင် လုံလောက်ပြီ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်ဆိုရင် လေးပွင့်ဆိုင်တွေ့ဆုံရေးကို သမ္မတကြီးတစ်ယောက်ပဲ ဦး ဆောင်နိုင်တယ်လို့ ကျွန်မတို့ထင်ပါတယ်။ ကျွန်မအနေနဲ့လည်း တစ်ဦးပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



တွေပါဝင်ဖို့ ပြောပိုင်ခွင့်မရှိပါဘူး။ အားလုံးဒီလေးဦးစလုံးကို စုံပြီးတော့ တွေ့ဆုံဆွေးနွေးဖြစ်အောင် လုပ်နိုင်တာကတော့သမ္မတကြီးတစ် ယောက်ပဲရှိပါတယ်လို့ ဒီလိုယူဆလို့ သမ္မတကြီးဆီ လိပ်မူပေးပို့ခဲ့တာပါ"ဟု ပြောကြားခဲ့ပါသည်။

"တွေ့ဆုံတာ၊ ဆွေးနွေးတာ ညှိနှိုင်းတာက အောင်မြင်မှုရဲ့အခြေခံဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုရှိရင် တစ်ယောက်နဲ့ တစ်ယောက် သံသယတွေကင်းသွားမယ်၊ အမြင်မရှင်းတာတွေမရှိတော့ဘူး။ လေးပွင့်ဆိုင်တွေ့ဆုံမှုကိုလည်းအားပေးပါတယ်။ လုပ်ငန်းတစ်ခုလုပ်မယ်ဆိုရင် ပူးပေါင်း ဆောင်ရွက်တာ အကောင်းဆုံးပါ။ ကျွန်တော်တို့နှစ်ယောက် အမြဲတွေ့ဖြစ်တယ်ဆိုတာက လွှတ်တော်ကိစ္စတွေ၊ နိုင်ငံရေးရှေ့ အလားအလာတွေကို ညှိနှိုင်းတိုင်ပင်တာပါ။ ဒါမှတစ်ယောက်နဲ့တစ်ယောက်အမြင်တွေကိုဖလှယ်နိုင်မယ်" ပြည်ထောင်စုလွှတ်တော်နာယက သူရရွှေမန်းက ပြောပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် သတ်မှတ်ထားသော အချိန်ကာလအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရန်မှာ လေးပွင့်ဆိုင်တွေ့ဆုံမှုဆွေးနွေးမှုပေါ်တွင် မူတည်နေကြောင်းနှင့် လက်ရှိ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်ထည်ဖော်မှုကော်မတီတွင် တပ်မတော်၏ အဆုံးအဖြတ်သည် ညှိနှိုင်းရန် အခက်အခဲရှိသည်ဟု သူရဦးရွှေမန်းက ပြောကြားပါသည်။ သမ္မတကြီး ပြောကြားရာမှာတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကြောင့် ဒီကနေ့ နိုင်ငံရေးအရှေ့ကို ရှုမြင်နေကြခြင်းပဲဖြစ်ပါတယ်တဲ့။ သမ္မတကြီးအနေဖြင့် ယနေ့နိုင်ငံရေးအရှေ့တွင် ပြည်သူတစ်ရပ်လုံး လမ်းပေါ်ထွက်ဆန္ဒပြနေသည်ကို မမေ့မလျော့ကြည့်မြင်နေမှာပါ။

ဒီမိုကရေစီကျင့်စဉ်ရှင်သန်လာသည်နှင့်အမျှ ဒီမိုကရေစီစံနှုန်းနှင့်တန်ဖိုးများ၊ ပြည့်မီလာစေဖို့အတွက်ရှိပြီးအခြေခံဥပဒေကို ညှိနှိုင်းပြင်ဆင်ရေးဆွဲရမည်ဆိုတာ လက်ခံရမှာဖြစ်ပါတယ်ဆိုတဲ့သမ္မတကြီး ပြောကြားချက်အတိုင်းဆိုလျှင် မလွဲမသွေပြင်ဆင်ရမယ့် ညှိနှိုင်းရမယ့် အကြောင်းတရားတွေရှိနေ၍ လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပြီး အဖြေရှာဖို့လို အင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


သမ္မတကြီးပြောကြားရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပြင်ဆင်ပေးသင့်ကြောင်း ပြောကြားနေသည့် နည်းတူပြင်ဆင်၍ မရနိုင်အောင် ချုပ်ချယ်ကန့်သတ်ထားသော အခြေခံဥပဒေ အခန်း ၁၂မှာ ပြဋ္ဌာန်းချက်နှင့် အညီပြင်ဆင်ရမည်ဆိုသော နောက်ပြန်လှည့်မှုနှင့် အဆုံးသတ်ထားပါသည်။ အခြေခံဥပဒေအခန်း ၁၂ ပုဒ်မ ၄၃၆သည် အခြေခံဥပဒေပါ ပုဒ်မအားလုံး ပြင်ဆင်၍ မရနိုင်အောင် ချုပ်ချယ်ကန့်သတ်ထားပြီး ပုဒ်မဖြစ်ကြောင်း သမ္မတကြီး သိရှိမှန်းဆ၍ရပါသည်။ မည်သည့်အကြောင်း ကြောင့်ဆိုသော် သမ္မတကြီးကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့သောကြောင့်ဖြစ်ပါသည်။

တစ်ဖန် ဆက်လက်ပြောကြားရာတွင် နိုင်ငံတကာအာဏာရှင်စနစ် ကျင့်သုံးတဲ့ နိုင်ငံဆိုပြီးခေါ်ဆိုခဲ့ရာကနေ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်တဲ့နိုင်ငံအဖြစ် ပြောင်းလဲလာခဲ့တာမို့ ဒီအခြေအနေကိုပိုမိုတိုးတက် ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်လို့ သမ္မတက ဆိုပါသည်။ တာဝန်ရှိ၊ တာဝန်သိသော ယနေ့ပြည်သူအများစု၏ အပင်ပန်းခံ၊ အဆင်းရဲခံမှုပြင်းလှသော နေမှု ဒဏ်အောက်တွင် ဆန္ဒဖော်ထုတ်နေကြသော အများပြည်သူ၏ အသံအား ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ကြိုးပမ်းနေသည့် သမ္မတတစ်ယောက်အတွက်လည်း ကောင်း၊ ပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိ အမှတ်ပြုရန် ကြိုးပမ်းဆောင်ရွက်နေသော သမ္မတတစ်ယောက် အနေဖြင့် ပြည်သူနှင့်တစ်သားတည်းရှိရန် လိုအပ်ပါသည်။

နိုင်ငံတကာအသိုင်းဝိုင်းက အသိအမှတ်ပြုထောက်ခံကြိုဆိုခဲ့သည်များ မှာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းလက်တွဲခေါ်ယူမှုသာဖြစ်ပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုများကို ထောက်ခံခဲ့ ပြီးနောက် နော်ဝေး၊ ဂျပန်၊ ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံတွေက အမေရိကန် ဒေါ်လာ ၆၀၀၉ သန်းသောကြွေးတွေလျှော်ပစ်ကာ ဥရောပနိုင်ငံ၏ ဝိတ်ဆို့မှု အားလုံး နီးပါးဖယ်ရှားပေးခဲ့ပါသည်။ "အမေရိကန် ပြည်ထောင်စုကလည်း ဝိတ်ဆို့အရေးယူမှုတွေကို ဖြေလျှော့ပေးခဲ့ပါတယ်။ ကုန်သွယ်မှု အကျိုးအခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေး(Generalized System Preference -GSP)တွေ ပြန်လည်ရရှိလာပြီး ဈေးကွက်ကြီးတွေ ပြန်ပေါ်ပေါက်လာပါတယ်။ ၂၀၁၃ ခုနှစ်မှာ ခရီးသွားဧည့်သည်အရေအတွက် ၂ သန်းအထိရောက်ရှိလာ ပါတယ်။ ခရီးသွားသင့်သော ကမ္ဘာ့နေရာတွေထဲမှာ ထိပ်ဆုံးအဆင့်မှာ (၇)နှစ်ဆက်တိုက် ပါရှိလာပါတယ်''ဟု သမ္မတ၏ ဂုဏ်ယူဝင့်ကြွားပြောကြားမှုတွေထဲမှာ ကြားသိရပါသည်။

**သမ္မတကြီးခင်ဗျား . . . . နိုင်ငံတကာ ကြွေးမြီများ လျှော်ပစ်မှု၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားမှုနှင့် နိုင်ငံတကာနှင့် အကျွမ်းတဝင် ဖြစ်လာပြီး ဈေးကွက်များရရှိလာမှု၊ ကမ္ဘာ့ခရီးသွား အောင်မြင်တိုးတက်မှုသည် ဒီမိုကရေစီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ပါဝင်ပတ်သက်လာမှုများပေါ်တွင် လားရာများဖြစ်တည် လာခဲ့ပြီဆိုတာ သမ္မတကြီးသတိပြုမိပါသလား။**

www.burmeseclassic.com

www.burmeseclassic.com



# လျှောင်သဟာ ပြောင်တာရှက်ရင်တော့ ထွက်ကြမှာပေါ့

ကျော်ကျော်နိုင်

ဒီမိုကရေစီနှင့် ဒေါ်အောင်ဆန်းစုကြည် RFA မှာ မေးမြန်းမှုတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ပြောကြားတဲ့ . .

"နိုင်ငံရေးဆိုတာ ဒီလိုပဲ တစ်ခါတလေစွန့်စားပြီး လုပ်ကိုင်ရတာပေါ့။ ပြောင်းသင့်ရင်လည်း ပြောင်းရတာပေါ့။ ဒီလိုပဲ လမ်းတစ်လမ်း ရွေးရတာပဲ။ အစ်မ ခဏ ခဏ ပြောပါတယ်။ တစ်ခါတလေ လမ်းဆိုတာ တစ်လမ်းတည်း ရှိတာ မဟုတ်ဘူး။ အဖြေဆိုတာ တစ်ခုတည်းရှိတာ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ်က ရွေးလိုက်ရတာပေါ့။ ရွေးပြီးတဲ့အခါကျရင် ကိုယ်ရွေးတဲ့လမ်းကို အောင်မြင်အောင် လျှောက်ရမှာပဲ။ ဒါပေမဲ့ ကိုယ်ရွေးတဲ့လမ်းက မဟုတ်တော့ဘူး၊ မဟာန်တော့ဘူးဆိုရင် လမ်းပြောင်းရဲတဲ့ သတ္တိကို ရှိရမှာပေါ့" ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

မြန်မာ့နိုင်ငံရေး ဒီမိုကရေစီခရီးကြမ်းမှာ NLD အနေနဲ့ တွေ့ကြုံနေရဆဲ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးပြဿနာပေါင်းများစွာ ရှိပါတယ်။ တပ်မတော်က သက်ဆင်းလာတဲ့ ကြံ့ခိုင်ရေးပါတီဟာ အမိန့်ပေးစနစ် အတိအကျရှိပြီး အောက်ဆက်ဆံရေးများမှာလည်း တစ်သားတည်းရှိနေပါတယ်။ ထို့အတူ ဒီမိုကရေစီမှ ခွဲထွက်ပါတီများကိုလည်း ထောက်ပံ့စည်းရုံးမှုရှိပြီး အရန်ပါတီများအဖြစ် လျှို့ဝှက်ဖွဲ့စည်းထားပါတယ်။ နိုင်ငံတော်ဘဏ္ဍာ အများအပြားကိုလည်း ကျေးလက်ဖွံ့ဖြိုးရေးခေါင်းစဉ်နဲ့လည်းကောင်း၊ သမဝါယမနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေး ရေလုပ်ငန်းဝန်ကြီးဌာန နှစ်ခုမှ ငွေအင်အားမြောက်များစွာဖြင့် ထောက်ပံ့ကူညီမှုများ ပြုလုပ်နေပုံမျိုးနဲ့ စည်းရုံးရေးများ ဆောင်ရွက်ဆဲဖြစ်တယ်။ ဥပမာ ရောဝတီတိုင်းဝန်ကြီးချုပ် ဦးအောင်သိန်း ပြောကြားရာမှာ နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်တဲ့ သမ္မတကြီး ဦးသိန်းစိန်ဟာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရပါတီရဲ့ လုပ်ငန်းတာဝန်တွေကို မဆောင်ရွက်ရ ... ဆိုတဲ့ ကန့်သတ်ချက်အရ မဆောင်ရွက်နိုင်ပေမယ့် ပါတီဥက္ကဋ္ဌတစ်ဦးဖြစ်ကြောင်း၊ ဒါကြောင့် မိမိတို့ ပြည်သူတွေက နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံရေးရာတွေကို ဆောင်ရွက်နေခြင်းအပေါ် အမြဲတမ်းအားပေးထောက်ခံပြီး ပိုင်းဝန်းကြိုးပမ်းဖို့လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးနဲ့ ကြံ့ခိုင်ရေးပါတီကို ထောက်ခံအားပေးကြဖို့ ပြောကြားသွားပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ အစီအစဉ်အရ သမဝါယမဝန်ကြီးဌာနမှ ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးနေသလို ကျေးလက်မွေးမြူရေးနဲ့ ရေလုပ်ငန်းဌာနများမှ ငွေအလုံးအရင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး ထောက်ပံ့မှုများကို ပြုလုပ်နေရာက ကြံ့ခိုင်ရေးပါတီရဲ့ ထောက်ပံ့မှုများအဖြစ် သွတ်သွင်းလာနေပါတယ်။

ပုဒ်မ ၄၃၆ပြင်ဆင်ရေးကို ဒေါ်အောင်ဆန်းစုကြည် အထူးအရေးပြုဆောင်ရွက်နေသူ ကြိုးပမ်းနေချိန်မှာ နိုင်ငံရေး မျက်လှည့်ပွဲအများအပြားကို တွေ့ကြုံနေကြရပါတယ်။ မျိုးစောင့် ဥပဒေအရှိန်တက်နေဆဲ ကာလမှာပဲ သန္တိသုခအရေးတော်ပုံဟာ မည်သည့်နေရာက အမိန့်ပေးလိုက်သည် မသိသဖြုန်းစားကြီးပေါ်ထွက်လာသလို၊ တစ်ချိန်တည်းမှာ PR စနစ်အား အမျိုး



www.burmeseclassic.com

www.burmeseclassic.com


သား လွှတ်တော်မှ အတည်ပြုလိုက်ပြန်ပါတယ်။ သို့ကလိုစိန်ခေါ်မှုများ စွာကြားထဲမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲခြေလှမ်းများ တုံ့ဆိုင်းဖွယ်ရာ ကြုံတွေ့နေရဆဲ ဤဒီမိုကရေစီ ခရီးကြမ်းမှာ ဒီမိုကရေစီရဲ့ အခက်အခဲ ပေါင်းစုံကို ဖြေရှင်းဖို့ရာ အရေးတော်ကြုံနေချိန်ကာလ အတောအတွင်း NLD ပါတီအတွက် ကြီးစွာသော စိန်ခေါ်မှုတစ်ရပ်ဖြစ် လာနေပါတယ်။ ကမ္ဘာနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီအရေးတွေ ဖိနှိပ်မှုများ လွှမ်းခြုံနေတဲ့ အခင်း အကျင်းမှာ တိုင်းရင်းသားများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း တစ်ဝက်တစ်ပျက်လမ်းခုလတ်မှာ အဆုံးမသတ်နိုင်အောင် အကွပ်မရှိသော တောင်းပမာအစအနပေါင်းများစွာကို ထိုးထိုးထောင်ထောင်ထားရှိနေတဲ့ အစိုးရသည် လည်းကောင်း။ လွှတ်တော်သည် လည်းကောင်း။ စစ်မှန်၍ နည်းလမ်းတကျရှိတဲ့ ဥပဒေအရမှုတတဲ့ အခင်းအကျင်းများကို ပြုမူဆောင် ရွက်လျက်မရှိဘဲ နိုင်ငံရေးအရ ရိုးသားစွာ ယှဉ်ပြိုင်နိုင်ခွင့်ကို ဒီမိုကရေစီစံချိန် စံညွှန်းများနဲ့ ရှေးရှုဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ဘယ်ကွေ့… ၊ ညာ ကွေ့…၊ ရှေ့တည့်တည့် မလျှောက်ဘဲ ခေါက်တုံ့ခေါက်ပြန် ဒယိမ်းဒယိုင်ဆွဲ နေမှုနဲ့ ပါကြုံတွေ့နေရပါတယ်။

ဤသို့ဆိုပါလျှင် လွှတ်တော်ထဲမှာ အတိုက်အခံရဲ့ တန်ဖိုးများကျဆင်း နေသော ဖြစ်ရပ်မှ ရုန်းထွက်နိုင်ရန် နည်း လမ်းတစ်လမ်းသာရှိပါတော့တယ်။ ဒေါ်အောင်ဆန်းစုအား ရုပ်ပြခေါ်ဆောင်ထားတဲ့ လွှတ်တော်မှ သိသာ ထင်ရှားတဲ့ ပြသမှုတစ်ခုအနေနဲ့ ရုန်းထွက်လာခဲ့ပြီးတော့ ပြည်သူခေါင်းဆောင် အဖြစ် ဆက်လက် တိုက်ပွဲဝင်ဖို့ နည်းလမ်းတစ်ခုကို ထပ်မံရွေး သင့်ပါတယ်။ မျောက်ပြဆန်တောင်းနေတဲ့ ကမ္ဘာကို မျက်လှည့်ပြနေတဲ့ အနီလွှတ်တော်မှာ ဆက်လက်ရပ်တည်နေခြင်းဟာ အကျိုးမရှိပါကြောင်း သိသာထင်ရှားလှ ပါတယ်။

လတ်တလောဖြစ်ပျက်တာတွေကြည့်ပြီး အဖိုးသခင်ကိုယ်တော်မှိုင်းရဲ့ သိင်္ဂီလဓာတ်ဘွဲ့ ချေးငွေ့ကာထဲမှ လေးဆစ်တစ်ပုဒ်ကို ပြေးသတိရမိပါတော့ တယ်။

www.burmeseclassic.com



ဒီအောင်ဆယ် အမှတ်မင်းတွေကြောင့်
မြိုင်ချောင်လယ် ရေပ်အတွင်းဆီက
(အိုကွယ်)ကျက်သမင်းရယ်တို့ ညည်းမိတယ်။

(ဩော်)ပြောဆိုလို့ မရတာကြောင့်၊
သဘောအလို ပြောရမှာဖြင့်
ကျောကိုချခါမှ ဒမြေအမှန် သိသည်သို့၊
ပဏ္ဍိတာ လူလိမ်မာတို့
ယူချိန်စာ သိသင့်ကောင်းပြီလို့ အောင်းမေ့သကွယ်။

ဝင်မလေ အချောင်စရိုက် ဖျင်းသူတို့၊
ဆင်သေကောင် ဗိုက်အတွင်းမှ
မိုက်မလင်း ချွေးသဖွယ်
(အို) အရေးနှယ်တူတော့။

မှူးမတ်ခွင်၊
ပူးသတ်မယ် အနိုင်ဝင်တဲ့၊
ဗိုင်သဘင် မြိုင်ယှဉ်ချက်တွင်မှ
အလွတ်နော် ဖွတ်ကော်လို့ ဖျက်တဲ့ပြင်၊
လျောင်သဟာ ပြောင်တာရှက်ရင်တော့၊
(အို)ကွယ် ထွက်ကြမှာပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com



# သမ္မတကြီးကို ခွေးဖြစ် နွားဖြစ် မပြောသင့်

ကျော်ကျော်နိုင်

အများပြည်သူက Bullet လုဆွေဟု လူသိများသော ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ မှတ်သားစရာစကားများကို ဖတ်မိကြပါလိမ့်မည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ဖို့ နှစ်ဦးနှစ်ဖက်ယုံကြည်မှုရရှိမည့် ခိုင်မာတဲ့ အခြေခံမှုများ ချမှတ်ရေးအဆိုကို အမတ် ၁၆ဦးမှ ဝိုင်းဝန်းဆွေးနွေးကြရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ် ၁၂ လွှတ်တော်အမှတ်ဖြစ်သူ ဦးလှဆွေသည် ငြိမ်းချမ်းရေးသဘောထားကို ဆွေးနွေးရာ၌ ''ရှေ့လက်နဲ့ခေါ်လို့မလာရင် KIA ကို Bullet (ကျည်ဆန်)ပဲပေးရင် ကောင်းမယ်''ဟု ပြောခဲ့ကြောင်းနှင့် ၎င်းကဆက်လက်၍ ပြောကြားရာတွင် အမေရိကန်နှင့် ဂျပန်အကြားမှာလည်း အဏုမြူဗုံးနှစ်လုံးကို အမေရိကန်က ကြဲလိုက်တယ်။ အဲဒီတော့ ဟိုကောင် (ဂျပန်)က ချက်ချင်းလာပြီး စစ်သဘော်ပေါ်မှာ ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com


ရေးလုပ်ပါပြီဆိုပြီး လက်မှတ်ထိုးသွားတယ်။ သီရိလင်္ကာမှာလည်း တမီးလ်သူပုန်တွေကို အပြတ်ချေမှုန်းပြီး ငြိမ်းချမ်းရေးကို တည်ဆောက်တယ်လို့ ငြိမ်းချမ်းရေးအတွက် မှတ်သားစရာစကားများပြောခဲ့တယ်။ ၉–၂–၂၀၁၂က အမျိုးသားလွှတ်တော်မှာ "အခုပြောတာ ပါတီကိုယ်စားပြောတာပါ။ ရခိုင်ကိုယ်စားလှယ် ငါးဦးပြောရင် ငါးဦးစလုံး လျှပ်စစ်တောင်းတယ်။ ကျောက်ဖြူလူထုအစည်းအဝေးတုန်းက ရွှေဂတ်စ်က လျှပ်စစ်မရရင် လူထုဆန္ဒပြမယ်လို့ပြောတယ်။ မိုးကုတ်က ကျောက်ထွက်လို့ မိုးကုတ်ကိုပေးရမလား။ ရေနံချောင်းက ရေနံထွက်လို့ ရေနံချောင်းကိုပေးရမလားဆိုပြီးတော့ ဒေါ်မာန်အပြည့်နှင့် ကြိမ်းမောင်းသွားတယ်လို့ဆိုပါတယ်။

တစ်ခါကလည်း NLD နဲ့ပတ်သက် လို့ အလွန်အကျွံပြောတဲ့အခါ NLDက တရားစွဲမယ်လို့ အသံတွေထွက်လာတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အသုံးကျတယ်လို့ ဆိုတာပါ။ ကျန်တဲ့သူတွေက ကမ္ဘာကတောင်အသိမှတ်ပြုထားတဲ့ ဒေါ်စုကြည်နဲ့တစ်တန်းတည်းအသုံးကျတယ်လို့ အပြောခံချင်တာလား။ ဒေါ်အောင်ဆန်းစုကြည်မှာ ဆုတွေအများ ကြီးရထားတယ်။ သူတို့တွေ ဘာဆုတွေ ရဖူးလို့လဲ။ ဆရာနဲ့တစ်တန်းတည်းမဖြစ်ချင်ပါနဲ့။ ဆရာက ဆရာ။ တပည့်က တပည့်ပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ယှဉ်လို့မရပါဘူး။ ဦးဝင်းထိန်က ကျွန်တော့်အစ်ကိုကြီးပါပဲ။ သူက တရားစွဲမယ်ဆိုတော့ အမှန်ပြောလို့ နာတာလားလို့ ပြန်မေးချင်တယ်ဗျာ" ဟု ဦးလှဆွေက ဆိုသည်။

၆–၄–၂၀၁၄ကလည်း အမိန့်နှင့်ညွှန်ကြားချက်များသည် ဥပဒေကိုကျော်လွန်နေ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလက်တွန့်နေသည် အဓိကအကြောင်းဖြစ်နေသည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောပါတယ်။ "ကျွန်တော်တို့ ဒီဥပဒေအတွက် လွှတ်တော်ထဲမှာ အသည်းအသန်မဲခွဲခဲ့ရတာပါ။ ကျွန်တော်တို့နိုင်ငံမှာ ၂၀ ပဲဝင်နိုင်တဲ့ လူတန်းစားကများတယ်။ ရာခိုင်နှုန်း ၅၁ ထည့်ဝင်နိုင်တာက လက်တစ်ဆုပ်စာပဲရှိတယ်။ ဒါကြောင့် ၂၀–၈၀ဖြစ်ဖို့ မဲခွဲခဲ့ရတာ လွှတ်တော်က အတည်ပြုထားတယ်။ ဒါကို အမိန့်ညွှန်ကြားချက်မှာကျတော့ ၄၉–၅၁ဖြစ်နေတယ်။ အမိန့်၊ ညွှန်ကြားချက်က


www.burmeseclassic.com

www.burmeseclassic.com



ဥပဒေကို ကျော်သလို ဖြစ်နေတယ်။ ဒါမဖြစ်သင့်ဘူး။

"ကျွန်တော်တို့ လွှတ်တော်က ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ်၊ အမိန့်ညွှန်ကြားချက်ကတော့ ထွက်နေမှာပဲဆိုတဲ့သဘော ဖြစ်နေတယ်။ လွှတ်တော်က ဆုံးဖြတ်ထားတာက အလကားဖြစ်သွားတာပေါ့။ ဒါကြောင့် မေးခွန်းမေးခဲ့တာပါ"ဟု ဦးလှဆွေက ပြောခဲ့ပါတယ်။ ဆက်လက်၍ ပြောကြားရာမှာ မြေငှားရမ်းမှုများတွင်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကနဦးနှစ် ၅၀၊ ထပ်တိုး ၁၀ နှစ် နှစ်ကြိမ်ဟု ဖော်ပြထားကြောင်း၊ ဓာတ်သတ္တုတူးဖော်ရာတွင် မူစွင့်ပြုသက်တမ်း ၁၅နှစ်၊ ထပ်တိုးအဖြစ် ၅နှစ် လေးကြိမ်ဟု ဖော်ပြထားသည့်အတွက် ၃၅နှစ်သာရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်သတ္တုတူးဖော်ရေးကို ငှားရမ်းနှစ်တိုးမြှင့်ပေးသင့်ကြောင်း၊ သို့မှသာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဂရုစိုက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် တိုက်ပွဲ၌ ကျဆုံးသွားသော တပ်မတော်သားများအား ပေးအပ်သည့် ထောက်ပံ့ကြေးများသည် ကမ္ဘာကျော်အဆိုတော် ဂျနီဖာလိုပက်စ်၏ တင်ပါးတစ်ခြမ်းကို အာမခံထားရှိမှုမျှသာရှိကြောင်း တပ်မတော်အရာရှိဟောင်းတစ်ဦးဖြစ်သည့် ဦးလှဆွေမှ လွှတ်တော်အတွင်း ဝေဖန်လိုက်သည်။ နှိုင်းပဲနှိုင်းတတ်ပါ၏။ ဦးလှဆွေ၏ ပါးစပ်အား အာမခံထားရှိလျှင် ဤမျှလောက် (ဂျနီဖာလိုပက်၏ တင်ပါးတစ်ခြမ်းစာ) ရမည်ဖြစ်ပါသည်။ ကြံ့ခိုင်ရေးပါတီ၏ ပြောခွင့်ဆိုခွင့်ရသူဟု ထင်ရသော လွှတ်တော်ကိုယ်စားလှယ်ကြီးသည် မခြွင်းမချန်ပြောတတ်သူတစ်ယောက်လား။ လူကြီးဆန်စွာ မပြောတတ်သူလားဟု ဝေခွဲရခက်ပါသည်။

သာသနာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ အမည်စာရင်းပေး ပို့ထားသော ဦးစိုးဝင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် "သူဦးဆောင်ညွှန်ကြားရေးမှူးလုပ်တုန်းက စက္ကူဝယ်တာနှင့်ပတ်သက်ပြီး သိန်းထောင်ချီပြီး ငွေကွာမှုဖြစ်တယ်။ အဲဒီအမှုက အခုထက်ထိမပြီးသေးဘူး။ သူက ဦးကျော်ဆန်း တပည့်ကြီးဆိုတော့ ဦးကျော်ဆန်းက သူ့ကိုရာထူးတိုးပေးလိုက်တာ" ဟု ငွေရေးကြေးရေး

www.burmeseclassic.com



ပတ်သက်၍ ဦးစိုးဝင်းမှာ နာမည်ပျက်ရှိကြောင်း ဦးလှဆွေက ဆိုပါသည်။ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရပါက ဝန်ကြီး၏ အရှိန်အဝါကို အသုံးချ၍ ဖော်ပြပါကိစ္စများအား ရှောင်လွှဲသွားရန် အခွင့်အရေးရရှိသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားပါသည်။ ဦးလှဆွေသည် ဒွဲတိုးဝေဖန်တတ်သော၊ အမှန်တရားကို ဖော်ထုတ်တတ်သော လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖြစ်တည်ရှိနေပြန်ပါသည်။

အထက်မှ ပြောခဲ့သော အလွဲများသည် ယခု ဦးစိုးဝင်းအား ဝေဖန်သည့်အခါကျမှ အသားကျသလိုဖြစ်သွားပါသည်။ မရှိမကောင်းနှင့် မပေါင်းလည်းခက် ပေါင်းလည်းခက်၏ ဆိုသည့်စကားသည် ဦးလှဆွေအတွက်များဖြစ်နေလေမလား မသိပါ။ ကိုယ့်ဆရာကြီး သတိမထားမိသော စကားတစ်ရပ်မှာ ဦးဆန်းဆင့်နှင့် ပတ်သက်၍ပြောရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးလှဆွေအနေနှင့် အစိုးရ၏ ယခုဆောင် ရွက်မှုအပေါ် ''သူ့အပြစ်ရှိလို့ အရေးယူတာဖြစ်မှာပေ့ါ။ အစိုးရအဖွဲ့ဆိုတာကလည်း အပြစ်မရှိဘဲနဲ့တော့ အရေးယူတာမတွေ့ဘူး။ ဒါ နံပါတ်တစ် အချက်ပေ့ါ။ ပြီးရင်ဝန်ကြီးဗျာ။ ရိုးရိုးအရပ်သားမှ မဟုတ်တာ၊ သေချာမှ အရေးယူမှာပေ့ါ။ နံပါတ်နှစ်အချက်က ကျွန်တော်တို့ သမ္မတဦးသိန်းစိန်က အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်တယ်။ သူက သူ့အစိုးရအဖွဲ့မှာ သူက ရှေ့က ဆွဲလို့ရှိရင် နောက်ကစွပ် ဖားလေးနဲ့ လိုက်နေရင်တော့ အဆင်ပြေတာပေ့ါ။ သူကရှေ့ဆွဲနေတဲ့ဟာ နောက်က ထယ်ထိုးပြီးလိုက်နေရင်တော့ သူက လက်တွဲဖြုတ်မှာပဲလေ'' တဲ့။ ဆရာလှဆွေ သို့ကလို ပြောလိုက်ပါမှ ကျွန်တော်တို့ သမ္မတကြီးလည်း ခွေးရော၊ နွားရောဖြစ်သွားပါသည်။ နည်းနည်းဆင်ခြင်ပြောကြပါခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com



# ဒီမိုကရေစီနဲ့ ဆားတစ်ဆုပ်

ကျော်ကျော်နိုင်

ရဲဘော်ကြီး ဇော်ငြိမ်းလတ်ရေ

ဗမာပြည်မှာ ဒီမိုကရေစီတိုက်ပွဲဟာ ငွေရတုကျော်လာခဲ့ပြီဖြစ်လို့ အကျိုးအမြတ်ကိုပြန် လည်တွက်ဆကြည့်တဲ့အခါမှာ ပြည်တန်ပတ္တမြားနဲ့ဆား တစ်ပိဿာလဲ လိုက်တယ်လို့ သုံးသပ်ရေးထိုးလိုက်တဲ့ ခင်ဗျားဆောင်းပါး ကိုကျွန်တော်ဖတ်လိုက်ရတဲ့အခါမှာ ဟုတ်ပါ့မလား မောင်ကာလုရေလို့ ကိုလေး(၇၄)ကို တစ်ခါတည်း မေးလိုက်ချင်ပါတယ်။ ကိုလေး(၇၄) ကလည်း ဖွဲ့စည်းပုံမပြင်ဘူး၊ ဒီမိုကရေစီလည်း မရဘူးဆိုရင် ရှစ်ဆယ့်ရှစ်လုပ်တာကို ကျွန်တော် မှန်းတယ်လို့ ရေးခဲ့ပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ရှစ်ဆယ့် ရှစ်လုပ်တာ ပြည်သူတွေ အတွက်မဟုတ်ဘဲ ဗိုလ်ချုပ်ကြီးတွေရဲ့ အသိုင်း အဝိုင်းသာ ချမ်းသာကုန်ကြပြီး ပြည်သူတွေက တော့ ပိုမိုဆင်းရဲကြပ်တည်းတဲ့ ဘဝနဲ့ပဲရပ်တည်နေခဲ့ရတယ်။ ရှစ်ဆယ့်ရှစ်အကျိုးအမြတ်အဘိုးအပွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုသူတို့အတွက် လုပ်ပေးရသလိုပဲ ဖြစ်ကုန်နေတာပေါ့။ အခုလည်း ခင်ဗျားက ရှစ်ဆယ်ရှစ်ရဲ့ ရလဒ်ပြည့်တန်ပတ္တမြားကို ဆားတစ်ပိဿာရဲ့ တန်ဖိုး လောက်သာရရှိတယ်လို့ ဆိုလိုက်တော့ လွန်တယ်လို့မထင်ပါဘူး။

၁၉၈၈ခု မတ်လဆန်းက အစပျိုးခဲ့တဲ့ အာဏာရှင်ဆန့်ကျင်ရေး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလူထုအရေးတော်ပုံကြီးဟာ ၁၉၈၈ခုနှစ် စက်တင်ဘာလ(၁၈)ရက်နေ့မှာ သမိုင်းတစ် လျှောက်မကြုံဖူးတဲ့ အပြင်း

**ကျွန်တော်တို့ရဲ့အားကိုးစရာ အတိုက်အခံ ခေါင်းဆောင်ဆိုတာလည်း တချို့လွှတ်တော်ထဲမှာ ပုန်းကွယ်သွားကြသလို တချို့ကလည်း သမ္မတကြီးဘေးမှာ ကွယ်ဝှက်နေကြပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ဟားတစ်ပိုင်း ငါးတစ်ပိုင်းများကို ရွှေငါးထင်ပြီး ဖန်ပေါင်းချောင် လုလုလေး ထဲထည့်မွေးခဲ့တဲ့အဖြစ်ဟာ အချိန်တန်တော့လည်း အမြီးကတိုဝင်ပြီး ခြေထောက်ပေါက်ကာငွေဖားတွေအဖြစ်နဲ့ ဖန်ပေါင်းချောင်ထဲက ထွက်သွားတာ တွေ့မြင်နေရတာပါပဲ။**

ထန်ဆုံးအဆိုးဝါးဆုံး အကြမ်းဖက်ဖြိုခွင်းတိုက်ခိုက်မှုအောက်မှာ နိဂုံး ချုပ်ခဲ့ရတယ်။ အာဏာရှင်သက်တမ်း တစ်လျှောက်မှာ လမ်းပေါ်မှာ ထင် ထင်လင်းလင်း ပစ်သတ်ခဲ့ကြသလို၊ စစ်ကြောရေးစခန်း များနဲ့ အကျဉ်း ထောင်များမှာ စစ်ထောက်လှမ်း ရေးနဲ့ အာဏာရှင်လက်ကိုင်တုတ်များ ဖြစ်ကြသော ထောင်မှူးထောင်ပိုင်တို့ရဲ့ နှိပ်စက်မှုများ အောက်မှာ အသက် ပေးခဲ့ကြရတဲ့ ကျောင်းသား ပေါင်းများစွာ၊ လူငယ်ပေါင်းများစွာ၊ ပြည်သူ ပေါင်းများစွာ စတေးခံခဲ့ကြရပါတယ်။ သက္ကရာဇ် နှစ်ထောင်ကျော်မှာ စန်းထလာခဲ့ကြတဲ့ စွမ်းအား ရှင် အများစုရဲ့ ရိုက်နှက်ညှဉ်းပမ်းသတ်ဖြတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကို ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအထိ စတေးခံခဲ့ကြရတယ်။ ဒီပဲယင်း လူသတ်မှုကြီး ကိုလည်း ပြောင်ပြောင်တင်းတင်း ရက်စက်ပြခဲ့ ကြပါတယ်။ ဒီလိုအဖြစ်ဆိုးတွေ၊ ဖြစ်ရပ်တွေက ကင်းလွတ်ပြီလားလို့ မေးခဲ့ရင်မကင်း လွတ်သေး တာကြောင့် လက်ပံတောင်းတောင်နဲ့ မိုးထိမိုးမိကဖြစ်ရပ်တွေ ထွန်တုံးတိုက်ပွဲတွေရဲ့ အဖြစ်သနစ်တွေက သက်သေခံလျက်ရှိနေပါတယ်။

ဒီလိုတရားစီရင်ရေးနဲ့ လူ့အခွင့်အရေးဆို တာတွေဟာ ပြည်သူ့ ဘက်မှာတစာစာ အော်နေပေမယ့် လွှတ်တော်နဲ့ အစိုးရ တပ်မတော်တွေက မသိကျိုးကျွံပြုနေကြပါတယ်။

ကျွန်တော်တို့ရဲ့အားကိုးစရာ အတိုက်အခံ ခေါင်းဆောင်ဆိုတာလည်း တချို့ လွှတ်တော်ထဲမှာ ပုန်းကွယ်သွားကြသလို တချို့ကလည်း သမ္မတ ကြီးဘေးမှာ ကွယ်ဝှက်နေကြပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ဖားတစ်ပိုင်း ငါးတစ်ပိုင်း များကို ရွှေငါးထင်ပြီး ဖန်ပေါင်းချောင် လှလှလေး ထဲထည့်မွေးခဲ့တဲ့ အဖြစ်ဟာ အချိန်တန်တော့လည်း အမြီးကတိုဝင်ပြီး ခြေထောက်ပေါက်ကာငွေဖားတွေအဖြစ်နဲ့ ဖန်ပေါင်းချောင်ထဲက ထွက် သွားတာ တွေ့မြင်နေရတာပါပဲ။ ကျွန်တော့်ရဲ့ အဖြစ် အပျက်တစ်ခုကိုတော့ ကိုဇော်ငြိမ်းလတ်သိအောင် ပြောပြလိုပါတယ်။

တစ်ခါကကျွန်တော်တို့ သဘင်မဂ္ဂဇင်းမှာ မုန့်ဟင်းခါးဆွမ်းကျွေးခဲ့ပါ တယ်။ မုန့်ဟင်းခါးဟာ အတော်လေးပေါ့ပါတယ်။ အဲဒီပေါ့တဲ့ မုန့်ဟင်း ခါးကို စားမိတဲ့ စာရေးဆရာမကြီးတစ်ဦးက ဆားတစ်ဆုပ်ယူပြီး မုန့်ဟင်း ရည်ကိုသွား ပြင်ပါတယ်။ တစ်ခါပထမလူဆားထည့်သွားမှန်း မသိတဲ့ စာရေး ဆရာကြီး တစ်ဦးကလည်း စေတနာဗလပွနဲ့ ဆားတစ်ဆုပ်ထည့်ပြီး မုန့် ရည်ကိုပြင်ပါတယ်။ အဲဒီလိုတစ်ယောက်ပြီး တစ်ယောက် ဆားတစ်ဆုပ် စီမုန့်ဟင်းရည်ထဲထည့် တာအပေါ်ထပ်က မြင်လိုက်ရတဲ့ အပေါင်းအသင်း များက ဒီလိုထင်သွားပါတယ်။ အော် သူတို့ဆီမှာ စားပြီးတိုင်း ဆားတစ်ဆုပ် ထည့်ရတယ်။ ဒီလိုထင်သွားပြီးတော့ သူတို့ကလည်း ဘာမသိညာမသိနဲ့ စားပြီးသူတိုင်းဆားတစ်ဆုပ်စီ ထည့်ကြပါတော့တယ်။ ဒီလိုနဲ့ပဲ ငံတူးပြီး ပျက် သွားတဲ့ ဟင်းရည်အိုးကြီး အဖြစ်အဖတ်တင် သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ငြိမ်းလတ် ခင်ဗျား.......

ကျွန်တော့်ရဲ့ ဒီမိုကရေစီဟင်းအိုးကြီး ကတော့ ဘာမသိညာမသိနဲ့ တစ်ယောက် တစ်ဆုပ်ဝင်ရောက်ဆားဖြူး ကြတဲ့အတွက် သွန်ပစ်လိုက်ရကြောင်းပါခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com



# ဒီမိုကရေစီနှင့် ဆယ်လီဘရယ်တီ

ကျော်ကျော်နိုင်

ကျွန်တော်တို့ ငယ်ငယ်တုန်းက တရုတ် မြန်မာအရေးအခင်း၊ အလုပ်သမားအရေးအခင်း၊ ဦးသန့်အရေးအခင်း၊ ရွှေတိဂုံအရေးအခင်း၊ မိုင်းရာပြည့်အရေးအခင်းတို့တွင် ခေါင်းဆောင်မရှိခဲ့ကြပါ။ ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံကို လည်မှာ ဆွဲ၍ တိုက်ပွဲဝင်ခဲ့ကြသည်။ ၈၈ နောက်ပိုင်း မှာတော့ ခေါင်းဆောင်တွေ ပေါ်လာပြီဟု အများ ပြည်သူတွေက ယုံကြည်ခဲ့ကြပါသည်။ ၂၆ နှစ် ကျော် ၂၇ နှစ်ထဲ ရောက်လာမှ ကျွန်တော်တို့ အဖြစ်သည် (Leadership) ဟုခေါ်သော ကျွန်တော်တို့ကို ခေါင်းဆောင်ကြသည့် ခေါင်းဆောင်များမှာ နာမည်ကျော်ကြား လူကြိုက်များသော Celebrity ဆယ်လီဘရိတီလားဟု ဝေခွဲစရာ။ နိုင်ငံရေးခေါင်းဆောင်ကောင်းလား၊ Celebrity ဆယ်လီဘရိတီလားဟု သိသာနိုင်ရန် ကျွန်တော်တို့မှာ အတိုင်းအတာတစ်ခု လိုနေပြီဖြစ်ပါသည်။ (ဥပမာ) NGO ခေါင်းဆောင်များသည်လည်း သူတို့ကိုယ်သူတို့ နိုင်ငံရေးခေါင်းဆောင် များဟု ယုံမှတ်၍ နိုင်ငံရေး

www.burmeseclassic.com



ခေါင်းဆောင်ဟု ယုံကြည်နေပါသည်။ (ဥပမာ) အများပြည်သူ အကျိုးကို ထက်ထက်မြက်မြက် ထမ်းဆောင်နေ သော နာရေးကူညီမှုကဲ့သို့ အသင်းအဖွဲ့ များသည် လူမှုရေးခေါင်းဆောင်သာဖြစ်၍ နိုင်ငံရေးခေါင်း ဆောင် မဟုတ်ပါ။

နိုင်ငံရေးသည် နိုင်ငံအတွက် အရေးအရာလုပ်သူတိုင်းကို နိုင်ငံရေးသမားများဟု ခေါ်ဆို နိုင်သော်လည်း နိုင်ငံရေးလုပ်သူတိုင်း နိုင်ငံရေး ခေါင်းဆောင်မဟုတ်ပါ။ Leadership လီဒါရှစ် ဆိုသူမှာ လူဦးရေ သန်းပေါင်းများစွာရှိသော နိုင်ငံ တော်မှ တစ်ဦးစတစ်ယောက်စ ရှားရှားပါးပါး ပေါ်ထွန်းလာသူများ ဖြစ်ပါသည်။ **Celebrity ဆယ်လီဘရိတီ** ဆိုသည်မှာ နာမည်ကျော် ကြား လူကြိုက်များသော **ဟော့** ဖြစ်ကြသူများ ကို ခေါ်ပါသည်။ **Celebrity ဆယ်လီဘရိတီ** တိုင်းမှာ **Leadership လီဒါရှစ်** မဟုတ်ပါ။ ကျွန်တော်တို့ ၈၈ အရေးအခင်းတွင် **Celebrity ဆယ်လီဘရိတီ** ပေါင်းများစွာ ပေါ်ထွက်လာ သည်ဟု ထင်ပါသည်။ **Celebrity ဆယ်လီဘရိတီ** နှင့် **Leadership လီဒါရှစ်** ဆိုသည် မှာ ....

ခေတ်ဆန်သူနှင့် ခေတ်မီသူ ကွာခြားသလို ကွဲပြားခြားနားပါသည်။ ခေတ်ဆန်သည်ဆိုရာ၌ အဝတ်အစားဟန်ပန် တန်ဆာဆင်၍ အမျိုးမျိုး ခေတ်နှင့်အညီ နေထိုင်သူများကို ခေါ်ပြီး ခေတ်မီ သည်ဆိုရာ၌ အတွေး အခေါ်ကို ခေါ်ဆိုပြီး အတွေးအခေါ်အယူအဆအရ ဘုရားလက်ထက် က ပေါ်ပေါက်လင့်ကစား ယနေ့ခေတ်အထိ အသုံးဝင်လျှင် ခေတ်မီသည်ဟု ဆိုနိုင်ပါသည်။

Celebrity ဆယ်လီဘရိတီ ဆိုသည်မှာ ရုပ်ရှင်စာပေအနုပညာ ရှင်များနှင့် အားကစား သမားများ အစရှိသည့် အောင်မြင်ကျော်ကြား သော လူပုဂ္ဂိုလ်များ၏ လှုပ်ရှားမှုအကြောင်းကို လူအများသိရှိစေရန် ရေးသား တင်ပြသောသတင်း ကဏ္ဍဖြစ်သည်။ နာမည်ကြီးသူများ၏အကြောင်း ဟု ယေဘုယျ သိရှိနားလည်ရပါသည်။

နာမည်ကြီးကျော်ကြားမှုနှင့် ဩဇာတိက္ကမ ကြီးမားမှုတို့သည် တူမယောင်နှင့် ကွာခြားပါ သည်။ အနုပညာနယ်ပယ်၌ နာမည်ကြီးမားသူများရှိသလို နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်၌ ဩဇာတိက္ကမကြီးမားသူများ လည်း ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကျော်လူသိများသည့် အော်ပရာဝင်းဖရေး (Oprah Winfrey) ၊ အမေရိကန်သမ္မတ ဟောင်း ဘီလ်ကလင်တန် (Bill Clinton)၊ အဆိုတော်ရုပ်ရှင်မင်းသမီးမက်ဒေါနား(Madonna) စသူတို့သည် အထူးထင်ရှားကျော်ကြားကြပြီး သူတို့ကို ဩဇာတိက္ကမကြီးမားသူများဟု သတ်မှတ်ထားကြပါသည်။ လူထုပရိသတ်ကို အထူးဆွဲဆောင်တတ်ပြီး မြင်ကွင်းထဲရှိနေ တတ်ကြသူတွေ ဖြစ်ပါသည်။ သူတို့သည် အမှန်တကယ် ဩဇာတိက္ကမကြီးမားစွာဖြင့် ဘဝကို ဦးဆောင်နိုင်ကြသူများ ဖြစ်ပါသည်။

တကယ်တော့ ဩဇာတိက္ကမကြီးမားမှုနှင့် အမည်ကြီးကျော်ကြားမှုတို့သည် မတူပါ။ ဒါပေမဲ့ တစ်ခုနှင့်တစ်ခု တူသယောင်သယောင်ဖြင့် ရောထွေးမှားယွင်းတတ်ကြပါသည်။ တစ်ခါတစ်ရံ ဩဇာတိက္ကမကြီးမားမှုနှင့် ထင်ရှားကျော် ကြားမှုတို့သည် အတူယှဉ်တွဲ လက်တွဲသွား တတ်ကြသည်လည်း ရှိသည်။

ဂျာမန်လူမှုဗေဒပညာရှင် မက်ဝက်ဘာ(Max Weber) က ဩဇာတိက္ကမကြီးမားသူ ခေါင်းဆောင်တွေအကြောင်း ပြောခဲ့ဖူးပါသည်။ ထူးခြားသည့် အရည်အချင်းရှိသူတစ်ယောက် သည် လူမြင်ကွင်းမှာပေါ်လာနိုင်ပြီး လူများအား ဆွဲဆောင်တတ်ပါသည်။ လူတွေကလည်း သူ့ နောက်သို့ စိတ်ရောကိုယ်ပါ လိုက်ပါတတ်ကြပါ သည်ဟုဆိုသည်။ နောက်လိုက် နောက်ပါများအား ဆွဲဆောင်နိုင်သည့် အရည်အချင်းထူးရှိသော ဩဇာတိက္ကမကြီးမားသူများနှင့် အောင်မြင်ကျော်ကြားသည့် လူမျိုးတို့ကို ခွဲခြားပြောပြနေခြင်းဖြစ်ပါသည်။ ဒါပေမဲ့ အောင်မြင်ကျော်ကြား မှုဟူသည်မှာ လူမှုရေး တည်ဆောက်ခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့်ပင် နောက်လိုက်တွေက ဦးဆောင်သူအတွက် အနှစ်သာရရှိရှိ ဖန်တီးပေးကြခြင်းဖြစ်ပါသည်။ ထို့အတူ လူထုက အောင်မြင်ကျော်ကြားမှုတွေကို ဖန်တီးလုပ်ဆောင်ကြသည်။ သို့သော်လည်း တချို့ကျော်ကြားမှုများသည် တကယ့်ဩဇာတိက္ကမအစစ်တွေဖြစ်သည်။

တစ်ဦးချင်း တကယ့် ဩဇာတိက္ကမအစစ်အမှန်၏ အရည်အချင်းထူးသည် လူမှုရေးနှင့် စိတ်လှုပ်ရှားကျွမ်းကျင်မှုတွေ ရောထွေးနေလျက် သိရခက်ခဲရှုပ်ထွေးမှုများ ရှိနေသည်။ Bill Cliton တို့ Oprah Winfrey တို့လို တကယ့်ဩဇာ တိက္ကမကြီးမားသူများနှင့် တွေ့သိရသော အခါ

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှု ပြုလုပ်လိုသည့် စိတ်ခံစားမှု ဖြစ် ပေါ်လာတတ်ပါသည်။ ကျွန်တော်/ကျွန်မတို့ အခန်းထဲမှာ တစ်ယောက်တည်း ရှိနေသလိုခံစားမှုဖြစ်ရပါသည်ဟု လူတွေက ပြောကြပါသည်။

ဤလိုထူးခြားသည့် ကျွမ်းကျင်မှုတွေဆို သည်မှာ မည်သည့်အရာများ ပါနည်း။

(၁) မှန်ကန်သည့်နည်းလမ်းတစ်ခုဖြင့် အခြားသူများအား စိတ်လှုပ်ရှားခံစားချက်ဖော်ပြ မှုပေါ်လာအောင်ပြုလုပ်နိုင်သည့် အရည်အချင်း။

(၂) အခြားလူများ၏စိတ်လှုပ်ရှားမှုကို သိ နိုင်စွမ်းရှိပြီး သူတို့အပေါ် တုံ့ပြန်နိုင်သည့် အရည်အချင်း။

(၃) အပြန်အလှန်အကျိုးပြုမှု၏ စိတ်လှုပ် ရှားသံကို ထိန်းသိမ်းနိုင်သည့် ကျွမ်းကျင်မှု။

(၄) နေတတ်ထိုင်တတ်မှုဟု ခေါ်သည့် လူမှုအနေအထား၏ နားလည်မှုနှင့် ခက်ခဲနက်နဲ သည့်ကိုယ်တိုင်တင်ပြမှု .....စသည်များ ဖြစ်ကြပါသည်။

**စင်ပေါ်** မှာ **ထင်ပေါ်လို**သူနှင့် ဝါးတားတားဖြစ်နေသော မြင်ကွင်းကို ကြည့်မြင်နိုင်စွမ်းရှိအောင် ကျွန်တော်တို့အတွက် ပေတံတစ်ခုလိုအပ်ပါမည်။ ၎င်းပေတံမှာ **တိုတိုစိကျဉ်း** ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတစ်ယောက်သည် အမြင်မတိုရပါ။ အရှည်ကို ကြည့်ရပါမည်။ ခေါင်းဆောင်ကောင်း **တစ်ယောက်**သည် အတွေးတိမ်၍မရပါ။ တွေးတောထင်မြင်နိုင်စွမ်း ရှိရပါမည်။ **ခေါင်းဆောင်**ကောင်းတစ်ယောက်သည် အမြင်ကျဉ်း၍ မရပါ။ ကမ္ဘာနှင့်အဝှမ်း **နိုင်ငံရေး**ဖြစ်စဉ်မှာ ရှေ့ရေးကိုတွက်ဆနိုင်ရပါမည်။ အမြင်ကျယ်ပြန့်မှု လိုပါသည်။ **ခေါင်း**ဆောင်ကောင်းနှင့် **Celebrity ဆယ်လီဘရိတီ** ခွဲခြားသိပြီး **သူတို့က** **အတိုင်း**အတာနှင့်သုံးသပ်မှသာလျှင် ဒီမိုကရေစီရရှိမည် ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်အောင်ဆန်းစုကြည်နှင့် အမှုတွဲများ

ကျော်ကျော်နိုင်

ယခုတလောခေတ်စားနေသော သတင်းများထဲတွင် ရန်ကုန်မြို့သစ်စီမံကိန်းအပါအဝင် ဖြစ်ပါသည်။ ၎င်းစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ နောက်ခံကြိုးကိုင်သူက တရုတ်ပြည်ပေါက်တစ်ဦးဖြစ်ပြီး ယူနန်နယ်ရွှေလီမြို့မှ တရားမဝင် ဝင်ရောက်လာသူ (အောက်လမ်းမှခိုးဝင်လာသူ) ရှောက်စန်းဆိုသော တရုတ်တစ်ယောက်ဖြစ်ပါသည်။ ၎င်း၏ ရင်နာစရာကောင်းသည်မှာ တစ်လလျှင်သိန်း၅၀ဖြင့် ပြည်သူ့ ဥယျာဉ်ကြီးတစ်ခုလုံးကို ရယူပိုင်ဆိုင်ထားပြီး မနက်စောစော လေ့ကျင့်ခန်းလုပ်နေသော ပြည်သူများကို ရန်ကုန်ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ပေါင်းပြီး နှင်လွှတ်လိုက်သည်ကြောင့် မြို့တော်သူမြို့တော်သား ကျန်းမာရေးလေ့ကျင့်သော လူအများခမျှာ ပြည်လမ်းမပေါ်သို့ ရောက်ရှိသွားပါတော့သည်။ စီတီးမတ်လို ရှော့ပင်းစင်တာနှင့် စားသောက်ဆိုင်အကြီးကြီး တည်ဆောက်ထားပါလျက်



www.burmeseclassic.com

www.burmeseclassic.com


ကျန်းမာရေးလေ့ကျင့်သူ ပြည်သူများ အတွက်တော့ ၅နာရီမှ ၇နာရီအထိ ၂နာရီတောင် အချိန်မပေးနိုင်ဘဲ ဗိုလ်ကျအုပ်ချုပ်ထားသော ပြည်သူ့ဥယျာဉ်အား လျောက်စန်းဥယျာဉ်ဟု အမည်ပြောင်းလိုက်မှန်း မသိလိုက်ရပါ။ တရုတ်စာ ၈ တန်းသာသင်ဖူးသော ဤရှောက်စန်းဆိုသော တရုတ်က မြန်မာပြည်၏ လုပ်ငန်းအများအပြားကို ရရှိထားပါသည်။ ဗိုလ်ချုပ်ခင်

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ရင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် လက်ရှိထိုင်းဘုရင့်ကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီးဟောင်း Prem Timsulaqnomdau မွေးစားသားဖြစ်သည်ဟု ရေးသားစွပ်စွဲဖော်ပြခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်လည်းကောင်း၊ သမက်တွေ နိုင်ငံခြားသားဖြစ်နေသည်ဆိုသော ရန်ကုန်ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းတို့သည်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမှုတွဲများဖြစ်နေကြပါသည်။**

မောင်မြင့် တိုင်းမှူးဘဝကတည်းကပင် အောက်လမ်းမှ တရားမဝင် တင်သွင်းလာသော ဝါယာလုပ်ငန်းဖြင့်စတင်လာကာ ဗိုလ်ချုပ်ခင်အောင်မြင့် လျှပ်စစ်ဝန်ကြီးဘဝတွင် ဝါယာကြိုးစက်ရုံကြီးနှင့် မြောင်းတကာရှိ သံမဏိစက်ရုံတို့ပါရရှိ လာပါသည်။ ရတနာအိမ်ရာစီမံကိန်း အပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းများစွာနှင့်တကွ ယခင်လျှပ်စစ်ဝန်ကြီး ဦးဇော်မင်း၊ ယခုဝန်ကြီးဦးခင် မောင်စိုးတို့နှင့် အဆင်ပြေသူဖြစ်ပြီး လျှပ်စစ်လုပ်ငန်း


www.burmeseclassic.com

www.burmeseclassic.com



သွယ်တန်းခြင်းလုပ်ငန်းများစွာရှိထားသူလည်း ဖြစ်ပါသည်။ မြန်မာပြည်၏ လုပ်ငန်းအများစု မည်မျှရရှိထားသည်ကိုခိုင်းနှိုင်းပြရလျှင်ရွှေတောင် ကုမ္ပဏီ ဦးအိုက်ထွန်း၊ အေးရှားဝေါ်ကုမ္ပဏီ ထွန်းမြင့်နိုင်တို့ထက် ပို၍များပြားသည်ဟုဆိုပါသည်။ ဝန်ကြီးချုပ်၏သားနှင့် တွဲဖက်၍ဟံသာဝတီ ကားဝင်းကို အဆင့်မြင့် TIMES CITY ကွန်ဒိုဆောက်လုပ် လျက်ရှိကြောင်းလည်း သိရှိရပါသည်။ ယခုမြို့သစ်စီမံကိန်းအကြောင်း ရေးသားကြရာတွင် ရှောက်စန်း၏အကြောင်းမှာ ပေါ်ပေါက်လာပါသည်။ စေတနာအများပိုင် ကုမ္ပဏီအကောင်အထည်ဖော်မည့် မြို့သစ်ရန်ကုန် မြို့စီမံကိန်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏သားသမီးများပါ ပါဝင်သည်ဟု ရေးသားလာကြပါသည်။

ရှောက်စန်းသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကမ်ပါးပါးမွေးစား အဖေဟု အမြဲပြောလေ့ရှိကြောင်း ရေးသားထားပါသည်။ မွေးစားအဖေ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြစ်ကြောင်း ပေါ်ပေါက်နေလျှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်၎င်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် လက်ရှိထိုင်းဘုရင့် ကောင်စီ၏ ဥက္ကဌဖြစ်သူ ဗိုလ်ချုပ်ကြီးဟောင်း Prem Timsulaqnomda က မွေးစားသားဖြစ်သည်ဟု ရေးသားစွပ်စွဲဖော်ပြခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လည်းကောင်း၊ သမက်တွေနိုင်ငံခြား သားဖြစ်နေသည်ဆိုသော ရန်ကုန်ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်သမ္မတရုံး ဝန်ကြီး ဦးစိုးသိန်းတို့သည်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမှုတွဲများဖြစ်နေကြပါသည်။ သူတို့အားလုံး ၅၉(စ)နှင့် ငြိနေကြပါသည်။ သူ တို့အားလုံး သမ္မတဖြစ်ခွင့်မရှိတော့ပါ။ ပုဒ်မ ၅၉(စ) မှာ........

**မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး(သို့မဟုတ်)ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင်သားသမီးတစ်ဦးဦး၏ ဇနီး(သို့မဟုတ်)ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသော**

www.burmeseclassic.com

www.burmeseclassic.com



**သူ(သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်)တိုင်းတစ်ပါး၏ နိုင်ငံခြားသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်ရှိသူများမဖြစ်စေရ။**

သူတို့တော့မပြောတတ်ဘူး။ ကျွန်တော်တို့နိုင်ငံရေး လုပ်ဖော်လုပ်ဖက်တွေက အမှတ်တွဲဆိုလျှင်ဖြင့် အချင်းချင်းအတော်လေးချစ်ကြပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com


# ခေတ်ပြောင်းသည်ကိုမသိသော အုပ်ချုပ်သူများနှင့် နောက်ထပ်စိုးဝင်းတစ်ယောက်

ကျော်ကျော်နိုင်

စက်တင်ဘာ ၆ရက်က ကျင်းပတဲ့အမျိုးသားလွှတ်တော်မှာ လွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်က သမိုင်းတွင်တဲ့ ဥပမာပေးပြောကြားသည်မှာ ''ပွဲဈေးတန်းမှာ ဆီးသီးဗန်းမှောက်ကျသလိုပဲ၊ မှောက်လည်းကျရော ဟိုလူကတစ်ဆုပ်နှိုက်စား ဒီလူကတစ်ဆုပ်နှိုက်စား ဆီးသီးက တစ်ဝက် လောက်ပဲကျန်တယ်။ ဘတ်ဂျက်က အဲသလိုဖြစ်နေတယ်၊ ခွင့်ပြုပေး တဲ့ကြားထဲကဟိုလူနှိုက်စား ဒီလူနှိုက်စားနဲ့ တစ်ဝက်လောက်ပဲ ကျန်တယ်'' ဟူ၏ ။ အစိုးရသစ်လက်ထက်မှာ စီမံကိန်းတွေဆောင်ရွက်ဖို့ ဝန်ကြီးဌာန အသီးသီးကတောင်းခံလာတဲ့ဘဏ္ဍာတွေကိုလွှတ်တော်က ခွင့်ပြုပေးထား ပေမယ့် အစိုးရဌာနတွေမှာ လာဘ်စားမှုတွေကြောင့် တစ်ဝက်ပဲ အမှန်တကယ် အသုံးပြုတယ်လို့ဆိုပါသည်။

အစိုးရအဖွဲ့အစည်းအတွင်း လာဘ်စားမှုတွေ ရှိနေတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



စီမံကိန်းဆောင်ရွက်နေတဲ့ နေရာမှာအထူးလုပ်ဆောင်စစ်ဆေးတဲ့ စနစ်တစ်ခု၊ အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းလုပ်ဆောင်ဖို့ လိုအပ်တယ်လို့သူကဆက်ပြောပါသေးသည်။

စက်တင်ဘာ(၁၁)ရက်နေ့ကလည်း အမျိုးသားလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောက်

**တချို့ဝန်ကြီးဌာနတွေ သိပ်ကိုရယ်ဖို့ကောင်းအောင်လုပ်ကြပါသည်။ နစ်နိုင်ငံချစ်ကြည်ရေးအတွက် တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်ကဲ့သို့ပင် ကျွန်တော်တို့နိုင်ငံကမျောက်ကို ဟိုနိုင်ငံကပေါတဲ့ဝက်ဝံနဲ့လဲသလိုမျိုးပဲ ဒီဘက်ဝန်ကြီးဌာနက တင်ဒါကို ဟိုဘက်ဝန်ကြီး ဌာနကဝန်ကြီးရဲ့သားရဲ့ ကုမ္ပဏီကိုပေးပြီး ဒီဘက်ဝန်ကြီးဌာနကတင်ဒါကို ဟိုဘက်ဝန်ကြီး ဌာနရဲ့ ဝန်ကြီးသားကိုပေးပြီး အလဲအလှယ် လုပ်နေကြပါသည်။ တချို့ဝန်ကြီး ဌာနတင်ဒါ ကိုဟန်ပြခေါ် တင်ဒါမှမရှိသေးခင် ရမယ့်လူတွေက လုပ်ငန်းကို လိုက်စပ်နေလေရဲ့ ..**

လုပ်သည့် အဆောက်အအုံများ တင်ဒါခေါ်ယူရာတွင်ခါတော်မီ ကုမ္ပဏီများပေါ်ပေါက်လာပြီး အဆိုပါကုမ္ပဏီများမှာ လွှတ်တော်ကိုယ်စားလှယ် အချို့အပါအဝင် ယင်းတို့သားသမီး ပိုင်ဆိုင်သည့်ကုမ္ပဏီများဖြစ်နေ၍ အဆောက်အအုံအရည်အသွေးစစ်ဆေးရေးအဖွဲ့မှ ပြောဆိုရခက်နေသည့် အခြေအနေမျိုးဖြစ်နေသည်ကို တွေ့ရကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးက ပြောကြားခဲ့ပါသည်။ လွှတ်တော်ပေါ်လာပြီး အစိုးရသစ် လက်ထက်မှာ ပညာရေးနှင့် ကျန်းမာရေးအတွက် ဘဏ္ဍာငွေအသုံးစရိတ်တွေ ပိုပြီးခွင့်ပြုပေးခဲ့တယ်။ အဆောက်အအုံအသစ်တွေ ဆောက်လုပ်မှုက ကျန်းမာရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးဝန်ကြီးဌာန ကအများဆုံးဖြစ်တယ်။ လွှတ်တော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေက ကျောင်း၊ ဆေးရုံတွေဆောက်ဖို့ အဆိုတင်တယ်၊ ဆောက်လုပ်ဖို့ ဘဏ္ဍာငွေကို ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီး အစိုးရက ဘတ်ဂျက်တွေချပေးတယ်။ အဲဒီမှာ ခါတော်မီ ကုမ္ပဏီပေါ်လာတယ်။ အဲဒီခါတော်မီကုမ္ပဏီတွေက အရင်ကလည်းလုပ်ဖူးတာမဟုတ်ဘူး။ တချို့ကုမ္ပဏီတွေက တိုင်းဒေသကြီး ကိုယ်စားလှယ်တွေ ကိုယ်တိုင်လုပ်တယ်။ တချို့ကသူတို့ သားသမီးတွေလုပ်တယ်။ အခုလိုပြောင်းလဲလာတဲ့ကာလ အရှိန်အဟုန်နဲ့ တည်ဆောက်နေတဲ့ကာလမှာ ကြီးကြပ်မှုတစ်ဆင့် မြင့်ပြီး နည်းစနစ်ပြောင်းဖို့ လိုပါတယ်။ ပြတ်ပြတ်သားသားနဲ့ အရေးယူဖို့လည်းလိုပါတယ်။ တရားစွဲမယ်၊ အမည်မည်းစာရင်းသွင်းမယ်။ ဒီလောက်စေတနာယုတ်တဲ့ကိစ္စတွေဟာ သည်းခံလို့မဖြစ်ပါဘူး။ ဒီကိစ္စတွေက ကျန်းမာရေးနဲ့ ပညာရေးတင်မဟုတ်ဘူး။ အားလုံးမှာ ဖြစ်နေပါတယ်။ ဒါတွေကို ဝန်ကြီးဌာနအနေနဲ့ အထူးဂရုစိုက်လိုပါတယ်ဟုပြောတယ်။ တိုင်းပြည်ရဲ့ အခြေအနေမှာ ဤဒီအတိုင်းဖြစ်နေပါသည်။ တိုင်းပြည်အတွက် ကိုယ်ကျိုးမရှာစတမ်းလုပ်တဲ့သူက သိပ်ကိုနည်းနေပါသည်။

တချို့ဝန်ကြီးဌာနတွေ သိပ်ကိုရယ်ဖို့ ကောင်းအောင်လုပ်ကြပါသည်။ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်ကဲ့သို့ပင် ကျွန်တော်တို့နိုင်ငံက မျောက်ကို ဟိုနိုင်ငံကပေါ်တဲ့ ဝက်ဝံနဲ့လဲသလိုမျိုးပဲ ဒီ ဘက်ဝန်ကြီးဌာနက တင်ဒါကို ဟိုဘက်ဝန်ကြီး ဌာနကဝန်ကြီးရဲ့သားရဲ့ ကုမ္ပဏီကိုပေးပြီး ဒီဘက်ဝန်ကြီးဌာနကတင်ဒါကို ဟိုဘက်ဝန်ကြီး ဌာနရဲ့ ဝန်ကြီးသားကိုပေးပြီး အလဲအလှယ် လုပ်နေကြပါသည်။ တချို့ဝန်ကြီး ဌာနတင်ဒါ ကိုဟန်ပြခေါ်၊ တင်ဒါမှမရှိသေးခင် ရမယ့်လူတွေက လုပ်ငန်း ကိုလိုက်စပ်နေလေရဲ့။ ဒါတွေကို လည်း ဥက္ကဋ္ဌကြီးသိပြီးသား ဖြစ်မှာပါခင်ဗျာ။ နောက်ပြီး နေပြည်တော်မှာ အမျိုးသားလွှတ်တော်နဲ့စာနယ်ဇင်း ကောင်စီ (ယာယီ) တို့ပူးတွဲပြုလုပ်တဲ့ မြန်မာမီဒီယာဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးမှာ ဥက္ကဋ္ဌပြောတဲ့ "တိုင်းပြည်မှာ အမိကထောက်တိုင်လေးခုတွင် စတုတ္ထမဏ္ဍိုင် ကအခြား တိုင်များထက်ပိုမြင့်နေပါက တိုင်းပြည်ဟာမငြိမ်မသက်

www.burmeseclassic.com



ဖြစ်တတ်ပြီ။ အုပ်ချုပ်ရေးမဏ္ဍိုင် ပိုမြင့်နေပါက အာဏာရှင်ဆန်တတ်သဖြင့် အထူးသတိထားရန်လိုကြောင်း ပြောကြားသည်ကို ဖတ်ရှုရပါသည်။ အနည်းငယ်စောဒကတက်ပါရစေ။ စတုတ္ထမဏ္ဍိုင်က အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်ဥပဒေပြုရေးတို့ကို လွှမ်းမိုးနိုင်ခြင်းမရှိပါ။ ရှိနေသည်မှာ အာဏာရှင်ကိုယ်ပွားများ ကျန်ရှိနေ၍ခေတ်ပြောင်းသည်ကို မသိကြသော အုပ်ချုပ်သူများ အာဏာရှင်ဆန်လွန်းနေသည်ကိုတော့ သတိပြုစေချင်ပါသည်။

မိမိတို့ စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်လိုက်တဲ့ နိုင်ငံ၏ လုပ်ငန်းတစ်ရပ်သည် ပြည်သူအကျိုးအတွက် မဟုတ်ဘဲ တိုင်းတစ်ပါးအကျိုးအတွက် ဖြစ်သွားနိုင်သည်ဆိုပါက မသိနားမလည်ဟူသော အကြောင်းပြချက်သည် ကင်းလွတ်ခွင့်မရနိုင်ကြောင်း ပြောကြားလိုပါသည်။

ကျေးဇူးတင်ပါတယ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြောဖော်ရတာကိုပဲ အလွန်ကျေနပ်နေပါပြီ။ အလုပ်နဲ့တားဆီးနိုင်ပါကဥက္ကဋ္ဌဟာ သမ္မတဖြစ်ထိုက်ပါသည်။ မင်းတို့တိုင်းပြည် ချစ်လိုက်ကြတာ တိုင်းပြည်တစ်ခုလုံးကုန်ရော ဆိုတဲ့လူတွေထဲမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မပါဝင်ပါက သမ္မတဖြစ်ထိုက်ပါတယ်။ တစ်ခုတော့ ဆုတောင်းလိုက်ပါသည်။ နောက်တစ်ယောက် စိုးဝင်းတော့ မဖြစ်ပါစေနဲ့လို့၊ ကျန်းမာရေး ဂရုစိုက်ပါခင်ဗျား. . ။

■



www.burmeseclassic.com

www.burmeseclassic.com



# ကျားချောင်းသလိုချောင်း၊ ဆင်ကြံသလိုကြံ၊ ကိုယ်ခွင်ကိုယ်ဖန်

ကျော်ကျော်နိုင်

အစိုးရတစ်ရပ်အနေနှင့် နိုင်ငံတော်ကိုတည်ဆောက်ကြရာမှာ ပြည်သူများကိုယ်စားရှေ့တန်းကဦးဆောင်ဦးရွက်ပြုကြသူများဖြစ်ပါသည်။ အခွင့်အရေးရခိုက် လုပ်ကိုင်စားသောက်လိုက်တတ်ကြသည့် အကြံအဖန်လုပ်လေ့ရှိသော အုပ်ချုပ်သူ လူတန်းစားမဖြစ်ရလေအောင်၊ ဒီမိုကရေစီခေတ်သို့ လျှောက်လှမ်းရာတွင် စစ်အစိုးရခေတ်က အမူအကျင့်တွေပါမလာရန်လိုအပ်ပါသည်။ အစိုးရအဖွဲ့တွင်း ခြစားသည့်လုပ်ငန်းများ ရပ်တန့်နိုင်ရန်သမ္မတကြီးဦးသိန်းစိန်သည် ကြိုးပမ်းဆောင်ရွက်လိုပုံရပါသည်။ ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာမှုရှိမှသာလျှင် ပြည်သူက အယုံအကြည်ရှိမည်ဖြစ်သည်။ ယခင်စစ်တပ် အသိုင်းအဝိုင်းမှလာပြီး ပြည်ထောင်စုကြံ့ခိုင်ရေး အသင်းဝင်ချင်းလည်းဖြစ်၍ ကျီးကိုဘုတ်ကရှိသေ၊ ဘုတ်ကို ကျီးကရိုသေပြီးပြီးသားဖြစ်ကာ အကာအကွယ်ပေးနေကြသည်ဟု အများပြည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အထင်အမြင်မှ လွတ်ကင်းအောင်ကြံဆောင်သင့်ကြပါသည်။

၂၀၁၃ ခုနှစ်စက်တင်ဘာလက အစိုးရအဖွဲ့ ဝင်များ၏ ပိုင်ဆိုင်မှုများကို တရားဝင်မှတ်တမ်း တင်ထုတ်ဖော်ကြေညာရန် လွှတ်တော်၌မဲခွဲရာ တွင် ရှုံးသဖြင့်မအောင်မြင်သောအကြောင်း တရားတစ်ခုသာဖြစ်ခဲ့ရသည်။ အစိုးရ အဖွဲ့နှင့် ဌာနဆိုင်ရာ အကြီးအကဲတို့သည် တာဝန်ထမ်း ဆောင်ချိန်မှစ၍

## ခရိုနီအများစုက စစ်ဗိုလ်ချုပ်ကြီးများနှင့် ပေါင်းကာသိမ်းယူထားသည့် လယ်မြေများကို ပြန်ပေးခြင်းမရှိဘဲ မိမိပိုင်အဖြစ်ပန်တီးယူကြသလို၊ အုပ်ချုပ်သူအများ၏ မိသားစုဝင်များ၊ ဆွေမျိုးများအမည်ပေါက်နေသည့် ပိုင်ဆိုင်မှုကိစ္စများကိုလည်း ရှင်းလင်းပေးနိုင်မှုမရှိဘဲဖြစ်နေပါသည်။

ပိုင်ဆိုင်မှုစာရင်းကို သမ္မတဦးသိန်းစိန်ထံအိတ်ပိတ်ပေးပို့ပါသည်ဟူသော မည်သူကမျှမယုံကြည်သည့်အကြောင်း ပြချက်ဖြင့် နိဂုံးချုပ်သွားပါသည်။ ဤသို့မျိုးဖြစ်ရပ်များသည် လာဘ်စားမှုများ ဖြစ်ပေါ်ရန်အားပေးအားမြှောက် ပြုသလိုဖြစ်ပါနေသည်။ လက်ရှိအခြေအနေတွင် သြဇာဏာအလွဲသုံးစား မှုများရှိနေပြီး ၎င်းတို့က နိုင်ငံတော်သယံဇာတအပါအဝင် ပြည်သူ့ဘဏ္ဍာ အလွဲသုံးစားလုပ်မှုများကို ပိုင်ဆိုင်မှုများတရား ဝင်ထုတ်ဖော်ကြေညာရန် မလိုဟူသော အချက်ကြောင့် ဥစ္စာဘဏ္ဍာမတရားရှာဖွေသိမ်းမှုများ ဖြစ်ပေါ်လာခဲ့ရသည်။ ဘတ်ဂျက်များချပေးရာတွင်လေလွင့်မှုများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပွဲဈေးတန်းမှာ ဆီးသီးဗန်းမှောက်ချိန်၊ တစ်ယောက်တစ်ယောက် ကောက်နှိုက်စားကြသည်ဟု ကောက်ချက်ချပြောဆိုခဲ့ပါသည်။ ယခုအခါစစ်အစိုးရလက်ထက်က ထက်ပိုကဲပြီးဆီးသီးဗန်းတစ်ဗန်းလုံးမှောက်ကျသည်မဟုတ်ဘဲ ဗန်းကိုပါအပိုင်စီးသည့်အဖြစ်မျိုးနှင့်ကြုံတွေ့နေရပြီဖြစ်ပါသည်။ ဗန်းပါပျောက်ကပြီ ....။

အစိုးရစီမံကိန်းများသည်လည်းကောင်း၊ ဝန်ကြီးပိုင်မြေများ တင်ဒါခေါ်ယူမှုများသည်လည်းကောင်း၊ ခါတော်မီကုမ္ပဏီများနှင့် စီမံကိန်းအားကြေညာမီကပင်ကိုယ် အချင်းချင်းပေးပြီးကမ်းပြီးသားစပ်ပြီဟပ်ပြီးဖြစ်အောင် အတွင်းကျိတ်ပိုင်း ကြဲဖန်တီးတည်ဆောက်နေကြသည်။ ခရိုနီအများစုက စစ်ဗိုလ်ချုပ်ကြီးများနှင့် ပေါင်းကာသိမ်းယူထားသည့်လယ်မြေများကို ပြန်ပေးခြင်းမရှိဘဲ မိမိပိုင်အဖြစ်ဖန်တီးယူကြသလို၊ အုပ်ချုပ်သူအများ၏ မိသားစုဝင်များ၊ ဆွေမျိုးများအမည်ပေါက်နေသည့် ပိုင်ဆိုင်မှုကိစ္စများကိုလည်း ရှင်းလင်းပေးနိုင်မှုမရှိဘဲ ဖြစ်နေပါသည်။ နိုင်ငံတော်ဘတ်ဂျက်အားအသုံးပြုစီမံခန့်ခွဲမှုများ၌လည်းပွင့်လင်းမြင်သာမှုမရှိစွာ အဆင့်ဆင့်ခြစားမှုများ အတိပြည့်နှက်လျက်ဖြစ်ချင်တိုင်းဖြစ်နေသည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က " ဒီလို စေတနာယုတ်တဲ့ကိစ္စမျိုးကသည်းခံလို့မဖြစ်ဘူး" ဟု ပြောကြားလာပါသည်။ မတော်လောဘကိုအတောမသတ်နိုင်သော ခရိုနီများနှင့် ခေတ်အဆက်အုပ်ချုပ်လာသောစစ်ဗိုလ်ချုပ်များသည် ခေတ်ပြောင်းသည်ကို သတိရပြီး၊ ဆင်ခြင်ဉာဏ်ဖြင့်လောဘတို့ကို အရှိန်သတ်နိုင်ဖို့လိုနေပါပြီ။ ကိုယ့်တစ်သက်တာမဟုတ်၊ ဆယ်သက် စားမကုန်အောင် ရှိနေပြီဖြစ်သော်လည်း၊ လောဘတို့အတောမသတ်နိုင်ဘဲ မတရားမှုတို့ ဆက်လက်လုပ်ဆောင်နေခဲ့ပါလျှင် တစ်နေ့ကျပါကဇုဇကာပုဏ္ဏားပမာ ဗိုက်ပေါက်ထွက်မည်သေချာပါသည်။

ဟုတ်လို့ .... ကျော်၊ ပုပ်လို့ ... ပေါ်သည့် အခါကျပါမှ မိုးကြိုးပစ်သည်ကိုထန်းလက်ဖြင့် ကာမရနိုင်ပါ။ စီမံကိန်းများကို ကျားရှောင်းချောင်း၊ ဆင်ကြံကြံပြီး၊ ကိုယ့်ခွင်ကိုယ်ဖန်နေဆဲသူများအား ပြတ်ပြတ်သားသားအရေး

www.burmeseclassic.com


ယူသင့်လှပါသည်။ တိုင်းပြည်၏ အရင်းအမြစ်များကို ဆွေစဉ်မျိုးဆက်ခွင်ဖန့်ပြီးတော့ရအောင် .... ယူပြီးတော့ နဂါးမြို့တာ ခံလိုက်ရသည်ကား တိုင်းပြည်အတွက် အထူးပင်နစ်နာလှပေသည်။ တိုင်းပြည်ကို ချစ်သော၊ တိုင်းပြည်အပေါ်သစ္စာရှိသော ခေါင်းဆောင်များကိုအားကိုးယုံကြည်စွာဖြင့် ဤအရေးမှကယ်တင် ပေးပါရန်တိုက်တွန်းအပ်ပါသည်။

ကျော်ကျော်နိုင်

■

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်သူသမ္မတဖြစ်ဖြစ် "ကျွန်မဖြစ်ရင်တော်ပြီ"

ကျော်ကျော်နိုင်

အခုတလော ခေတ်အစားဆုံးသီချင်းတစ်ပုဒ်ကို ပြောပြရရင် သမ္မတဖြစ်ချင်တယ်လို့ အမည်ရတဲ့သီချင်းပါပဲ။ သံစဉ်တူတေးသွား တွေများနေတော့ သူလည်းလေ လောကီသားလို့ ပြောသူတွေ ခပ်များများ ကြားနေရဦးမှာပါ၊ ဘာပဲလုပ်ရလုပ်ရ သူများတကာတွေပြောတာလောက် တော့ မတုန်လှုပ်ပါဘူး။ သမ္မတဆိုတဲ့ ရာထူးကငါတို့တပ်ကအတွက်ပါ၊ တိုင်းရင်းသားထဲက ဒုသမ္မတတစ်ယောက်ဖြစ်ဖြစ်မြောက်မြောက် မြှောက်တင်ပေး လိုက်ပြီးတော့ တပ်အနေနဲ့ ဒုသမ္မတတစ်ယောက် အလိုလိုရမှာဆိုတော့ သမ္မတကြီး တစ်ယောက်ကပဲ ရွေးချယ်ရမှာ၊ ဒုသမ္မတ ယိမ်းကတဲ့အထဲမှာ KNU ကပါနေတော့ တပ်မတော်ရဲ့ သဘောထားအတိုင်း လိုက်ကနေလေရဲ့ . . .။

ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်မှာလား။ ဖြစ်နိုင်တာပေါ့၊ ဖြစ်နိုင် လို့ ကြိုပြီးရေး ဆွဲခဲ့တဲ့ ၅၉ စ နဲ့ ဝကွက်လိုက်တာပေါ့။ အဲဒီတော့ NLD

www.burmeseclassic.com



ဘာလုပ်မှာလဲ ရှင်းပါတယ် ဆိုနီယာဂန္ဒီလိုပေါ့။ ပါတီဥက္ကဋ္ဌအဖြစ်နေပြီး အရည်အချင်းရှိတဲ့ သူတစ်ယောက်ရှာပေါ့။ ဝန်ကြီးအဆင့်မီတဲ့သူတွေ လည်းရှာရမှာပေါ့၊ ဒါမှ အစိုးရဖွဲ့လို့ရမှာ အခုအချိန်အထိတော့ လူရှိသေ ရှင်ရှိသေလူတွေ အားနည်းနေပါသေးတယ်။

တစ်ဖက်ကိုကြည့်ရင် ဦးသိန်းစိန်ရယ်၊ သူရ ရွှေမန်းရယ်၊ ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်ရယ် ၊အဲဒီသုံးယောက်ကို ဟိုလူဒီလူနဲ့ပြောနေတာ

**ခြုံပြောရရင် ဘယ်သူသမ္မတဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ "ကျွန်" မဖြစ်ရင်ပြီးတာပါပဲ၊ တိုင်းပြည်ကို ချစ်လိုက်ကြတာမပြောနဲ့တော့။ ဒါပေမဲ့ နိုင်ငံခြားကုမ္ပဏီတွေကိုပဲ လုပ်ကိုင်ခွင့်တွေ ပေးနေတော့ ကိုယ့်နိုင်ငံမှာကိုယ်နေပြီး နိုင်ငံခြား သားတွေရဲ့ ကျွန်ဖြစ်မှာကိုတော့ ကျွန်တော်တို့ စိုးရိမ်မိပါတယ်။**

တွေရှိတယ်၊ ဖြစ်နိုင်တဲ့လူတွေပေါ့၊ တကယ်လည်း တာစားနေတာလား၊ တာပြေး နေတာလား၊ ပြောလို့မရပါဘူး။ သူရရွှေမန်းလို့ ပြောတဲ့သူကပြော၊ မိုလ်ချုပ်မှူးကြီးလို့ဆိုတဲ့ လူကဆိုနဲ့ ထင်ကြေးအမျိုးမျိုးတွေ့ရှိနေတာပါ။

ကျွန်တော့်အနေနဲ့ ပြောရရင်တော့ ဦးသိန်းစိန်လို့ထင်တယ်။ သူတို့ပါတီနိုင်ခဲ့ရင်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာနဲ့ဆက်ဆံရေးက သူတို့အနေနဲ့အရေးကြီးတယ်။ နိုင်ငံတကာရဲ့ဖိအားဟာ တကယ် ထိရောက် တယ်ဆိုတာ နအဖအတွေ့အကြုံအရသိထားတယ်။ အခုအချိန်မှာ အမေရိကနဲ့

www.burmeseclassic.com

www.burmeseclassic.com



အနောက် ဆက်ဆံရေးဟာ ဦးသိန်းစိန်အနေနဲ့ အဆင်ပြေနေတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် လူအပြောင်းအလဲလုပ်ဖို့ အတော်စဉ်းစားရမယ့် အခြေအနေမှာ 'ပို နေမြဲကျားနေမြဲ' ဖြစ်အောင် သူတို့ပါတီအနိုင်ရရင် ဦးသိန်းစိန်ပဲပြန်ဖြစ်မယ်လို့ ထင်ပါတယ်။

အခုတလောခေတ်စားလာတဲ့ ဦးခင်အောင်မြင့်တော့ ဖြစ်မယ်မ ထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမုန်တွေပြောလာလို့ပါ။ မုန်တာ ပြောရင်နာတတ်တဲ့ အပြစ်မကင်းတဲ့လူတွေ ကြားမှာအမုန်းပွားမှာ သေချာ တယ်။ သူတို့ပါတီအချင်းချင်း အားပေးမယ်မထင်ပါဘူး။

ခြုံပြောရရင် ဘယ်သူသမ္မတဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ 'ကျွန်' မဖြစ်ရင်ပြီးတာပါပဲ၊ တိုင်းပြည်ကိုချစ်လိုက်ကြတာမပြောနဲ့တော့။ ဒါပေမဲ့ နိုင်ငံခြားကုမ္ပဏီတွေကိုပဲလုပ်ကိုင်ခွင့်တွေပေးနေတော့ ကိုယ့်နိုင်ငံ မှာကိုယ်နေပြီး နိုင်ငံခြား သားတွေရဲ့ ကျွန်ဖြစ်မှာကိုတော့ ကျွန်တော်တို့ စိုးရိမ်မိပါတယ်။

ဟိုလ်တယ်လုပ်ငန်းတို့ လူနေအိမ်ဆောက်တာ၊ ကွန်ဒိုတိုက်ဆောက်တာ လောက်တော့ မြန်မာတွေပဲလုပ်တာ ကောင်းပါတယ်။ လုပ်လည်းလုပ်နိုင်ပါ တယ်။ စက်ရုံအလုပ်ရုံတွေဆိုရင် နိုင်ငံခြားနဲ့လုပ်မှ အဆင်ပြေမှာပေါ့။ ကုန် ထုတ်လုပ်ငန်းတွေကောင်းလာမှ တိုင်းပြည်စီးပွားရေး ကောင်းလာမှာပေါ့။ တစ်ခါဆောက်ပြီး ပြန်ယူသွားမယ့် ဆောက်လုပ်ရေးလုပ်ငန်းနဲ့တော့ GDP တက်လာမယ် မဟုတ်ပါဘူး။

နောက်တစ်ခုက သဘာဝဓာတ်ငွေ့(ဂက်စ်)ပါ။ တိုင်းပြည်ကထွက်တဲ့ ဂက်စ်ကို နိုင်ငံခြားကိုရောင်းပြီး မြန်မာက ဂက်စ်ကို ပြန်ဝယ်သုံးနေရတာ အတော်ရင်နာပါတယ်။ လျှပ်စစ်မီးကို ဂက်စ်တာဘိုင်နဲ့ လျှပ်စစ်မီးရအောင်လုပ် နိုင်ရဲ့သားနဲ့ သူများကိုရောင်းစားပြီး နယ်စပ်ဒေသမှာ လျှပ်စစ်မီးရရှိရေး သာတွက်ကျတော့ နိုင်ငံခြားသားကို စီမံကိန်းပေး။ လျှပ်စစ်မီး ပြန်ဝယ်သုံးရ မယ်ဆိုတာ စိတ်မကောင်းစရာပါပဲ၊ ပြီးတော့ ထိုင်းနိုင်ငံက ကိုယ့်တိုင်းပြည်က ထွက်တဲ့ ဂက်စ်ကို ထိုင်းကုမ္ပဏီ PTT က မော်တာကားသုံး ဂက်စ်အနေနဲ့ပဲ ရောင်းချနေရတာ အတော်နာပါတယ်။ ဂက်စ်ကနေ အမျိုး၂၀ လောက်



www.burmeseclassic.com

www.burmeseclassic.com


ထုတ်လုပ်ပြီးမှ မီးရှို့တဲ့ ဂက်စ်အဖြစ် ပြန်ရောင်းချနေတာ အတော်နစ်နာပါတယ်။ မသိလို့မဟုတ်ပါဘူး၊ သိသိကြီးနဲ့လုပ်နေကြတာ . . .။

အဲဒါကြောင့် ဘယ်သူသမ္မတဖြစ်ဖြစ် ပြည်သူတွေတစ်ချိန်မှာ 'ကျွန်' မဖြစ်အောင်စောင့် ရှောက်ကြပါလို့ပြောချင်တာ . . .။

ကျော်ကျော်နိုင်

■



www.burmeseclassic.com

www.burmeseclassic.com



# သမ္မတကြီးပြောမှပဲ လုံးခြာလည်တော့တာပဲ

ကျော်ကျော်နိုင်

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး မလုပ်နိုင်ပါက ရွေးကောက်ပွဲ မသေချာ . . . ဟု အမိပ္ပါယ် သက်ရောက်သောစကားကို အောက်တိုဘာ(၁) ရက်နေ့ ရေဒီယိုမိန့်ခွန်းတွင် သမ္မတကြီးကပြောကြားခဲ့သည်။ မိဘပြည်သူများ ခင်ဗျာ . . . လို့ အစချီနှုတ်ခွန်းဆက်သလိုက်သော သမ္မတကြီး၏ နှုတ်ခွန်းဆက်စကားတွင် ရွေးကောက်ပွဲ မလုပ်ခဲ့ရင် ကျွန်တော်တို့ မိဘပြည်သူတွေ ခင်ဗျာ . . . အစား 'ခံဗျာ' ဖြစ်သွားတော့မည်။ ငြိမ်းချမ်းရေးကို သမိုင်းဝင်အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေသော သမ္မတကိုယ်တိုင်ပင် လျှင်အားလျော့စိတ်ပျက်၍သည် စကားကိုအဆိုပြုနေလေသလား . . . .။ စိတ်ဆိုးစိတ်ကောက်၍ ၂၀၁၅ ရွေးကောက်ပွဲကို မရေရာမသေချာတဲ့ သဘောဖြစ်အောင် ပြော နေလေသလားမသိတော့ပါ။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းစကားအပေါ်အာဏာသိမ်းမယ်လို့ ငြိမ်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာလား …ဟု ထင်မှတ်ယုံကြည်သူတွေဘက်က သံသယစကား ဆိုလာသည်။ ၂၀၁၀ ရွေးကောက်ပွဲကြီးကျင်းပစဉ်က ပြည်တွင်းငြိမ်းချမ်းရေးခရီးသည် စတင်မှုပင်မရှိသေးပါ။ သမ္မတကြီး ဦးသိန်းစိန်သမ္မတဖြစ်ခါမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပြီး နိုင်ငံအနှံ့နေရာတော်တော်များများတွင် သေနတ်သံမကြားရဘဲ တိတ်ဆိတ်သွားခဲ့သည်ကို အမှတ်ရသည်။ အထူးသဖြင့် KNU နယ်မြေဘက်တွင် တိုက်ပွဲများ မရှိသလောက်ဖြစ်သွားပြီးမှ KIA နှင့်တိုက်ပွဲများ အပြင်းအထန်ဖြစ်နေသည်။ တစ်နိုင်ငံလုံး အေးချမ်းသလိုဖြစ်နေပြီးပါမှ ကြိုကြားကြိုကြား တိုက်ပွဲငယ်များပေါ်ထွက်လာပြီး ငြိမ်သက်နေသော နေရာများမှတိုက်ပွဲများပြန်လည်စတင်လာသည်။ ဥပမာ DKBA နယ်မြေတွင် တိုက်ပွဲများ ဖြစ်ပွားလာသလို (SSPP/SSA) ရှမ်းပြည်နယ်ဘက်တွင် တိုက်ပွဲကြီးများ ပြန်ဖြစ်လာသည်ကိုကြားနေရပြီ။ ထိစပ်ဆွေးနွေးဖြေရှင်း၍ရသော၊ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေဆဲ ဤနေရာများတွင်တိုက်ပွဲများ ပြန်ဖြစ်လာသည်ကို ဘာကြောင့်ဘယ်လိုဆိုတာ သမ္မတကြီး အသိဆုံးဖြစ်မှာပါ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့်ခပ်လှမ်းလှမ်းမှနေ၍ မသိမသာရပ်တည်နေသော (SSPP/ SSA) နှင့် UWSA / 'ဝ' ပြည်နယ် သွေးစည်း ညီညွတ်ရေးပါတီတို့ မကြာသေးမီကမှ နိုင်ငံတော်သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့နှင့်တွေ့ဆုံခဲ့ကြသည်မှာ ကုလားထိုင်များ ဖင်မအေးသေးပါ။

ယခုအခါ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ/၄(မိုင်းလား) မိုင်း(လား)နှင့် 'ဝ' ပြည်နယ်သွေးစည်း ညီညွတ်ရေးပါတီ UWSA တို့ပူးပေါင်းကြေညာ ချက်ထုတ်ပြန်၍ နိုင်ငံတော်သမ္မတ ကြီးထံသို့ ရေးသားကန့်ကွက်သည် အထိဖြစ်လာပါသည်။ အောက်တိုဘာ(၁၁)ရက်နေ့က ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ UPWC နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ NCCT တို့ အောက်တိုဘာလအတွင်း တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် မသေချာတော့ကြောင်း သတင်းထွက်ပေါ်လာပါသည်။ NCCT နှင့် UPWC တို့ (၆) ကြိမ်မြောက် ဆွေးနွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့မှစ၍ ဒီမိုကရေစီ အကျိုးပြုပြည်သူ့တပ်မတော်နှင့် မြန်မာ့တပ်မတော်အကြား ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အကြား တိုက်ပွဲများဖြစ်ပွားပြီး ယနေ့အထိတိုက်ပွဲများ ဆက်လက်ရှိနေဆဲဖြစ်သည်။ အဓိကကျသည့် အဖွဲ့အစည်းများမှာ ပြင်ဆင်မှုတွေလုပ်ဖို့ရှိနေသဖြင့်အောက်တိုဘာလအတွင်း ရွေးကောက်ပွဲမလုပ်ဖို့ ဆွေးနွေးကြဖို့ အခက်အခဲ နည်းနည်းရှိတယ် ....ဟု ဖဒိုစောကွယ်ထူးကပြောနေသလို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေနှင့် ယခင်သဘောတူညီမှုများအတိုင်း အောက်တိုဘာလအတွင်း ဆွေးနွေးပွဲများဖြစ်အောင် ပြင်ဆင်နေကြောင်း မြန်မာငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာနအကြီးတန်း အကြံပေး ဦးလှမောင်ရွှေက ပြောပြန်သည်။

နီးလျက်နှင့်ဝေးနေသော ပြည်တွင်းငြိမ်းချမ်းရေးမှာ တပ်မတော်နှင့်တကွသော ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူအားလုံးတာဝန်သိသိဖြင့်မမျှော်လင့်သော ပြဿနာများပေါ်ပေါက်လာသောအခါ သေသေချာချာကြေကြေလည်လည်နှင့် ညှိညှိနှိုင်းနှိုင်း အဖြေရှာဖြေရှင်းကြမည်ဆိုပါလျှင်အကောင်းဆုံးသော ငြိမ်းချမ်းရေးလမ်းကြောင်းကို ရှာတွေ့ကြမည်ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးရဲထွတ်ကတော့ ငြိမ်းခြောက်တယ်လို့တော့မယူဆနိုင်ပါ။ သမ္မတကြီး၏ ပြောကြားချက်က ငြိမ်းချမ်းရေး (အထူးသဖြင့်) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးရဲ့ အရေးပါပုံကို ပါဝင်ပတ်သက်နေသူတွေအားလုံးသိနိုင်အောင် မီးမောင်းထိုးပြခြင်းဖြစ်တယ်'...လို့ဆိုပါသည်။ သမ္မတကြီးပြောချင်သည်မှာ နှစ်ချက်ရှိပါသည်။ "(၁)ကျွန်တော်တို့က ၂၀၁၅ ရွေးကောက်ပွဲမှာ တတ်နိုင်သမျှ မဲဆန္ဒနယ်အားလုံးမှာ ကျင်းပချင်တယ်။ အဲလိုကျင်းပနိုင်မှသာလျှင် အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေတဲ့ နေရာမှာရှိတဲ့တိုင်းရင်းသား လူမျိုးစုတွေရဲ့ နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်ခွင့်၊ ကိုယ်စားပြုခွင့်တွေ ကျယ်ကျယ်ပြန့်ပြန့်ရမှာဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေးကို လိုချင်တယ်။ (၂)ကတော့ အပစ်အခတ်ရပ်စဲရေးရမှ နိုင်ငံရေးဆက်ဆွေးနွေးဖို့ မူဘောင်တွေကိုသဘောတူနိုင်မှာဖြစ်ပါတယ်။ သဘောတူလိုက်မှသာလျှင် ကျွန်တော်တို့ကဆွေးနွေးမှုကို

www.burmeseclassic.com

www.burmeseclassic.com


မပြီးသေးသည့်တိုင်အောင် အခြေခံမူဘောင်ကိုသဘောတူထားလို့ရှိရင် တိုင်းရင်းသားတွေအနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲအလွန်မှာ ဘယ်သူပဲ တာဝန်ယူ… တာဝန်ယူ၊ ဒီအတိုင်း ဆက်သွားနိုင်မယ်ဆိုတဲ့ယုံ ကြည်စိတ်ချမှုကိုရမယ်။ အဲဒါဆိုရင်အခြေအနေတွေက ပိုတည်ငြိမ်မှုရှိတာပေါ့။ ဒီအရေးပါမှုကို သမ္မတကြီးကရည်ညွှန်းပြီးတော့ ပြောကြားသွားတာပါ။ ခြိမ်းခြောက်တာမဟုတ်ပါဘူး"

ငြိမ်းချမ်းရေးအရ မအီမလည်ဖြစ်နေချိန်တွင် နိုင်ငံရေး အရလည်း ဝဲဂယက်တွေထလို့ ကောင်းနေဆဲဖြစ်ပါသည်။ အဖြေမရှိသောပုစ္ဆာများကဲ့သို့ ဖွဲ့စည်းပုံပြင်ဆင်ရေးသည်လည်းကောင်း၊ PR ကိစ္စသည် လည်းကောင်း ဖြစ်နေချိန်တွင် ၂၀၁၅ ရွေးကောက်ပွဲမဖြစ်လျှင် ရွေးကောက်တင်မြှောက်သော စနစ်ပျက်သွားပြီးဖြစ်၍ ဒီမိုကရေစီပျက်သုဉ်းရာရောက်သွားသည်။ ဤဒီမိုကရေစီ ဝဲဂယက်မငြိမ်မသက်သည့်ကြားထဲ ခဲတစ်လုံးပစ်သွင်းသလို မဖြစ်ပါစေနှင့်ဟု ရင်တမမဖြင့် စောင့်ကြည့်သူများအား "မ ကြောက်ကြပါနဲ့ ၊ သီတင်းကျွတ်မို့ မြောက်အိုးဖောက်တာပါ … လို့ ။ ။

ကျော်ကျော်နိုင်

■

www.burmeseclassic.com

www.burmeseclassic.com



# နုတ်ပြည်မသွားချင်ရင် ရေပြည်သွားပါလား

ကျော်ကျော်နိုင်

သမ္မတရုံးဝန်ကြီးဌာန(၃)ပြည်ထောင် စုဝန်ကြီး ဦးစိုးသိန်းက ဇန်နဝါရီလ (၇) ရက်နေ့၊ မြန်မာငြိမ်းချမ်းရေးစင်တာ တွင် ပြုလုပ်သော ဆွေးနွေးပွဲအပြီး The Messenger သတင်းစာသို့ပြောကြားသည်မှာ ဆန္ဒပြတာပြလို့ရတာပဲ၊ ခွင့်တောင်းပြီးပြပေါ့။ နိုင်ငံတကာကို ယှဉ်ကြည့်ပြီးအမေရိ ကန်မှာ၊ အင်္ဂလန်မှာ၊ စင်ကာပူမှာ၊ ဘန်ကောက်မှာ ဘယ်လိုလဲ၊ဒီလိုဟာတွေကို ချိန်ဆကြည့်ပြီး လုပ်ရမှာပေါ့။ ဒီမိုကရေစီရတာရနဲ့ မရသေးဘူးဟု ဝန်ကြီးဦးစိုးသိန်းက ပြောပါတယ်။ ဇန်နဝါရီလ (၅)ရက်နေ့ တွင် (၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက ကြီးမှူးသော အဖွဲ့ အစည်းပေါင်း (၅၉)ဖွဲ့သည် ပုဒ်မ (၁၈) ရုပ်သိမ်းပေးရေး ဆန္ဒပြခဲ့ရာနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းပြောကြားခဲ့ခြင်းဖြစ်သည်။ ကိုမင်းကိုနိုင်က ပြောကြားရာတွင် "ရဲရဲဝံ့ဝံ့လုပ်ဖို့လိုလာပြီ။ ကျွန်တော်တို့ ယုံကြည်တာကို ထုတ်ဖော်ဖို့လိုလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒီအင်အား ကျွန်တော်တို့ ဒီမှာပူးပေါင်းပြီးတော့ ဆောင်ရွက်ကြတာ ။ လွှတ်တော် ပြင်ပမှာရှိတဲ့နိုင်ငံရေးအင်အားစုတွေ အဲဒီအင်အားစုတွေအပြင် လူမှုအသင်းအဖွဲ့တွေပါတယ်။ ဒါ့အပြင် အနုပညာရှင်တွေ ခုဆိုလည်း ပါဝင်လာဦးမှာပဲ၊ အဲဒီတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း တက်လာတယ်။ အဲဒါက ဘာကိုပြနေ သလဲဆိုတော့ လွှတ်တော်ထဲကို အားလုံးဝင်လာနိုင်ပေမယ့် လွှတ်တော်ပြင်ပမှာ အားလုံးနှလုံးသားတပ်ထားလိုက်ရင် သန်းခြောက်ဆယ်ရဲ့ နှလုံးသားတပ်ထားလိုက်ရင် အာဏာရှင်တွေကို ဖြုတ်ချနိုင်မယ်လို့ မှတ်ပေးကြပါ'' ဖြစ်သည်။ ထို့အပြင် တကယ့် တကယ်အားဖြင့် ပုဒ်မ (၁၈)တို့၊ ၅၀၅(ခ)တို့ အသင်းအဖွဲ့ပုဒ်မ(၆)တို့ဆိုတာ အခြေခံဥပဒေနဲ့ မညီညွတ်တဲ့ ဖိနှိပ်မှုဥပဒေတွေဖြစ်တယ်။ ဒီဥပဒေပါပြင်ရမှာဖြစ်တယ်။ ခင်ဗျားတို့ပြောတဲ့ ဒီမိုကရေစီရတယ်ဆိုတာ ဘာမှာရတာလဲ။ ခင်ဗျားတို့ မိသားစုတွေ ရတာလား၊ ခင်ဗျားတို့ပတ်ဝန်းကျင်က သူ တွေရတာလား။ ပြည်သူလူထုရမှဖြစ်မှာပေါ့။ ဒီအခြေခံအခွင့်အရေးတွေတောင်မရရင် ဒီမိုကရေစီဆိုတာ ခင်ဗျားတို့စစ်တပ်က ပြောတဲ့တစ်သွေးတစ်သံအာဏာ ထူထောင်တဲ့ ဒီမိုကရေစီပဲဖြစ်မှာပေါ့။ ဒီမိုကရေစီရဲ့အခြေခံ တောင်သိရှိခြင်းမရှိတဲ့လူတွေရဲ့ဒီမိုကရေစီလမ်းစဉ်ဆိုတာ ဘယ်ဒီမိုကရေစီမျိုးလဲ ဆို တာ ကျွန်တော်တို့ မတွေးတတ်ရုံပါပဲ။ ခင် ဗျားတို့ပြောတဲ့ ဒီမိုကရေစီဆိုတာ လယ်သိမ်း၊ ယာသိမ်းတာတွေမပါ လူ့အခွင့် အရေးမပါတဲ့ ဒီမိုကရေစီပဲဖြစ်နေမယ်။ စစ်အာဏာရှင်ရဲ့ ဒီမိုကရေစီဆိုတာ ခွဲခွဲ ခြားခြား သိချင်ပါတယ်။ ဒီမိုကရေစီရရုံနဲ့ နတ်ပြည်သွားလို့မရဘူးဆိုရင် ကျွန်တော် တို့ လူ့ပြည်မှာ ဘယ်တုန်းက ဒီမိုကရေစီရလိုက်တာလဲ။ ဘယ်တုန်းက ဒီမိုကရေစီ ပေးလိုက်တာလဲ၊ ဒီမိုကရေစီဆိုတဲ့စကားကို လူ့ပြည်က ပြောနေတာမဟုတ်ဘဲ ငရဲ ပြည်ကနေပြီး ပြောနေတာလားဗျာ။ ကျွန် တော်တို့က လူ့ပြည်ကနေပြီး နတ်ပြည် သွားဖို့ပဲရှိတယ်။ ခင်ဗျားတို့ကတော့ . . .။



www.burmeseclassic.com

www.burmeseclassic.com



# နောက်ပြန်လှည့်မှာလား မလှည့်ဘူး

ကျော်ကျော်နိုင်

မြန်မာပြည်မှာ ဒီမိုကရေစီရေးလုပ်ရှားသူတွေအများစုကို ခြိမ်းခြောက်နေတာကတော့ နောက်ပြန်လှည့်မယ်ဆိုတဲ့ စကားရပ်ပါပဲ။ တကယ်တမ်း နောက်ပြန်လှည့် မလား၊ ရှေ့ဆက်သွားမလားဆိုတဲ့ နိုင်ငံရေး ပြဿနာဟာ (၂၀၀၈)ဖွဲ့စည်းပုံပြင်ဆင်ရန် တောင်းဆိုနေတဲ့ လူထုကိုခြိမ်းခြောက်တဲ့ စကားရပ်တွေဖြစ်ပါတယ်။ ကိုကျော်ဝင်းတို့လို လူစားတွေကပါ ဖွဲ့စည်းပုံအခြေခံရေးဆွဲရာမှာ ခလုတ်တစ်ခုရှိကြောင်း၊ ရတာကိုယူပြီး ရသလောက်နဲ့ ရောင့်ရဲတင်းတိမ်ကြဖို့ ပြောဆိုနေတာတွေ၊ ယခင့်ယခင်က ရဲရဲတောက် တိုက်ပွဲဝင်ခဲ့ကြတဲ့ ကိုကိုကြီးလိုလူမျိုးတွေကလည်း ယခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်တာ အရေးမကြီးဘူး၊ ယုံကြည်မှုတည်ဆောက်ရေးနဲ့ အမျိုးသားရင်ကြားစေ့လမ်းတွေကို တဖွဖွပြောနေကြတာရယ်၊ နိုင်ငံရေး သုတေသီတို့တဲ့ နိုင်ငံရေးကို နားလည်တယ်ဆိုတဲ့နိုင်ငံခြားမှာ ပညာသင်လာ သောပညာတတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေကလည်း နောက်ဆုံးတော့ နောက်ပြန်လှည့်မှာကြောက်ပြီး သွေးရိုးသားရိုးမဟုတ်တဲ့ စကားလုံးတွေနဲ့ ပြည်သူကိုနောက်ပြန်မလှည့်အောင် နောက်ချန်ခဲ့ကြဖို့ သိမ်းသွင်းနေကြပါတယ်။ တစ်မတော်က အာဏာသိမ်းရင် ကြောက်နေကြတဲ့ ထိုပုဂ္ဂိုလ်တွေကို ကျွန်တော်စကားတစ်ခွန်းလောက် ပြောချင်ပါတယ်။ တစ်မတော် အာဏာသိမ်းမှာကြောက်တဲ့ လူတွေထဲမှာ ခင်ဗျားတို့ထက်ကြောက်တဲ့ လူတစ်ယောက်ရှိတယ်။အဲဒီလူကတော့ ဗိုလ်

**နောက်ဆုံးတော့ နောက်ပြန်လှည့်မှာကြောက်ပြီး သွေးရိုးသားရိုးမဟုတ်တဲ့ စကားလုံးတွေနဲ့ ပြည်သူကိုနောက်ပြန်မလှည့်အောင် နောက်ချန်ခဲ့ကြဖို့ သိမ်းသွင်းနေကြပါတယ်။ တပ်မတော်ကအာဏာသိမ်းရင် ကြောက်နေကြတဲ့ ထိုပုဂ္ဂိုလ်တွေကို ကျွန်တော်စကား တစ်ခွန်းလောက်ပြောချင်ပါတယ်။ တပ်မတော်အာဏာ သိမ်းမှာကြောက်တဲ့လူတွေထဲမှာ ခင်ဗျားတို့ထက်ကြောက်တဲ့ လူတစ်ယောက်ရှိတယ်။ အဲဒီလူကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပဲဖြစ်ပါတယ်။**

ချုပ်မှူးကြီးသန်းရွှေပဲဖြစ်ပါတယ်။ အာဏာသိမ်းပြီး အာဏာရသွားတဲ့ စစ်ခေါင်းဆောင်တွေမှာ ဆရာတပည့်မရှိဘူး။ လုပ်ဖော်ကိုင်ဖက်မရှိဘူး။ ရင်း၊အာဏာတည် မြဲလာတာနဲ့အမျှ မိမိကိုယှဉ်နိုင်တဲ့လူတွေမှန်သမျှ ဖယ်ရှားပစ်လိုက်ကြတာပါပဲ။ လောလောဆယ် ပြယုဂ်ကတော့ မြောက်ကိုရီးယားက ကင်ဂျုံအန်ပဲဖြစ်ပါတယ်။ အားလုံး သိထားဖို့က ခွေးစာကြွေးခံရတဲ့ အဖြစ်မျိုးမဖြစ်အောင် အားလုံးသိထားဖို့ပါပဲ။

အာဏာသိမ်းဖို့ဆိုရင် တစ်ဦးတစ်ယောက်တည်းပေါ်မှာ အာဏာ[illegible]ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အာဏာတွေ ဖြန့်ဝေနေသမျှပတ်လုံး အာဏာသိမ်းလို့ရမှာ မဟုတ်ဘူး။ အဲဒီတော့ စစ်တပ်မှာ ဗိုလ်ချုပ်မှူးကြီးနဲ့ တကွ ဗိုလ်မှူးချုပ်အထိ ဗိုလ်ချုပ်ပေါင်း (၃၀၀) ကျော်ရှိတဲ့နေရာမှာ အာဏာတွေဖြန့်ဝေထားတယ် . . လို့ ကျွန်တော်တို့အနေနဲ့ ထင်မြင်ယူဆရပါတယ်။ တစ်ဦးတစ် ယောက်တည်းမှာ အာဏာကို အပ်မထားဘူးလို့ယုံကြည်ရပါတယ်။ ဒုတိယအချက် ကတော့ ဦးနေဝင်းအစိုးရလက်ထက် အာဏာသိမ်းတဲ့အခါမှာ ပထစအစိုးရလက်

တိုင်းပြည်ကထုတ်လုပ်တဲ့ သယံဇာတတွေနဲ့ရပ်တည်ပြီး တဖြည်းဖြည်း မွဲပြာကျတဲ့အခါမှာ ဆိုရှယ်လစ်ပါတီကြီးကို ဖျက်ပြီး ဒုတိယအကြိမ် သေနတ်မဖောက်ဘဲ စစ်တပ် အာဏာပြန်သိမ်းခဲ့ပါတယ်။ ဒီအခါမှာ မြို့သစ်ရွာသစ်တွေ တည်ထောင်ပြီး မြေတွေရောင်းစား သယံဇာတတွေ ရောင်းချလာတဲ့ တပ်မတော်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ ဖွဲ့စည်းလွှဲပြောင်းပေးတဲ့အခါ

ထက်က ရှာဖွေစုထားတဲ့ တိုင်းပြည်ဘဏ္ဍာတွေနဲ့ ငွေစက္ကူရွှေပေါင်ထားတဲ့ ပိုက်ဆံတွေရယ် တိုင်းပြည်ကထုတ်လုပ်တဲ့ သယံဇာတတွေနဲ့ရပ်တည်ပြီး တဖြည်းဖြည်း မွဲပြာကျတဲ့အခါမှာ ဆိုရှယ်လစ်ပါတီကြီးကို ဖျက်ပြီး ဒုတိယအကြိမ် သေနတ်မဖောက်ဘဲ စစ်တပ်အာဏာပြန်သိမ်းခဲ့ပါတယ်။ ဒီအခါမှာ မြို့သစ်ရွာသစ်တွေတည်ထောင်ပြီး မြေတွေရောင်းစား သယံဇာတတွေ ရောင်းချလာတဲ့ တပ်မတော်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ ဖွဲ့စည်းလွှဲပြောင်းပေးတဲ့အခါ နိုင်ငံတော်ဘတ်ဂျက်ခါလီပြနေတာကို တွေ့ရပါတယ်။ ယခုလည်း ဒိန်းမတ်၊ ဂျပန် နိုင်ငံတို့ကကြွေးလျှော်ပေးပေမယ့် ကြွေးလည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



နိုက်မြဲနိုက်လျက်ရှိနေပါတယ်။ ယခုတပ်မတော်က ခပ်အအဟုတ်ပါဘူး။ မားခုတ်ရာကို လက်ဝင်လျှို့မှာမဟုတ်တော့ ပါဘူး။ တိုင်းပြည်အုပ်ချုပ်တယ် ဆိုတာ တိုင်းပြည်ဘဏ္ဍာလက်ဗလာနဲ့အုပ်ချုပ် နေတာ မဟုတ်ပါဘူး။ အဲဒီ တော့ နောက်ပြန်လှည့်တယ်ဆိုတဲ့စကားဟာ တပ်မတော် ကပြောကြားတာမ ဟုတ်ဘဲလည်နေတဲ့ ဘီးကို အရှိန်သတ်အောင် ဂျမ်းတုံးတွေက ပြောနေတဲ့ စကားသာဖြစ်ကြောင်း။ မြန်မာနိုင်ငံမှာ တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတော် ကြီးဖြစ် အောင် ဝိုင်းဝန်းကြိုးပမ်းတဲ့အခါ ပညာတတ်တွေ အုပ်ချုပ်လာပြီဖြစ်တဲ့ တပ်မတော်ဟာ စဉ်စားဆင်ခြင်ဉာဏ်နဲ့ ဆင်ခြင်တုံတရားရှိပြီး ခေတ်နဲ့အညီ ကမ္ဘာမှာဖြစ် ပေါ်နေတဲ့ နိုင်ငံရေး အခြေ အနေအရပ်ရပ်ကို နားလည်တတ် စွမ်းနိုင်သော တပ်မတော်ခေါင်းဆောင်များနဲ့ အစိုးရအဖွဲ့၊ လွှတ်တော်နဲ့ ပူးပေါင်းယှဉ်တွဲလုပ်ကိုင်နိုင်ကြမှသာလျှင် ဖွံ့ဖြိုးတိုးတက်သော အမိနိုင်ငံတော် ကြီးဖြစ်မည်ဟု တင်ပြလိုက်ရပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com



# ပါးရိုက်ရင် နားကိုက်မယ်

ကျော်ကျော်နိုင်

လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေးဖြစ်ထွန်းမှုကတော့ မတူညီတဲ့ နိုင်ငံရေးဖြစ်စဉ်များတွင် ထိပ်တိုက် ရင်ဆိုင်မှုကို ရှောင်ရှားခဲ့ပြီး ကြုံတွေ့ရတဲ့စိန်ခေါ်မှုကို တွေ့ဆုံညှိနှိုင်းမှုနဲ့ ကြိုးပမ်းဖြေရှင်းရမည့်နည်းလမ်းနဲ့ နိုင်ငံရေးယဉ်ကျေးမှုကို အသက်ဝင် ရှင်သန်စေခဲ့ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံရေးစနစ်တစ်ခုကို (ဒီမိုကရေစီလမ်းစဉ် တစ်ခုကို လပေါင်း ၃၀ ကျော်)ဟု ယူဆရပါသည်။ လပေါင်း ၃၀ ကျော်ဖြတ် သန်းချိန်မှစပြီး အတူတကွ ဖြတ်သန်းပြီးချိန်မှာ ယခင်အချင်းချင်းကြားမှာ ရှိတဲ့ သံသယကြီးမှုတွေ မယုံကြည်မှုတွေကို လျှော့ချနိုင်ခဲ့ခြင်းပင်လျှင် နိုင်ငံရေးယဉ်ကျေးမှု အသစ်တစ်ရပ်ကိုအောင်မြင်မှုမှတ်တိုင်အဖြစ် သ[...] သေတူနေသည်ဟု သမ္မတကြီးက မိန့်ခွန်းပြောခဲ့သည်။ ယင်းသို့ သမ္မတကြီး ပြောကြားနေချိန်တွင် "ဘာနိုင်ငံရေးကိုမှ ဂရုမစိုက်ဘူး။ ခင်ဗျားတို့ မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြ၊ ကျွန်တော့်နာမည် ဗိုလ်ချုပ်အုန်းမြင့်၊ ပါးရိုက်ရဲတယ်ကွာ'' ဟုဆို၍ "နယ်တကာလှည့်ပြီး မိန့်ခွန်းပြောလာတာ ရှင်းတယ်နော်။ ကျွန်တော်ပြောတာ ဘယ်နိုင်ငံရေးမှလည်း မကြောက်ဘူး။ ကျွန်တော်အခု နိုင်ငံရေးစကား စပြောတာပဲ၊ နိုင်ငံရေးဆိုတာက တက်နေတဲ့အစိုးရပေါ်မှာ စော်ကားတဲ့ကောင်တွေကို တွယ်မှာပဲ။ ပါးစပ်နဲ့တွယ်လို့မရရင် အချုပ်ထဲထည့်မှာပဲ။ နိုင်ငံတကာမှာ ဒီလိုပဲကျင့်သုံးနေတယ်။ အစိုးရဆန့်ကျင်တဲ့ကောင်ဆိုရင် သွား ● ● ● မင်း

**ပါးရိုက်တာကလည်း**
**ခင်ဗျားလက်အောက်ငယ်သားတွေကို**
**မတရားပါးရိုက်ခဲ့တာဖြစ်မယ်။**
**နိုင်ငံရေးသမားကို ရိုက်လို့ကတော့သေရင်သေပစေ။**
**ပြန်ထိုးမှာဖြစ်ပါတယ်။ သေနတ်တကားကားနဲ့လူထုကို**
**စော်ကားတာ အတော်ကျေနပ်နေပုံရတယ်။**
**အခုထက်ထိ စမ်းပြန်တုန်း။**

အချုပ်ထဲနေ၊ ငါတို့ အစိုးရထွက်မှ မင်းထွက်၊ အဲဒါ မင်းတို့ တရားဝင်ထောင်ထဲကပြောနိုင်တဲ့ကောင်တွေ ပြော၊ ပြောခွင့်ပေးထားတယ်။ ပြော၊ ပြောခွင့်ရှိတဲ့အတွက် ကျွန်တော်ပြောတယ်။ ခင်ဗျားတို့ သိအောင် ပြောနေတာ။ အနှစ်(၂၀)ကျော်၊ အနှစ်(၄၀)ကျော် သူများတွေ လျှောက်ပြောနေတာ။ ကျွန်တော်တို့ခါးမှာ သေနတ်ထိုးပြီးတော့ ပုခုံးပေါ်မှာ သေနတ်လွယ်ပြီးတော့ အုပ်ချုပ်ခဲ့တဲ့ဟာ ဘာမှမတိုးတက်ဘူးပြော၊ သောက်ရှူးတွေ ပြောနေတာ၊ ခင်ဗျားတို့သောက်ရှူးတွေကိုမယုံနဲ့၊ အဲဒီလွှတ်တော်ထဲရောက်နေတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အကုန် ဒီလွှတ်တော်ကြီးက ဘယ်သူဆောက်ခဲ့လဲမေး။ စစ်တပ်ကဆောက်ခဲ့တာ။ အဲဒီမြို့ကြီးကို ဘယ်သူတည်ထောင်ခဲ့လဲ စစ်တပ်ကတည်ခဲ့တာ။ ဒီလမ်းမကြီးဘယ်သူ ဖောက်ခဲ့လဲ၊ စစ်တပ်က ဖောက်ခဲ့တာ။ စစ်တပ်က မဟုတ်တာတွေလုပ်နေတယ်။ မြေတွေသိမ်းပြီး မဟုတ်တာတွေ လုပ်နေတယ်လို့ပြောတဲ့လူတွေ ဘယ်သူတွေလဲလို့ ခင်ဗျားတို့ တစ်နေ့သဘော ပေါက်လာ မယ်။ နိုင်ငံတကာ ကူညီမှာ၊ ဘယ်အစိုးရလက်ထက်မှ ကူညီမှာ၊ အလကားပြောတာ၊ တရုတ်ကူညီတယ်ဆိုတာလည်း သူ့အကျိုးအမြတ်ရလို့ ကူညီတာ။ အဲဒီတော့ သူများ ပါတီတွေ အရမ်းကာရော လျှောက်ပြောနေတာ။ ခင်ဗျားတို့နားမယောင်ပါနဲ့ ကျွန်တော် ကတော့ ဂရုမစိုက်ဘူး။ ကျွန်တော်တို့အစိုးရက ခက်ခက်ခဲခဲ မဲနိုင်ပြီး နေရာရလာတာ''ဟု မကွေးတိုင်းဒေသကြီး၊ သစ်ရာပင်ကျေးရွာမှာ ဒေသခံတွေနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားတာဖြစ်ပါတယ်။

မှတ်သားလောက်ပါပေရဲ့ ဝန်ကြီးခင်ဗျာ . . .။

ယခုလက်ရှိ ဝန်ကြီးတွေကတော့ လယ်/ဆည်ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က လယ်သမားများကို ''ထမင်းတစ်နပ် လျှော့စားရန်'' သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက''ကျွန်တော်တို့ တရုတ်ကိုလည်း ကျေးဇူးရှိပါတယ်'' သမ္မတ နိုင်ငံရေးအကြံပေးအဖွဲ့ ခေါင်းဆောင်ဦးကိုကိုလှိုင်က ''မီးပျက်ရင် ဆန္ဒပြမယ့်အစား အဲဒီဖယောင်းတိုင်တွေ အိမ်မှာထွန်းလိုက်ရင်ပိုအဆင်ပြေသွားမယ်''လို့ အသီးသီးပြောကြားထားခဲ့ကြပါတယ်။ အခုလည်း ဝန်ကြီးရဲ့ ရင်တွင်းစကားကြားရတာရင်နာလိုက်တာ။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးမတိုးတက်တာလည်း မအံ့ဩတော့ပါဘူး။ ခင်ဗျားတို့ အဲဒီလောက် အတ္တမာနတွေကြီးနေမှတော့ ခင်ဗျားတို့သမ္မတကြီးကိုပြန်မေးလိုက်ပါ။ သမ္မတကြီး စကားနဲ့ ခင်ဗျားတို့စကားဟာ နံ့သာဆီနဲ့အီးလို အတော်တန်ဖိုးကွာလှပါတယ်ဗျာ။ သမ္မတကပဲ မှားနေလား။ ခင်ဗျားတို့ပဲမှားနေလား။ သမ္မတက စကားလုံးလှလှလေးတွေနဲ့ ချော့ချော့မော့မော့ ပြောနေပြီး ခင်ဗျားတို့က တပ်မတော်ရဲ့ သဘောထားအမှန်ကို ပြောနေတာလား။ ဒါမှမဟုတ် ခင်ဗျားတို့က သမ္မတကို ဆန့်ကျင်ပြီးတော့ စကားပြောတာလား။ ၂၀၁၀ ရွေးကောက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြိုတင်မဲတွေနဲ့ ဘယ်လိုနိုင်သွားတယ်ဆိုတာ ပြည်သူလူထုအပေါ် မေးစရာမလိုဘူး။ ခင်ဗျားတို့ကိုယ်တိုင် အသိဆုံးဖြစ်တယ်။ ပါးရိုက်တာက လည်း ခင်ဗျားလက်အောက်ငယ်သားတွေကို မတရား ပါးရိုက်ခဲ့တာဖြစ်မယ်။ နိုင်ငံရေးသမားကို ရိုက်လို့ကတော့ သေရင်သေပစေ။ ပြန်ထိုးမှာဖြစ်ပါတယ်။ သေနတ်တကားကားနဲ့ လူထုကို စော်ကားတာ အတော်ကျေနပ်နေပုံရတယ်။ အခုထက်ထိ စမြုံ့ပြန်တုန်း။

ကျွန်တော်သာ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌဆိုရင် ခင်ဗျား လိုလူမျိုးကို ထုတ်ပစ်လိုက်တယ်။ ကြံ့ခိုင်ရေးပါတီကို လူထုနဲ့ကင်းကွာအောင်၊ လူထုမကြိုက် အောင် တမင်ရည်ရွယ်ပြီး ဝန်ကြီးက ပြောနေတာလား။ ကံကောင်းပါတယ် ဝန်ကြီးခင်ဗျ။ ခင်ဗျား ဗမာပြည်မှာ နေပေလို့ပေါ့။ မြောက်ကိုရီးယားမှာနေရင် ခွေးစာကျွေးခံရမှာ သေချာတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



# ပွဲသိမ်းမှာလား ပွဲကိမ်းမှာလား

ကျော်ကျော်နိုင်

(၂၀၁၃)ခုနှစ် ဒုတိယနှစ်ဝက်မှာ လူ့အခွင့်အရေးချိုးဖောက်မှု တစ်ရာကျော်ထဲမှာ မြေယာသိမ်းဆည်းမှုနှစ်အများဆုံးဖြစ်သည်ဟု ND Burma ရဲ့ သတင်းထုတ် ပြန်ချက်မှာပါရှိပါသည်။

(၂၀၁၃)ခုနှစ် ဒုတိယနှစ်ဝက် လူအခွင့် အရေး ချိုးဖောက်မှု (၁၀၆)ခု အထောက် အထားခိုင်ခိုင်မာမာနှင့် မှတ်တမ်းတင်ထားပြီး လယ်ယာသိမ်းဆည်းမှုများမှာ အစိုးရက တိုက်ရိုက်သိမ်းဆည်းမှုနှင့် ဖွံ့ဖြိုးရေးစီ မံကိန်းတွေ အကောင်အထည်ဖော်နေတဲ့အပြင်၊ အစိုးရနှင့် နီးစပ်တဲ့ ခရိုနီတွေက သိမ်းဆည်းမှုတွေလို့ တွေ့ရတယ်လို့ပါ သည်။ (၂၀၁၃)အတွင်းမှာ မွန်ပြည်နယ်၌ လယ်မြေဧက နှစ်သောင်းကျော်ခန့် စစ် တပ်နဲ့ ခရိုနီတွေက သိမ်းဆည်းခြင်းခံထားရသည်ဟု အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။ ပြည်နယ်နှင့် တိုင်း(၁၁)ခုမှာ (၆)လအတွင်း လယ်မြေဧက (၃၅) မှုတွေ့ရတယ် လို့ အစီရင်



www.burmeseclassic.com

www.burmeseclassic.com



ခံစာထဲမှာဖော်ပြထားပါသည်။ လယ်ကေ (၂)သိန်းကျော်ကို တပ်မတော် မှ ပြန်လည်ပေးအပ်မည်ဟုလည်း ကြားသိရပါသည်။

နိုင်ငံတော်အစိုးရတစ်ရပ်အနေနဲ့ ပြည် သူလူထုရဲ့ စားဝတ်နေရေး တာဝန်ရှိတယ်လို့ မယူဆဘူးလား။ လမ်းဘေးကျူးကျော် အိမ်တွေကိုဖျက် သိမ်းတယ်ဆိုတဲ့အကြောင်းတရားတွေမှာ နိုင်ငံခြားကိုထွက်ပြေးတိမ်းရှောင် သွားခဲ့တဲ့ Refugee တွေ တောင်နေထိုင်ဖို့နေရာရကြသေးတယ်။ မြန်မာနိုင်ငံ သားတွေ မြန်မာပြည်ထဲမှာ နေစရာမပေးနိုင်တာ အုံ့သြစရာမကောင်းပေ ဘူးလား။ အမိန့်လေး တစ်ခုထုတ်ပြီးတော့ စာချုပ်စာတမ်းမရှိ ဝယ် ယူထားပြီး မကျူးကျော်ရဆိုတဲ့ ဆိုင်းဘုတ်နှင့် တပ်ပိုင်မြေဆိုတာကလည်းကောင်း၊ ကုမ္ပဏီ ပိုင်မြေမကျူးကျော်ရဆိုတာကလည်းကောင်း၊ အမျိုးမျိုးသောဆိုင်းဘုတ်များ ဖြင့် သိမ်းပိုက်ထားခြင်းကို တရားသည်ဟု ယူဆကာတကယ့် အခြေအနေဖြစ် ရပ်များကို မသိကျိုးကျွံပြု၍ လုံခြုံရေးကို အကြောင်းပြကာ အတင်းအဓမ္မ နေရာမပေးဘဲ ပြောင်းရွှေ့ခဲ့သော် တိုင်းနှင့်ပြည်နယ်အလိုက် လယ်ယာမြေ အမှုပေါင်း (၇၄၅)မှုအနက် (၄၁၈)မှု၊ ကေ ပေါင်း (၂၃၅၆၄၂ဒသသမ ၇၉၂) ကေ ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။ တိုင်ကြားလာသည့် အမှုများတွင် တပ်မတော်နှင့် တပ်ဆိုင်သည့် မြေယာအမှုမှာ အများဆုံးဖြစ်ပြီး ပုဂ္ဂလိကနှင့် သက်ဆိုင်သည့် မြေယာအမှုမှာ ဒုတိယအများဆုံးဖြစ်ကာ တပ်မတော်နှင့် မသက်ဆိုင်သည့် (၅၆၅)မှု အနက် (၃၃၂)မှု ဖြေရှင်းပြီးစီးခဲ့ပြီး ပုဂ္ဂလိ ကနှင့်ဆိုင်သည့် (၉၁)မှု အနက် (၃၆)မှုကို ဖြေရှင်းပြီးစီးကြောင်း အစီရင်ခံစာ အချက်အလက်များအရ သိရသည်။

ဆန္ဒပြမှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော မြေယာမှုများမှာ တပ်မတော်မှ သိမ်းယူထားသော မြေများဖြစ်ပါသည်။ ယခုလောလောဆယ် သတင်းစာမျက် နှာများမှာ သမ္မတကြီးခရီးစဉ်တွင် ပုသိမ်က ဆန္ဒပြသူနှစ်ဦးကို ပြည်သူ့ရဲက ပုသိမ် မြို့အမှတ်(၂)ရဲစခန်းတွင် ခေါ်ယူသိမ်းထား ပြီး (၁၂း၀၀)နာရီကျော် ကျော်တွင် ကိုယ်တိုင်အာမခံနဲ့ ပြန်လည်လွှတ်ပေးလိုက်သည်။ (၁၉၉၈)ခုနှစ်က ရေနံကွင်းစီမံကိန်းဟုဆိုကာ ရော့ရွှေမြေကုမ္ပဏီမှ ကန်ကြီးထောင့်မြို့နယ် အတွင်း ကေ(၂၀၀၀၀)ခန့် အား လျော်ကြေးမပေးဘဲ သိမ်းယူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသိမ်းယူမှုအပေါ် သမ္မတခရီးစဉ်သည် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးရေးအတွက် လာရောက်ကြောင်း သိသဖြင့်ကျေးလက် လယ်သိမ်းခံပြည်သူများက ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်ပါဝင်ခဲ့သော ဦးမြင့်နိုင်နှင့် ဦးအုန်းမြိုင်နှစ်ဦးကို (၂၁၀၀)နာရီကျော် ထိန်းသိမ်းထားခြင်းဖြစ်ပါသည်။ ၎င်းမြေကို သိမ်းခံရမှုဖြစ်စဉ်မှာ ယခုလွှတ်တော် ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း၊ တိုင်းမှူးဖြစ်စဉ်က ဖြစ်ရပ်ဟု မြစ်မခသတင်းတွင် ဖော်ပြထားပါသည်။

ဒုတိယ ဖြစ်စဉ်မှာ ဒဂုံဆိပ်ကမ်းရှိ လယ်မြေများကို အင်အားသုံးခြံခတ်သည့် ကောင်းမြန်မာအောင် ကုမ္ပဏီနှင့် တောင် သူများ၏ နေရာပြဿနာဖြစ်ပြီး ၎င်းမြေကွက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကောင်းမြန်မာအောင် ကုမ္ပဏီလီမိတက်သို့ (၂၀၁၃)ခုနှစ် မေလ (၂၀)ရက်နေ့တွင် နှစ် (၆၀)အငှားချထားခဲ့သဖြင့် ဖြစ်ပေါ်လာသော အမှုဖြစ်ပြီး (၁၉၀၄)နှစ်က နိုင်ငံတော်မှ သိမ်းယူပြီးပြေစာကဲ့သို့ အထောက် အထားရှိ ပြီး မူလမြေဖြစ်သဖြင့် ပိုင်ဆိုင်မှု အငြင်းပွား နေသောနေရာဖြစ်ပါသည်။

ယခုလောလောဆယ် ဖေဖော်ဝါရီလ (၄)ရက် မနက်စောစောပိုင်းက အင်အား တစ်ထောင်ကျော် အသုံးပြုကာ အိမ်ထောင်စုစုပေါင်း (၁၅၀)ခန့် လူဦးရေ(၅၀၀) ကျော်ရှိပြီး သမီးလေးကျေးရွာ ဖယ်ရှားခဲ့ သော အမှုဖြစ်သည်။ ပို၍ ဆိုးသည်မှာ အိမ်ဖျက်ခံရ၍ ဘုန်းကြီးကျောင်းသို့ ပြောင်း ရွှေ့နေထိုင်ရသောလူအများကို ထပ်မံဖယ်ရှားဖို့ အမိန့်ပေးခြင်းဖြစ်ပါသည်။ သမီးလေးကျေးရွာရှိသည် မရှိသည်ဆိုသော အငြင်းပွားသည့်နေရာမှာ အိမ်ခြေ(၁၅၀) ခန့် ဖယ်ရှားခံခဲ့ရခြင်းဖြစ်ပါသည်။ ထို့အတူ ဒဂုံအရှေ့ပိုင်း (၁၃၄)ရပ်ကွက် ကျူးကျော် တဲများကို ဖျက်သိမ်းခြင်းကိစ္စကို ဖေဖော် ဝါရီလ(၈)ရက်နေ့က ဖြစ်ခဲ့ပြန်ပါသည်။

လှိုင်သာယာ ရွှေလင်ပန်းကျောင်း အနီးရှိ ကျူးကျော်တဲ(၂၀၀၀)ခန့် ရန်ကုန် တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဖျက်သိမ်းခဲ့ပြီး ပန်းလှိုင်တံတား အဆင်း တွံတေးဘက်အခြမ်း ကျူးကျော်တစ်နေရာကို (၂၀၀)ကိုလည်းဖျက်သိမ်းခဲ့ပါသည်။ လှိုင်သာယာ ကျွန်စစ်သားလမ်းပေါ်ကျူးကျော် တဲ(၁၀၄)ခန့်ကို ရဲတပ်ဖွဲ့ဝင်နှင့် စည်ပင်သာယာ(၁၀၀၀)ခန့်ကဖယ်ရှားခဲ့ဖျက်သိမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ၎င်းဖြစ်စဉ်များမှာ ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များမှ ရန်ကုန်မြို့သို့ အလုပ်အကိုင်လာလုပ်သူများဖြစ်ပြီး အိပ်စရာ၊ ကျောတစ်နေရာစာအတွက်ရှာဖွေနေထိုင်သူများဖြစ်ပါသည်။ သူတို့အတွက် မီးသွယ်ပေးရန်မလို၊ ရေသွယ်ပေးရန်မလို၊ ဖြစ်သလို ရုန်းကန်နေရသော ထမင်းနပ်မှန်စားသောက်ရေးကိုသာအလေးထားနေရသော မြန်မာနိုင်ငံသားစစ်စစ်များ ဖြစ်ပါသည်။ တကယ့် အလုပ်သမားလူတန်းစားများဖြစ်ပြီး ပုန်းခိုးရာမရှိ သော လူမွဲဆင်းရဲသားများအတွက် ကိုယ်ချင်းစာနာစိတ်မရှိဘဲ အင်အားသုံးဖျက်ဆီးလိုက်ခြင်းမှာ အစိုးရနဲ့ အုပ်ချုပ်သူအဆင့်ဆင့်တို့သည် ပြည်သူပြည်သားများ အပေါ် ဥပက္ခာပြုနိုင်လွန်းရာကျပါသည်။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ဘဝကို ခက်ခဲစွာဖြတ်သန်းနေရသောလူမွဲလူတန်းစားများ အတွက် မည်သည့်တာဝန်မှ မယူရဘဲ ကျောချထားရာ တစ်နေရာအတွက် စီစဉ်ပေးရန်အစိုးရနှင့် အုပ်ချုပ်သူလူတန်းစားတို့မှာ တာဝန်ရှိပါသည်။

ယခုအခြေအနေမှာ နိုင်ငံရေးနယ် ပယ်အသီးသီးမှ ပုဂ္ဂိုလ်များသည်လည်း ကောင်း၊ ပြည်သူ့အတွက်ဟု ကြွေးကြော်နေသော ပါတီများသည်လည်းကောင်း၊ Civil Sock ဟုခေါ်သော ဤဒုက္ခရောက် နေသော ပြည်သူများဘက်က ရပ်တည်၍ တိုက်ပွဲဝင်မှသာ ပြည်သူတို့ပွဲသိမ်းပြီး၊ မတရားမှုများ ရပ်တန့်သွားမည်ဟု ဆိုရပေတော့မည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အလံလှုပွဲများရုပ်ပစ်

ကျော်ကျော်နိုင်

မြန်မာပြည်မှာ အလံလှုပွဲတွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ ပထမဦးဆုံးလှုပ်ရှပ်ကတော့ ဖဆပလလက်ထက်မှာ ပထမဦးဆုံး ဖဆပလ နှစ်ခြမ်းကွဲတယ်။ အဲဒီတုန်းက ဦးကျော်ငြိမ်းနဲ့ဦးဗဆွေတို့ မူရင်းအမည်ကို ယူလိုက်တဲ့အခါ ဦးနုက ရဲရဲဝံ့ဝံ့ပဲ နာမည်အသစ်နဲ့ တစ်စင်ထူထောင်ခဲ့တယ်။

NLD တွေ ရွေးကောက်ပွဲမဝင်ဘူး ကြေညာပြီး အဖမ်းခံကြရ၊ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အထိန်းသိမ်းခံရချိန် ကာလတစ်ခု။ ၁၉၉၀ကတည်းက NLD အလံကို လှုဖို့ကြိုးစားတဲ့ အဖွဲ့နှစ်ဖွဲ့ပေါ်ပေါက်လာခဲ့ပါရော။ တစ်ခုက NDF ဆိုပြီး ဒေါက်တာသန်းငြိမ်းနဲ့ ဦးခင်မောင်ဆွေက ခွဲထွက်၊ ပြီးတော့ နောက်တစ်ခု ဝံသာနု NLD ဆိုပြီး NLD ခေါင်းမြီးခြုံနဲ့ ရွေးကောက်ပွဲဝင်ဖို့ ကြိုးစားလာကြ။ ဒါတင်မက ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးပါတီကလည်း နှစ်ခြမ်းကွဲပြီး ရွေးကောက်ပွဲဝင်တဲ့ ဒီငြိမ်းနဲ့ ရွေးကောက်ပွဲ မဝင်တဲ့ ဒီငြိမ်းဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အစုနှစ်စု ဖြစ်ပြန်ပါရော။ တစ်ခါ ၈၈ ကျောင်းသားတွေ ထောင်ထဲက မထွက်သေးခင်မှာပဲ ၈၈ အလံကို လုယူသုံးစွဲဖို့ ကြိုးစားသူတွေပေါ်ပေါက်လာပြန်တယ်။ ခုအချိန်မှာတော့ နိုင်ငံရေး ပါတီတွေထဲမှာ လူ့ဘောင်သစ်ပါတီက လောလောလတ်လတ် နှစ်ခြမ်းကွဲနေပြန်ပြီ။ နိုင်ငံခြားပြန် လူ့ဘောင်ပါတီနဲ့ ပြည်တွင်း ဖြစ်လူ့ဘောင်ပါတီ . . . . တို့တဲ့။ ဒီအလံတွေ ဘာလို့များ လုကြသလဲလို့ စဉ်း စားကြည့်လိုက်တော့ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်လမ်းစဉ်ကိုယ်တင်ပြီး ရဲရဲဝံ့ဝံ့မလျှောက်လှမ်းချင်ကြလို့ပဲ။ တစ်ချိန်ကအတိတ်သမိုင်းမှာ ကြီးကျယ်ခမ်းနားစွာ တည်ရှိဖြစ် ထွန်းလာမှုတွေကို ခေါင်းပုံဖြတ် ချင်နေကြတာလား။ ဒါမှမဟုတ်လုပတဲ့သမိုင်းကို အသုံးချပြီး ရပ်တည်မှုတစ်ခုရယူလိုတာလားဆိုတာ မပြောတတ်အောင် ဖြစ်နေ တော့တယ်။ တကယ့်ဖြစ်ရပ်မှန်မှာလုပတဲ့ တိုက်ပွဲသမိုင်းကို အတိတ်သမိုင်းမှာ ဂုဏ်ယူစွာ ဘောင်ခတ်သိမ်းဆည်းထားပြီး မိမိရဲ့နိုင်ငံရေးရပ်တည်မှုနဲ့ အသစ်မွေးဖွားဖန်တီးထူထောင်နိုင်အောင် မကြိုးစားသင့်ကြပေဘူးလား။ အတိတ်သမိုင်းကို အသုံးချပြီး ရာဇဝင်ရိုင်းအောင် မလုပ်ဆောင် သင့်ကြပါ ဘူး။ ဦးနုလည်း ဖဆပလအကွဲအပြဲမှာ သတ္တိရှိရှိနဲ့ ဖဆပလလို့ခွဲထွက်လိုက်တဲ့ အခါမှာဆိုရင်အနိုင်ရပါတီတစ်ရပ် အနေအထားကနေ 'ပထစ'အစိုးရရယ်လို့ ဖြစ်လာတာပဲမဟုတ်လား။

နိုင်ငံရေးမှာ ရပ်တည်မှုမှန်တယ်၊ လမ်းစဉ်မှန်တယ်၊ မူဝါဒရှိရှိလုပ်ဆောင်သွားကြမယ်ဆိုရင် တစ်ချိန်ချိန်မှာတော့ အောင်မြင်မှုရရှိမှာအမှန်ပါပဲ။ နိုင်ငံရေးကို အမွေဆိုင်ပစ္စည်းပမာသဘောထားပြီး လျှောက်လှမ်းနေမယ်ဆိုရင်တော့ ပထမဟာ ကိုယ်မဟုတ်သလို၊ ဒုတိယဖိုးစိန်ဟာ ဒုတိယ ဖိုးစိန်ပဲဖြစ်နေမှာသေချာတယ်။ ဒီအချိန် ကာလကြီးဟာနိုင်ငံရေးအရ အင်မတန်ရိုးစင်းစွာရပ်တည်နေထိုင်ကြရ မှာဖြစ်ပြီး မရိုးမသား ဝေ့လည်ကြောင်ပတ်လုပ်သူများနဲ့ ရင်ဆိုင်တိုက်ခိုက်နေရတဲ့ အချိန်လည်း ဖြစ်နေတယ်။ **ဒီမိုကရေစီခရီးနီးနီးလေးမှာလား . . .၊ အဝေးကြီးမှာလား . . .၊** မသိသာ လောက် အောင်ဖြစ်နေတဲ့ ကာလအတွင်း ရှေ့ဆက်တိုက်ယူရမယ့်တိုက်ပွဲတွေမှာ ထွန်းထွန်း ပြောင်ပြောင်လုပ်ကြဖို့လိုပြီ . . . လို့ ထင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



စနစ်ကျတဲ့ ပါတီနိုင်ငံရေးကို စနစ်တကျ စည်းရုံးဖော် ဆောင်နိုင်တဲ့ ခေတ်ကြီးမှာကိုယ့်အရည်အသွေး ကိုယ်ထုတ်ဖော်ပြရမယ့် အချိန်ဆိုက်ရောက် ပါပြီ။ အနာဂတ်ဒီမိုကရေစီတိုက်ပွဲတွေမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမှသာ အဖွဲ့အစည်းဟာ နောက်က အင်အားရှိမှာဖြစ်ပါတယ်။ တစ်ဖွဲ့ နဲ့တစ်ဖွဲ့ရိုးသားစွာယှဉ်ပြိုင်ပြီး နိုင်ငံအတွက် ကြိုးပမ်းလုပ်ဆောင်ကြစမ်းပါ။ ခေါင်းဆောင် ကောင်းတွေဖြစ်အောင် ကြိုးစားအားထုတ်လိုက်ကြစမ်းပါ။ အလံလုပွဲတွေ ． ． ． ． ． ရုပ်ပစ် ． ． ．။



www.burmeseclassic.com

www.burmeseclassic.com


# နိုင်ငံတော်သမ္မတကြီးသာ အရိုးသားဆုံးလို့သတ်မှတ်ထားပါတယ်

ကျော်ကျော်နိုင်

၈၈ အရေးတော်ပုံကြီးနောက်ပိုင်းမှာ အုပ်ချုပ်လာတဲ့စစ်ဗိုလ်ချုပ် များထဲတွင် အရိုးသားဆုံးအဂတိလိုက်စားမှုအကင်း ဆုံးနှင့် စကားပြောအကောင်းဆုံး အပျော့ပျောင်းဆုံးဟု နာမည်ရတာ၊ ကျွန်တော် တို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဖြစ်ပါသည်။ တိုင်းမှူးဖြစ်ခဲ့ပြီး နဝတအနေဖြင့် လမ်းပြမြေပုံ (၇)ချပ်ရေးဆွဲခဲ့ပြီး အမျိုးသားညီလာခံကျင်းပချိန်မှာ ညီလာခံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော သူဖြစ်ပါသည်။ ၂၀၀၈ အခြေခံဥပဒေကိုလည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူစိတ်ကြိုက် ရေးဆွဲခဲ့သူ တစ်ဦးလည်းဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်များအတွင်းပေါ်ပေါက်ခဲ့သော Wikipedia သံတမန်ဆိုင်ရာ ပေါက်ကြားမှု စာတွေအရ ၂၀၀၇ခုနှစ် ရွှေဝါရောင်တော်လှန်ရေးအပြီး အာဆီယံအစည်းအဝေးမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်မစ္စတာဂန်ဘာရီအားမြန်မာ အရေး


www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ စကားပြောဖို့ အာဆီယံခေါင်းဆောင်များက ခွင့်ပေးလျှင် အစည်းအဝေးခန်းမမှ ထွက်လာခဲ့ဖို့နှင့် အမေရိကန်ကပြုလုပ်သည့် ဒဏ်ခတ် အရေးယူပိတ်ဆို့မှုများ ပေါ့လျော့အောင် ဥပ္ပါယ်တံမျဉ်လုပ်ဖို့ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေမှ ဝန်ကြီးချုပ်ဖြစ်သူ ဦးသိန်းစိန်အား မှာကြားခဲ့ကြောင်း ဖော်ပြ ထားခဲ့ပါသည်။

စင်ကာပူနိုင်ငံက လုပသည့် သစ်ခွပန်းကို derdrobium ဒါဒရှိဗီ ယမ်သိန်းစိန်ဟု အမည်ပေးကင်ပွန်းတပ်လောက်အောင် အာဆီယံအဖွင့်

**အဂတိလိုက်စားမှုအမျိုးမျိုးအလယ်မှာ ရှင်သန်နေကြသည့်**
**ဗိုလ်ချုပ်ကြီးများကြားမှာ သမ္မတကြီးဦးသိန်းစိန်သည်**
**လာဘ်စားမှုအနည်းဆုံးဟု သတ်မှတ်ကြသည်။**
**(သုံးသိန်းအောက်လက် ဆောင်ပစ္စည်းများသာယူကုန်ကြပါသည်)**
**အန်တီတို့ကပိုက်ဆံရှိတာမဟုတ်ဘူး အစိုးရပေးသည့်အိမ်မှာ**
**နေရတာဟု သမ္မတကြီး၏ ဇနီးပြောခဲ့သည့်**
**လက်သုံးစကားဖြစ်ပါသည်။**

မျက်နှာစာမှာ အောင်မြင်ခဲ့သည်။ စစ်အာဏာသိမ်း နဝတ၊ နအဖ ထိပ်တန်း စစ်ဗိုလ်ချုပ်ကြီးတွေအနက် အမေရိကန်မြေကို ပထမဆုံးခြေချနိုင်သူ တစ်ဦး လည်းဖြစ်ပါသည်။ လူချစ်လူခင်ပေါ်များပြီး စကားပြောကောင်းသည်။ အုပ် ချုပ်မှုကျွမ်းကျင်သည်။ သို့ရာတွင် စီးပွားရေးအမြင်အားနည်းကြောင်း သုံးသပ်ချက် များရှိနေသဖြင့် လားစိုးမြင့်ကဲ့သို့ ရှမ်းတရုတ်လူမျိုးနှင့် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ကို လက်သပ်မွေးထားနိုင်ပါသည်။ ခရီး သွားလျှင် ဦးတေဇနှင့် ဦးဇော်ဇော်တို့သည် သမ္မတကြီး၏ အခြံအရံများ အဖြစ်လိုက်ပါသွားတတ်ပါသည်။ အဂတိ လိုက်စားမှု အမျိုးမျိုးအလယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်နေကြသည့် ဗိုလ်ချုပ်ကြီးများကြားမှာ သမ္မတကြီး ဦးသိန်းစိန်သည် လာဘ်စားမှုအနည်းဆုံးဟု သတ်မှတ်ကြသည်။ (သုံးသိန်းအောက်လက် ဆောင်ပစ္စည်းများသာယူကုန်ကြပါသည်) အန်တီတို့က ပိုက်ဆံရှိ တာမဟုတ် ဘူး အစိုးရပေးသည့်အိမ်မှာ နေရတာဟု သမ္မတကြီး၏ ဇနီးပြောခဲ့သည့် လက်သုံးစကားဖြစ်ပါသည်။ တိုင်းမှူးဘဝက သမ္မတကတော် မုန့်ဟင်း ခါးရောင်းဖို့ ကြံစည်ကြောင်းစသည့် ရိုးသားဂုဏ်ဖွဲ့ ဆောင်းပါးတစ်ပုဒ်လည်း ဖတ်ခဲ့ဖူးပါသည်။

သို့သော် မြန်မာသံတော်ဆင့်က ဦးဖေအောင်ရေးသားသည့် အတိုင်းဆို လျှင် သမ္မတကြီး၏ လယ်ဝေးအိမ်ရာမှာ ဧက ၅၀၀ရှိသည်။ ဆန်စက်နှစ်လုံး၊ သစ်ခွနှင့်နဂါးမောက်ခင်းများ၊ နွား၊ ကြက်၊ ဝက်မွေးမြူရေး ခြံကြီးများနှင့်အတူ ဆန်ဂိုထောင် ၂လုံးရှိသည်။ ဆန်စက်တစ်လုံးကို အသီးအနှံထားဖို့ အအေး ခန်းနှင့် စင်ကာပူက အင်ဂျင်နီယာများ လာရောက်တပ် ဆင်ပေးထားသည့် ခရမ်းသီး၊ သခွားသီးများ ပျိုးမည့်အဆောက်အအုံဖြစ်သည်။ ရွှေသံလွင် ကျော်ဝင်းမှ တာဝန်ခံဆောက် လုပ်သည်ဆိုပြီး ဆည်မြောင်းဦးစီးဌာနက လူရော၊ ငွေရော အကုန်အကျခံ ဆောက်လုပ်ပေးသည်ဟု ဆိုပါသည်။

ထို့အပြင် ၁၀၅ မိုင် အမြန်လမ်း သရက်ခြံတစ်ခုရှိကြောင်း ရေးသားထား သည်ကို တွေ့ရပါသည်။

သံတော်ဆင့်သတင်းစာသည် မည် သို့ ရည်ရွယ်ချက်နှင့် ရေးသည်ကို မသိပါ။ ပုန်းလျှိုးကွယ်လျှိုးလုပ်ထားသည်တော့ မဟုတ်ပါ။ အများပြည် သူသိရှိပြီးသားနေရာဖြစ်ပါသည်။ ခရိုနီများထက်ချမ်းသာသော ဦးအောင် သောင်းအကြောင်းကို ဆက်လက်ဖော်ပြပေးပါဦးဟု စာရေးသူ ဆရာဦးဖေ အောင်အား တောင်းဆိုလိုက်ရပါသည်။ ကြံ့ခိုင်ရေးတွင် လုပ်ခဲ့သော နာယက ကြီးမည်မျှချမ်းသာကြောင်းကိုလည်း ရေးရန် ဆန္ဒမရှိဘူးလားဟု မေးလို ပါသည်။ ထို့အတူ နေပြည်တော်အား တာဝန်ယူတည်ဆောက်သွားသော လက်ပံတောင်းတောင် ရောဝတီမြစ်ဆုံတို့အတွက် လက်မှတ်ရေးထိုး လာဘ် စားသွားသော သီဟသူရတင်အောင်မြင့်ဦးအကြောင်းကိုလည်း ရေးသားပေး



www.burmeseclassic.com

www.burmeseclassic.com


လျှင် အထူးကျေးဇူးတင်မည်ဖြစ်ကြောင်း ဦးဖေအောင်အား တင်ပြပါသည်။

သူရ ရွှေမန်း၏ ဘက်တော်သားအဖြစ် ရေးသားမည်ဟုယူဆပါလျှင် သူရ ရွှေမန်းနှင့် ဦးသိန်းစိန်အား မည်သူသမ္မတဖြစ်သင့်ကြောင်း တိုက်ရိုက်ဖော်ပြသင့်ပါသည်။ ကျွန်တော်တို့ ပြည်သူတစ်ယောက် အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲအတွက် စည်းရုံးလှုံ့ဆော်စရာစကား တစ်ခွန်းလက် ဆောင်ပါးလိုက်ပါရစေ။ ၂၀၀၈ အခြေခံ ဥပဒေဖွဲ့စည်းပုံ၏ ပြည်သူများ လိုအင်ဆန္ဒရှိသည့်အတိုင်း ပြုပြင်ပေးနိုင်သည့်သူသာလျှင် သမ္မတဖြစ်သင့်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com



# စမ်းတဝါးဝါးနိုင်ငံရေး

ကျော်ကျော်နိုင်

၂၀၁၅ ရွေးကောက်ပွဲကြီးနီးလာပြီ အခြေခံဥပဒေပြင်ဆင်ရေးဆိုတာနဲ့ လူထုခများ အောက်ခြေကနေ ဆန္ဒပြနေတာလည်း အများအသိပဲ။ ဆန္ဒပြတာကို ခွင့်ပြုပြီး ဘာမှ တုံ့ပြန်မှုမရှိတာက "မင်းတို့ ပြချင်သလောက်ပြ၊ ငါတို့လည်း အဆင်ပြေသလို လုပ်မယ်ဆိုတဲ့ သဘောထားတွေများ ပြနေသလားလို့ ထင်မှတ်ရပါတယ်။ အစပထမပိုင်းမှာ လွှတ်တော်ကလည်း ဖွဲ့စည်းပုံပြင်မယ်၊ ကြံ့ခိုင်ရေးကလည်း ဖွဲ့စည်းပုံပြင်မယ်၊ သမ္မတကလည်း၊ ဖွဲ့စည်းပုံပြင်မယ်၊ တပ်မတော်ကလည်း ဖွဲ့စည်းပုံပြင်မယ်နဲ့ ဟန်ရေးပြနေလိုက်တာ အခုတော့ တစ်ဆစ်ချိုးကွေ့ကုန်ကြပြီ။ လူထုက ၄၃၆နဲ့ ၅၉(စ)(ဃ)ပြင်မယ်လို့ တစ်ခဲနက်ဆန္ဒပြတောင်းဆိုကြတဲ့အခါမှာ သမ္မတကစပြီးတပ်မတော် ဦးစီးချုပ်ရော ၄၃၆ မပြင်ဘူးဆိုတဲ့စကားများ၊ စကားလုံးလှလှသုံးပြီး ငြင်းဆို



www.burmeseclassic.com

www.burmeseclassic.com



နေတာတွေ့ရပါတယ်။ ထို့အတူ လွှတ်တော်နာယကကြီးကလည်း လေသံပျော့ပျော့ပဲ ကျန်တော့တယ်။ စရိုက်ကို မထိန်းနိုင်တဲ့ ဧရာဝတီတိုင်းဝန်ကြီးချုပ် ဦးသိန်းအောင်ကတော့ အခြေခံဥပဒေပြင်ဆင်ဖို့ဆိုပြီး တောတောင်း၊ တောင်တောင်းတွေ တောင်းမနေကြနဲ့တော့ဆိုတဲ့ ပြတ် ပြတ်သားသားပြောကြားသံကို ကြားလိုက်ရပါတယ်။ ဒီအချိန်မှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်တို့ ဖွဲ့စည်းပြီး ၄၃၆ကို ပြင်ဆင်ရန် ပူးပေါင်းလိုက်ကြ ပါတယ်။ ဒီဇင်ဘာလ ၃ ရက်နေ့က စပြီး မရပ်မနား ဆန္ဒပြတဲ့သူတွေ စုပေါင်းဖွဲ့စည်း

သူတို့ထဲမှာ ကားစီးပြီး နိုင်ငံတကာကို
ခွက်ထိုးတောင်းစားတဲ့သူ တစ်ကောင်မှမပါဘူးဆိုတာ
နားလည်ထားစမ်းပါ။ နိုင်ငံရေးကိုငါတို့လုပ်မှရမယ်ဆိုတဲ့
စိတ်ဓာတ်နဲ့တော့ မလုပ်နဲ့။
မင်းတို့ကို တစ်သက်လုံးစိန်ခေါ်တယ်။
ပုဒ်မ ၄၃၆ မပြင် ပြီးရင် ဘာဆက်လုပ်မလဲဆိုတဲ့
နိုင်ငံရေးကို တွေးထားစမ်းပါ။

ထားတဲ့ ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေး ကော်မတီအဖွဲ့ဝင်များဟာ အခြေခံဥပဒေ ပြင်ဆင်ရေးဆန္ဒပြခြင်းများ နဲ့အတူ လူထုဆန္ဒပြလွှာများကို လိုက်လံ ကောက်ခံလျက်ရှိပါတယ်။ ၈၈ မျိုးဆက်နဲ့ ဒီချုပ်တို့ ဖွဲ့စည်းထားတဲ့ လူထုဆန္ဒပြမှု ကော်မတီကကျင်းပတဲ့လူထုအစည်း အဝေး ပွဲကြီးကို ၁၇–၅–၂၀၁၄ တွင် ကျင်းပမည်ဟုဆို၍ ဝမ်းသာအားရနဲ့ အဖွဲ့မှ ကိုယ် စားလှယ်များက ရေပွင့်လင်းလူ့အဖွဲ့ အစည်းကို သွားရောက်ဆွေးနွေးပြီး ဆန္ဒပြလွှာများ ကောက်ခံခွင့်တောင်းခံပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ တာဝန်ရှိသည်ဆိုသော ကိုပြုံးချိုက "ခင်ဗျားတို့ ကျွန်တော်တို့လုပ်တဲ့ပွဲကျမှဘာဖြစ်လို့ ဒီလက်မှတ်ထိုးရတာလဲ"ဟု မေးပါသည်။

ခွင့်မပြုနိုင်ကြောင်းလည်း ပြောကြား လိုက်ပါသည်။ ကိုပြုံးချို သိဖို့ကောင်းသည်မှာ ခင်ဗျားတို့ မလုပ်ခင် ဖန်နဝါရီလ ထဲက စတင်လုပ်နေသူတွေဖြစ်ပါတယ်။ နိုင်ငံရေးကိုနေပူကျဲတောက်ကြီးထဲမှာ ထွက်ပြီးဆန္ဒပြနေတဲ့သူတွေလည်း ဖြစ်ပါတယ်။ ငါတို့လုပ်မှဖြစ်မယ်ဆိုပြီး ငါတို့အောက်ဝင်ဆိုတဲ့ သဘောထားမျိုးနဲ့တော့ သည်ပုဂ္ဂိုလ်တွေကို ဆက်ဆံလို့မရပါဘူး။

ဒီထဲမှာပါဝင်တဲ့အများစုဟာ တကယ့်ကိုယ်ကျိုးစွန့်အနစ်နာခံ လမ်းပေါ်ထွက်ပြီး ဆန္ဒပြနေသူအများစုဖြစ်ပါတယ်။ ရေမှာ မင်းတို့ လုပ်သလောက်တော့ ဝိုင်းဝန်းလုပ်ဆောင်ကြိုးပမ်းကြသူများဖြစ်ပါတယ်။ သူတို့ထဲမှာ ကားစီးပြီး နိုင်ငံတကာကို ခွက်ထိုးတောင်းစားတဲ့သူတစ်ကောင် မှ မပါဘူးဆိုတာနားလည်ထားစမ်းပါ။ နိုင်ငံရေးကို ငါတို့လုပ်မှရမယ်ဆိုတဲ့ စိတ် ဓာတ်နဲ့တော့ မလုပ်နဲ့။ မင်းတို့ကို တစ်သက်လုံးစိန်ခေါ်တယ်။ ပုဒ်မ ၄၃၆ မပြင် ပြီးရင်ဘာဆက် လုပ်မလဲဆိုတဲ့ နိုင်ငံရေးကို တွေးထားစမ်းပါ။ အစိုးရနှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားတဲ့ထဲမှာ ခြေ/ဥက အဖွဲ့တွေတစ်ယောက်မှ မပါဝင်ဘူး။ ဒါကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတဖြစ်ရေး ပိတ်ပင်တားဆီးထားတဲ့၊ ရည်ညွှန်း ရေးဆွဲထားတဲ့ ပုဒ်မ ၅၉(စ)နဲ့(ဃ)ကို ကျုပ် တို့ တရားဝင်ထည့်ထားတာဖြစ်တယ်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ သေနတ်အောက်ကရေးဆွဲထားတာ၊ ပြည် သူလူထုရဲ့သဘောဆန္ဒမပါဘူး။ ပြည်သူရဲ့ ကိုယ်စားလှယ်အစစ်တွေ မပါဘူးဆိုတာ တစ်နိုင်ငံလုံးအသိဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေများစွာရှိ တဲ့ အထဲမှာ ၂၀၁၅ ရွေးကောက်ပွဲရဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲအစစ်အမှန် ဖြစ်ဖို့ ၂၀၀၈ အခြေခံဥပဒေလည်း ပြင်ရမယ်။

ငြိမ်းချမ်းရေးလည်း တည်ဆောက်ရမယ်။ ဥပဒေမှာလည်း တရားမျှတတဲ့ တရားဥပဒေ စိုးမိုးဖို့အတွက် ဆောင်ရွက်ရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com


လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်း ကိစ္စတွေလည်း ဖြေရှင်းရဦးမယ်။ လောလောဆယ် လက်ပံတောင်းတောင် အနိုင်ကျင့်ခံရမှုတွေကို ဆောင်ရွက်ရဦးမှာဖြစ် သလို မြစ်ဆုံရေ၀တီနဲ့ အခြားနိုင်ငံတကာနဲ့ ချုပ်ဆိုပြီး ခြေပုန်းခုတ်ထားတဲ့ စီမံကိန်းတွေကိုလည်း ဖြေရှင်းရဦးမယ်။ ဒီလောက်များပြားတဲ့ အကြောင်းအရာတွေထဲမှာ ပြည်သူနဲ့တန်းတူ ပြည်သူတစ်ရပ်လုံး ညီညွတ်ဖို့ ဆိုတဲ့ စကားတွေနဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့်လမ်းမှာ အကန့်အသတ်တွေ အများအပြားနဲ့ စမ်းတဝါးဝါး လျှောက်လှမ်းနေကြမယ်ဆိုရင် . . . ။

■



www.burmeseclassic.com

www.burmeseclassic.com



# ပြောမယုံ ကြုံဖူးမှသိ

ကျော်ကျော်နိုင်

မေလ(၂၂)ရက်နေ့တွင် Shagarila Hotel၌ ကျင်းပသည့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ တစ်နေ့လျှင်ငွေ ၂၀၀၀ိ/– ကျပ် နှင့်တည်းခိုစားသောက်နိုင်ခဲ့သော ဒုသမ္မတ ကြီးဦးဉာဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ စကားလုံးများ၏ အရှင်သခင် သည် ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရာ၌ ကြားရသူအပေါင်းနှစ် ထောင်းအားရရှိသည် မှာသေချာလောက်ပါ၏

မြန်မာနိုင်ငံတည်ငြိမ်မှုနှင့် လူမှုစီးပွားတိုးတက်မှုသည် ဆက်စပ်လျက်ရှိပါ ကြောင်း နိုင်ငံရေးစာမျက်နှာတွင် ပြုပြင် ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက် များအားလုံးသည် ပိုရှုပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိကာ အားလုံးအတွ ပါဝင်နိုင်သည့် ချဉ်းကပ်မှုပုံစံနှင့် ဆောင်ရွက်နေပါကြောင်း ပြောကြားချိန်တွင်

တပ်မတော်အစိုးရက ဦးဆောင်ရေးဆွဲ ထားသော ၂၀၀၈ အခြေခံဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ကို လူထုတောင်းဆိုသည့် အတိုင်းပြင်ဆင်ပေးရန် မဖြစ်နိုင်ဘဲ လွှတ်တော်က ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် ပြဋ္ဌာန်းချက်များကိုသာ ပြင်ဆင်သွားမည် ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အကောင် အထည်ဖော်မှု ကော်မတီဝင် ဦးတီခွန်မြတ်က ပြောကြားပါသည်။ တပ်ကရေးဆွဲခဲ့ သည့် ဒီဥပဒေက သူ့ဘက်ပါနေတယ်၊ ကိုယ့်ပြည်သူက ပြင်စေချင်သည့် အတိုင်း လည်းလုပ်လို့မရဘူး။ ဒါကြောင့် ဥပဒေကိုဥပဒေအတိုင်းပဲလုပ်ရမည်ဟု ၎င်းကဆိုပါသည်။ လူထုကတောင်းဆိုသည့် အတိုင်းပြင်ဆင်မည် မဟုတ် သည့်အပြင် တပ်မတော်၏ လိုလားချက်များကို လိုက် လျောပြီး ပြင်ဆင်သင့် သည့် အချက်များကိုမပြင်ဘဲနေမည်ဖြစ်ကြောင်း ၎င်းကထပ် လောင်းပြော ကြားပါသည်။

ဦးဉာဏ်ထွန်းပြောကြားရာတွင် နိုင်ငံရေးတည်ငြိမ်မှု သေချာစေရန် အတွက်မိမိတို့အနေဖြင့် ပိုမိုရှုပ်ထွေးကြီးထွားလာမည်ဖြစ်သော နိုင်ငံရေးစနစ်ကို တည်ဆောက် လျက်ရှိပါကြောင်း ပြည်သူတို့၏အခွင့်အရေး များကို တိုးမြှင့်ရန်၊ ကာကွယ်ရန်ရည်ရွယ်သည့် ဥပဒေများရှိရန်ဆောင်ရွက်နေပါကြောင်း၊ ဒေါ်အောင် ဆန်းစုကြည် "မန္တလေးတွင် NLD အဖွဲ့ချုပ်နဲ့ ၈၈ ပွင့်လင်းအဖွဲ့အစည်း တို့ ပူးပေါင်းပြီးရန်ကုန်နဲ့မန္တလေးမြို့တို့မှာ ပြုလုပ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလူထုအစည်းအဝေးမှာ "သမ္မတဦး သိန်းစိန်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်လိုခြင်းမရှိဘူး" လို့ပြောဆိုခဲ့ပါတယ်။ ဒီပြောဆိုမှုနဲ့ ပတ်သက်လို့ သမ္မတ ရဲ့ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က အခုလိုပြောကြားပါတယ်။ "ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောကြားချက် က သူလိုချင်တာကို မဖြစ်တဲ့အတွက် ကြောင့်မို့ စွပ်စွဲပြောဆိုတယ်လို့ပဲ ကျွန်တော် မြင်တယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေ ခံဥပဒေမှာ သမ္မတကြီးကပြင်ချင် ရင်ပြင်နိုင်တယ်လို့ ပြောတယ်ဆိုပေမယ့် သမ္မတ အမိန့်နဲ့ ပြင်လို့ရတာမဟုတ် ဘူး။ လွှတ်တော်တွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စား လှယ်တော်တွေက ပြင်ရ မှာ။ ကျွန်တော်တို့ အာဏာသုံးရပ်ခွဲခြားထားတဲ့ အထဲမှာ သမ္မတကြီးအနေနဲ့ အားလုံးသဘောတူရင် ပြင်ကြပါလို့ သူပြောလို့ရတယ်။ ဘယ် အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပါလို့ သူ့အမိန့်ပေးလို့မရဘူး။ အဲဒီတော့ သူပြောချင်တဲ့အတိုင်း သမ္မတကြီးကလိုက်မပြောလို့ သမ္မတကြီးဟာ ပြုပြင်ပြောင်းလဲရေးကို စိတ်မဝင်စားဘူး။ အခြေခံဥပဒေပြင်ဆင်ရေးကို စိတ်မဝင်စားဘူးလို့ပြောတာက ကလေးစိတ်ကောက်ပြီး ပြောတာနဲ့ပဲ တူတယ်လို့ ကျွန်တော် အားနာနာနဲ့ပြောရမှာပါ။

မေလ (၃)ရက်နေ့ မှစပြီး အခြေခံ ဥပဒေပြင်ဆင်ရေးကို ယနေ့အထိလူထုလှုပ်ရှားမှုကော်မတီများ ပူးပေါင်းကူညီဆန္ဒ ပြပွဲများပြုလုပ်လာသည်မှာ ယနေ့အထိဖြစ်ပါသည်။ ပြည်သူအများလမ်းပေါ်ထွက်၍ ဆန္ဒပြနေသည် များကိုမကြည့်၍မမြင်တာလား။ တမင်သက်သက်မမြင်ချင် ယောင်ဆောင်နေသည် လားမသိပါ။ လူထု၏ ဆန္ဒသဘောထားနှင့်အခွင့်အရေးများကို မည်ကဲ့သို့ တိုးမြှင့်ကာကွယ်ရန်ဆောင်ရွက် နေပါသလဲဟု မေးစရာမေးခွန်းများတင်ရှိနေပါသည်။ ဒုသမ္မတကြီးကဆက်လက်ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန် မှစပြီး ဥပဒေပြုရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင်အစိုးရအနေဖြင့် ပိုမို ရှင်သန်နိုင်မာသည့်စီးပွားရေးအတွက်လိုအပ်သည့် အခြေခံပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာစေရန်နှင့် ပြည်သူလူထု၏ လူနေမှုစနစ်မြှင့်တင်ရန် အတွက်စီးပွားရေး နှင့်လူမှုရေးပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင်ကိုပြည်သူ့ဗဟိုပြုချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။ စင်စစ်အား ဖြင့် ယင်းမူဘောင်များမှာအစိုးရ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ပထမဆုံး အရေးပါသည့် ကနဦးဆောင်ရွက်ချက်ဖြစ်ပါကြောင်း လက်ရှိစီးပွားရေးတွင် ပွင့်လင်းမြင်သာမှုမရှိသော လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်နေမှုဖြင့် ပြည် ထောင်စု အစိုးရသည် လူထု၏သဘောထားနှင့် ဆန့်ကျင်ဖီလာဖြစ်နေသည်ကို အစိုးရအဖွဲ့က

www.burmeseclassic.com


သတိပြုမိဟန်မတူပါ စစ်အစိုးရလက်ထက်က တရားမဝင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေ ကြောင်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှာ သက်သေပြလျက်ရှိပါသည်။ ထို့အတူ စီမံကိန်းတော်တော်များများ တွင် လူကြီးသားသမီးများ ပါဝင်ပတ်သက် နေသည့် ဖြစ်ရပ်များသည် မည်သည့်ကာလမှ ရပ်တန့်သွားမည်မသိပါ။ ဥပမာ တစ် သက်လုံးမြိတ်သျှ လက်ထက်မှ ထွက်နေ သော ချောက်ရေနံမြေကြီးအား နိုင်ငံခြား ကုမ္ပဏီတစ်ခုနှင့် လက်ရှိလူကြီးသားသမီး တစ်ယောက်ပူးပေါင်းလုပ်ကိုင်နေခြင်းမျိုး တွေ့ရှိရပါသည်။ ဒုသမ္မတကြီး ဦးညာဏ် ထွန်း၏ ပြောကြားချက်တွင်ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာ မှုရှိသည့် လုပ်ထုံးလုပ်နည်းများဖြင့်ဆောင် ရွက်နေပြီ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဒုတမ္မတကြီး ပြောစကားများကို ဝမ်းမြောက်ဝမ်းသာရှိပါသည်။ ၎င်းဥပဒေကို အကောင်အထည်ဖော်ရာ၌ ရှေ့လျှောက် ဆောင်ရွက်ရမည့် လုပ်ငန်းရှင်များလိုက်နာရမည့် အစားယခင်ကချုပ်ဆိုလုပ်ဆောင် ခဲ့သော လုပ်ငန်းများပါ အရေးယူဆောင် ရွက်မှုများပြုလုပ်ရမည်ဖြစ်ပါသည်။ သို့မှ သာဥပဒေအရအညီအမျှ ဖြစ်မည်ဖြစ်ပြီး တရာသဖြင့်လည်းဖြစ်ပါမည်။

ဥပဒေအရဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ထုံး လုပ်နည်း များနှင့် တိကျခိုင်မာစွာဆောင်ရွက်နိုင်သည် သို့မဟုတ်ပတ်သက်ရာ ပတ် သက်ကြောင်းများနှင့် ဆက်နွယ်မှုကင်းရှင်းကြောင်း မည်မျှပြသနိုင်မည်ကို ပြောမယုံ ကြုံဖူးမှ သိမည်ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# သူတို့လိုအောင်မြင်ချင်ရင် အကြောတစ်ကြောပြတ်ဖို့ပဲလိုတယ်

ကျော်ကျော်နိုင်

ရာသီဥတုက အပြောင်းအလဲဖြစ်နေတော့ လူတော်တော်များများနှာစေး ချောင်းဆိုးတွေဖြစ်နေတာပေါ့။ နိုင်ငံရေးရာသီဥတုအပြောင်းအလဲမှာ အရှုး ထောင်ဖွင့်ပွဲကြီး ကြုံသလိုထင်တစ်လုံးနဲ့ လူတွေများလာတာပေါ့။ တချို့က လည်း ထောင်ဂုဏ်မောက်တယ်။ တချို့ကလည်း ခေါင်းဆောင်ရောဂါ အဆိပ်တက်နေတယ်။ ဒီနေရာမှာ ငါ့ညီ မပါဖို့တော့ ဆုတောင်းမေတ္တာပို့ လိုက်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာအမတ်ဖြစ်ဖို့လား . . .၊ သမ္မတ ဖြစ်ဖို့လား . . . လားပေါင်းများ စွာနဲ့ နေ့လယ်အိပ်မက် ဂယောက်ဂယက် ဖြစ်နေတဲ့ လက်ရှိမြန်မာ့နိုင်ငံရေးအကွဲအပြဲတွေက ဒီမိုကရေစီရရှိရေး မဟုတ်ကြဘဲ နေရာရရှိရေးအတွက် ကြိုးပမ်းနေသူများစွာ ကိုတွေ့နေရတယ်။ မြန်မာပြည်မှာ အန္တရာယ်ဆိုးကြီးဖြစ်နိုင်တဲ့ လက်ပံတောင်း တောင်လို အနာ ဂတ်အရေးစိတ်မအေးနိုင်စရာအခင်းအကျင်းများစွာကို စိတ်မဝင်စား ဘဲ



www.burmeseclassic.com

www.burmeseclassic.com


တစ်ခွန်းတစ်ပါဒမျှ မပြောကြားတဲ့ နိုင်ငံရေးသမားများထဲ မင်းတို့မပါဝင်သွားဖို့လည်း သတိပေးလိုက်ပါရဲ့။

သတိတရရှိလို့ပြောရဦးမယ်။ ကိုမြအေးဟာ ၈၈ ပွင့်လင်းက ကိုမြအေး အဖြစ်အတော်အာမခံကောင်းပါတယ်။ ၂၅ နှစ်မြောက် ၈၈ ငွေရတုကြီး ကျင်းပအပြီး ငွေစာရင်းရှင်းလင်းရာမှာ စာရင်းစစ်က တာဝန်မယူနိုင်တဲ့ အတွက် စာရင်းစစ်လက်မှတ်ရေးထိုးဖြစ်အောင် ဘဏ္ဍာရေးကော်မတီမှာ မပါတဲ့ ကိုမြအေးက လက်မှတ်ဝင်ထိုးပေးခဲ့တယ်။ နောက်တစ်ခါ ကိုကိုကြီးရဲ့

"ခွပ်စရာရှိရင် ကျွန်တော်တို့မျိုးဆက်တွေကပဲ
ဆက်ပြီးခွပ်သွားမယ်။
အနာဂတ်မျိုးဆက်တွေကို အိုးဝေသံသီကျူးတဲ့
ဒေါင်းလေးတွေအဖြစ်သာ ဖြစ်စေချင်တဲ့အတွက်
ယခုဖွဲ့စည်းပုံပြင်ဆင်ရေးကိုလုပ်တာပါ..."

မင်္ဂလာဆောင်ကိစ္စမှာလည်းဟိုတယ်ဖိုးကုန်ကျငွေကို သူကိုယ်တိုင် သွားရောက် ရှင်းပေးရကြောင်း အာမခံပြန်ပါတယ်။ ကျွန်တော်ကတော့ စိတ်ကောင်း နှလုံးကောင်းနဲ့ ဝင်ရောက်အာမခံတဲ့ ကိုမြအေးကို မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး လူထုဟောပြောပွဲတွေကို ကျင်းပရာမှာ ဟောပြော တဲ့နေရာမှာသော်လည်းကောင်း၊ NLD နဲ့ပူးပေါင်း ဖွဲ့စည်းလိုက်တဲ့ ဘယ်အ ဖွဲ့အစည်းမှာသော်လည်းကောင်း၊ ဘာကြောင့်များ တာဝန်ခံ၊ တာဝန်ယူမှုမပါ တာလဲ . . . လို့ ကိုမြအေးကိုတွေ့မှ မေးရဦးမယ်။


www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီတိုင်းရဲ့ လူဦးရေအထူထပ်ဆုံး၊ ဒေါ်အောင်ဆန်းစုကြည်ကို တစ်ခဲနက် အားအပေးဆုံး၊ ဟင်္သာတခရိုင်၊ ဟင်္သာတ မြို့မှာ မေလ ၂၅ ရက်နေ့က ကိုကိုကြီး အပါအဝင် ဟောပြောပွဲလုပ်ခဲ့ပါတယ်။ "ခွပ်စရာရှိရင် ကျွန်တော်တို့ မျိုးဆက်တွေကပဲ ဆက်ပြီး ခွပ်သွားမယ်။ အနာဂတ် မျိုးဆက်တွေကို အိုးဝေသံသီကျူးတဲ့ ဒေါင်း လေးတွေအဖြစ်သာ ဖြစ်စေချင်တဲ့အတွက် ယခုဖွဲ့စည်းပုံပြင်ဆင်ရေးကိုလုပ်တာပါ . . ."လို့ ပြောကြားခဲ့တဲ့ ဦးကိုကိုကြီးရဲ့ ဒေါင်းဟာ အတက်ကျူးနေပါတယ်။ လက် ရှိလုပ်ဆောင်နေတဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေး လုပ်ဆောင်ချက်များသည် တိုက်/ပြင် လမ်းစဉ်မဟုတ်ဘဲ ပေါင်း/ပြင်လမ်းစဉ်သာဖြစ်နေကာ အနာဂတ်မျိုးဆက်ကောင်းစားရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရအောင်ပြင်ဆင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ တက်ကျူးတဲ့စကားကို တက်မရှိရင် လက်နဲ့လှော်မယ် ... ဆိုတဲ့ ယုံကြည်ချက်ထားနေတဲ့ အနာဂတ်မျိုးဆက်တွေအပေါ် ကျောသပ်ပြီးတော့ တိုက်ပွဲကိုရပ်ခိုင်းနေတာလား။ ဟိုတစ်ချိန်က ရဲရဲတောက်ခဲ့တဲ့ ဗကသ ဒုဥက္ကဋ္ဌ ဘဝကို မေ့များမေ့သွားပြီလားမသိဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူတွေပြောဆိုသုံးသပ်ပုံက ဥပဒေဆိုင်ရာ အငြင်းပွားမှုလို့ ထင်နေကြတယ်။ တကယ်က နိုင်ငံရေး ပြဿနာပါ။

တရားဥပဒေစိုးမိုးရေးကို လိုက်နာရ မယ်။ မတရားဥပဒေကိုတော့ လိုက်နာစရာမလိုဘူးလို့ဆိုပြန်ပါတယ်။ တစ်ခါကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဖို့ထက် ယုံကြည်မှုတည်ဆောက်မှုလိုတယ်လို့ ပြောခဲ့တာမှတ်မိပါသေးတယ်။ ခုလောလောဆယ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၈၈ ပွင့်လင်းလူ့အဖွဲ့ အစည်းနဲ့ NLD ပူးပေါင်းကော်မတီတည် ဆောက်ပြီးဖွဲ့ စည်းပုံပြင်ဆင်ဖို့ လုပ်ဆောင်နေရာမှာ မတတ်သာဘဲ ကြားညှပ်ပါဝင်နေလို့ တောပြောတောင်ပြောပြောနေသလား . . . လို့တောင် ထင်မှတ်ရပါတယ်။ သမ္မတရဲ့ အလိုကျ လမ်းကိုပဲရွေးနေတာလား ...၊ လွှတ်တော်ဥက္ကဋ္ဌကြီး သူရရွှေ မန်းရဲ့ အမုန်းပွားမှာကိုပဲ စိုးရိမ်နေရှာလား . . . မသိတော့ပါဘူး။ ဒါမှမဟုတ်တစ်ခါဖူးမျှ မနေဖူးတဲ့ တိုက်ရယ်၊ ကားရယ်၊ မိန်းမချောချောလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ် ရရှိသွားတဲ့စည်းစိမ်ဥစ္စာတွေကြောင့် ပုံစံပြောင်းသွားတာလား . . . ဆိုတာနဲ့မြောတသသနဲ့ ကိုယ့်အနာဂတ်ကိုယ်တည်ဆောက်ရေးမှာ လမ်းမှန်ကမ်းမှန်ဖြစ်ပါမှ ကိုယ်ရည်မှန်းတဲ့ အနာဂတ်ဟာ လူလူသူသူဖြစ်မယ်ဆိုတာ သိထားသင့်ပါတယ်။

ဟိုလူတွေလို အောင်မြင်ချင်ရင်တော့ အောင်မြင်နိုင်မယ့် နည်းလမ်းက လွယ်လွယ်လေးပါ။ အကြောတစ်ကြောဖြတ်ထားဖို့ပဲလိုပါတယ်။ အဲဒီအကြောက "ရှက်ကြော" ပဲဖြစ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံရေးပဲသုံးချပ်သမားများ သတိထား

ကျော်ကျော်နိုင်

မြန်မာနိုင်ငံက နိုင်ငံရေးမိုးလေဝသဒီရေမြင့်နေချိန်တွင် ၂၀၀၈ အခြေခံဥပဒေပြုပြင်ပြောင်းလဲရန်နှင့် ငြိမ်းချမ်းရေးတည် ဆောက်မှုဖြစ်ပေါ်တိုးတက်ရန်အတွက် လွှတ်တော်အတွင်း၌ အခြေခံဥပဒေကိုပြင်ဆင်ရန် ယုံကြည်နေသူများကတစ်ဖက်၊ လူထုလှုပ်ရှားမှုများနှင့် ပြုပြင်ပြောင်းလဲလိုသူများကတစ်ဖက်ကွဲလွဲမှုများ တွေ့နေရပါသည်။

ဒီမိုကရေစီတိုက်ပွဲအတွင်း ပေါ်ထွက်လာသောလူထုခေါင်းဆောင်များဟု အမည် တပ်ချင်သူများထဲတွင်ပင်အစိုးရနှင့်ပူးတွဲ၍ တိုက်မပြင်ဘဲ ပေါင်းပြင်မည့်သူများ ပေါ်ထွန်းနေပါသည်။

တစ်ချိန်တစ်ခါက သူရဲကောင်းများ ဟုယူဆရသူများ၏ သွေးသတ္တိတို့သည် ရရှိလာသော ပစ္စည်းနေအခွင့်အရေးဥစ္စာများ ထဲတွင်နစ်မြုပ်သွားကြပြီလားဟု စိတ်ပျက်အားနည်းစွာ ရင်သပ်ရှုမောနေရသူ အများ အပြားမှာ

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်အရေး ဝန်လေးကြောင့် ကြမ္ဘာကြီးစွာဖြင့် ရပ်တည်နေကြရပါသည်။

ယခုအချိန်မှာ နိုင်ငံရေးဖဲသုံးချပ်ကစား သူများနှင့် မတွေ့မကြုံရရန် သတိထားနေရပါသည်။ တစ်ချိန်က စည်ကားသိုက်မြိုက် နေသောလူအုပ်ကြားထဲတွင် ဖဲသုံးချပ်ကစားသူများမှာ အချင်းချင်းပေးလျော် ကစား နေတာကို ဘေးမှရပ်ကြည့်နေသော ဘာမသိညာမသိတစ်ယောက်ယောက်က ဝင်ကစားလျှင်၊ ကစားသူသာလျှင် အရှုံးပေါ် မည်ဖြစ်ပါသည်။ ထိုကစားသော ဒိုင်နှင့် ထိုးသားယောင်ဆောင်ထားသော ဒလန်များကြားထဲတွင် ဝင်ကစားမိသူများ လုံးဝ အလိမ်ခံရမည်မှာ သေချာပါသည်။

တာဝန်အရပါ။ အချိန်အခါအရပါဟု ပြောဆိုနေကြသော သူများအတွက် လည်း သတိထားစရာ အမှတ်ရစရာအကြောင်း တစ်ခုတင်ပြရပါဦးမည်။

နာဇီအိုက်ခမန်းရဲ့ငရဲခန်းများတွင် ဂျူးလူမျိုးများအဖို့ တန်းစီ၍ အဆိပ်ငွေ့ခန်းထဲသို့ ပို့လွှတ်ရာတွင် ကြီးကြပ်ကြသော လူများသည်လည်း ဂျူးဖြစ်ပါသည်။ ထို့အတူ အဆိပ်ငွေ့လွှတ်ရသောနေရာတွင် ထမ်းဆောင်ရသော နေရာတွင်လည်း ဂျူးလူမျိုးပင်ဖြစ်ပါသည်။ ထို့အတူ အရိုးကောက်သူ၊ ပြာပုံကိုရှင်းသူများမှာလည်း ဂျူးလူမျိုး များဖြစ်ပါသည်။

မိမိလူမျိုး မိမိသွေးချင်းတိုင်းရင်းသားများ သတ်ဖြတ်နေရာသို့ ရန်သူ၏ အလို ကျကိုယ်တိုင်ကိုယ်ကျဝင်ရောက် ဆောင်ရွက်နေသော မိမိ၏အသက်ရှင်ဖို့၊ မိမိ၏ အကျိုးစီးပွားတစ်ခုကိုသာ ဦးစားပေးခဲ့သော ဤရပ်တည်ချက်များသည် ရပ်တည်ချက်မှန်သည်ဟု ဆိုရမည်လား . . .၊ တွေးတောကြည့်ပါ။ အနာဂတ်၏ လူငယ်အများစုကို စဉ်းစား ဆင်ခြင်နိုင်အောင် တင်ပြခြင်းဖြစ်ပါသည်။ မိမိရပ်တည်ချက်အတွက် ရန်သူအားပေးအားမြှောက် မပြုမိစေရန် နိုင်ငံရေးဖဲသုံးချပ်သမားများ၏ လိမ်ညာမှုများကို သတိထားသင့်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com



# တပ်မတော်က တပ်မတော်အလုပ်လုပ် ကျွန်တော်တို့က ကျွန်တော်တို့အလုပ်လုပ်မယ်

ကျော်ကျော်နိုင်

မြန်မာနိုင်ငံနိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုတွင် ၁၉၆၂ ခုနှစ်ကစပြီး တပ်မတော်၏ အခန်းကဏ္ဍ အရိပ်အာဝါသအောက်တွင် ညှိုးချုံးရှုံ့တွင်းဆုံးကျခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ "ငါသာဗုဒ္ဓတရားစာအုပ်တွေကို ဖတ်ခဲ့မိလို့ရှိရင် ၆၂ခုနှစ်က အာဏာမသိမ်းပါဘူးကွာ . . ." ဟု ဦးချစ်လှိုင်နှင့် ဦးတင်အောင်ဟိန်းကို ဦးနေဝင်းကပြောကြားခဲ့ကြောင်း အထောက် အထားများအရ သိရပါသည်။ ၆၂ ခုနှစ်က တပ်မတော်မှ အာဏာယူ ခဲ့ရာမှာ အရှေ့တောင်အာရှတွင်ဖွံ့ဖြိုးအတိုးတက်ဆုံး နိုင်ငံခများ ယခုအခါ ကျွန်တော်တို့မြန်မာနိုင်ငံအောက်တွင် လာအိုနိုင်ငံတောင်မှ မရှိတော့ပါ။ မနေ့တစ်နေ့ကမှ စစ်ဘေးဒဏ်ကရုန်းထွက်ခဲ့ရသော ဗီယက်နမ်ပင်လျှင် ကျွန်တော်တို့ ရှေ့မှာရောက်နေပြီဖြစ်ပါသည်။ တိုင်းပြည်သည် ခေတ်အများကြီး နောက်ကျကျန်ရစ်သည်ကို နိုင်ငံခြားသို့ ရောက်ရှိသွားကြသော နိုင်ငံခေါင်းဆောင်တိုင်း မသိမရှိ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေပေပြီ၊ ယခုမြန်မာ့ နိုင်ငံရေးတွင် မြန်မာနိုင်ငံကို တိုးတက်ဖွံ့ဖြိုးသော လမ်းပေါ်သို့ တင်ပေး လိုက်သည်မှာ အခြေခံတရားပေါင်းမြောက်များစွာကို တွက်ချက်ရှုမြင်ပြီးမှသာလျှင် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ တပ်မတော် အပါအဝင် နိုင်ငံတော်ကို အုပ်ချုပ်စီမံကြသောအကြီးအကဲများက မလွဲမရှောင်သာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပုံပျက်ပန်းပျက်ဖြစ်နေသော၊ လွန်စွာအရုပ်ဆိုးအကျည်းတန်ဖြစ်စေခဲ့သော အတိတ်ကာလသမိုင်းကို ဖြတ်ကျော်ပြီးလာခဲ့ရသော ယနေ့တပ်မတော် စစ်ခေါင်းဆောင်များသည် ယနေ့မြန်မာ ပြည်အနာဂါတ်ကံကြမ္မာကိုမသိမရှိ‥ မမြင်မရှိ အတွင်းကျကျ သိရှိနားလည်ကြသော သူများပါပေ။မလွဲမရှောင်သာသော အကြောင်း တရားများကြောင့် တုံ့ဆိုင်းနှေးကွေးနေကြသော်လည်း မဖြစ်မနေ လျှောက်လှမ်းရမည့်လမ်းသည် ဒီမိုကရေစီ လမ်းကြောင်းသာဖြစ်ကြောင်း သဘောပေါက်ကြမည် ဖြစ်ပါသည်။

ယနေ့တပ်မတော်သည် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာမှာ ဒယဉ်တိုက်လိုက်ပါနေသော တပ်မတော်မျိုးမဟုတ်ဟု ကျွန်တော်ယူဆထင်မြင်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့တပ်မတော်ကို တိုက်ခိုက်နေတာမဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေက အပြစ်အနာအဆာတွေကိုထောက်ပြတာ။ တပ်မတော်နဲ့ ပြည်သူကြားရင်ကြားစေ့ဖို့ကမ္ဘာတဖို့တော့လိုပါတယ်။ ဒီလိုပြင်ခြင်းသည်တပ်မတော်အပေါ်မှာရော‥ပြည်သူအပေါ်မှာရော စေတနာထားပြီး လုပ်ဆောင်နေခြင်းဖြစ်တယ်။ ဒီမှုကလည်း တပ်မတော်ကို ထူထောင်ခဲ့တဲ့ ဖေဖေ့ရဲ့ မူဝါဒပဲဖြစ်တယ်။ ဖေဖေပြောတဲ့ စကားအတိုင်းဆိုရင် နိုင်ငံဟာ တပ်မတော်ရဲ့ အခိုင်းအစေခံမဖြစ်စေရဘူး။ တပ်မတော်ဟာ နိုင်ငံရဲ့ အခြေခံ ဖြစ်ရမယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပုဒ်မ၆(စ)၌ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင် နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဟု ပါရှိမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်က "တပ်မတော်ဆိုတာ ပြည်သူတွေကို ကာကွယ်ရမယ်။ စောင့်ရှောက်ရမယ်၊ ပြည်သူ့ အကျိုးသယ်ပိုးရမယ်၊ တပ်မတော် ဆိုတာ တပ်မတော်ရဲ့အလုပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ်။ နိုင်ငံရေးမှာ ဝင်ပြီးတော့မပါရဘူး'' ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့သည် ပြည်ထောင်စုလွှတ်တော်က လွှမ်းမိုးထားရမည့်ကိစ္စရပ်များမဟုတ်ပါ။ ဤနေရာမှာ သေသေချာချာ ပြောနိုင်သည်ကတော့ တပ်မတော်ဟာ ပြည်သူနှင့်အတူ လက်တွဲပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဖြောင့်ဖြူးအောင်၊ လျှောက်လှမ်းနိုင်စွမ်းရှိအောင် ကာကွယ်ဖေးမစောင့်ရှောက်သွား ရန်သာဖြစ်သည်။ ကျွန်တော်တို့ ပြည်သူတွေကလည်း ''ပြည်သူ့တပ်မတော် ငါတို့ တပ်မတော်'' လို့ ရင်ထဲအသည်းထဲက အော်ဟစ်အားကိုးယုံကြည်ရမည့်တပ် မတော်ကြီးတစ်ရပ်ဖြစ်လာအောင် တပ်မတော်ခေါင်းဆောင်ကောင်းများ ဖြစ်လာပါစေလို့ မျှော်လင့်တောင့်တလျက်ရှိနေကြသည်။ စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသော တပ်မတော်ကြီးသည် ပြည်သူကို ကာကွယ်ရေးစစ်ပွဲသာ ဆင်နွှဲသင့်သည်မဟုတ်လော။

ဦးအောင်သောင်း၏ ပြောစကားထဲမှာ ''ကျွန်တော်လည်း စစ်သားပဲ။ ကျွန်တော် ကိုယ်တိုင်ထရိန်းလုပ် သင်ကြားလေ့ကျင့်လာကတည်းက ပြည်သူက အဓိကပဲ။ ပြည်သူမပါဘဲ ဘာမှစစ်မနိုင်နိုင်ဘူး။ ပြည်သူမပါဘဲ တိုင်းပြည်ကိုကာကွယ်လို့မရဘူး။ စစ်သင်တန်းမှာလည်း သင်ထားပါတယ်။ စစ်တပ်မှာက အဓိကကာကွယ်ရေးဦးစီးချုပ်ပဲ။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တပ်မတော်ကို ဘယ်လိုပုံဦးဆောင်နိုင်မလဲ ...'' လို့တွေးတောမှုအပေါ်မှာ မူတည်နေသည်ဟု ကြောက်လန့်သူတွေအကြား ခြောက်လှန့်နေပုံကို တွေ့နေရသည်။ ကျွန်တော်တို့ကတော့ တပ်မတော်ကို အထီးကျန်ဖြစ်အောင်လုပ်နေခြင်းမဟုတ်ပါ။ တပ်မတော်ကို ကျွန်တော်တို့နှင့် အတူတွဲပြီး တိုးတက်သော ဖွံ့ဖြိုးစည်ပင် သာယာလာ မည့် မြန်မာနိုင်ငံတော်သစ်ကြီးဆီ ချီတက်ကြဖို့သာပါ။ ဦးတင်ဦး၏ စကားအရနှင့် မိမိကျွမ်းကျင်ရာ တာဝန်ပေးခံရမှုအပေါ် စွမ်းစွမ်းတမံ အောင်မြင်အောင် ဆောင်ရွက်ပေးပြီး ပြည်သူတွေ ဂုဏ်ယူဝင့်ကြွားရမည့်တပ်မတော်ဖြစ်စေချင်ပါသည်။ တပ်မတော်နှင့် ပြည်သူကြားမှာ သံသယကင်းရှင်းစွာဖြင့် ဦးနုပြောသော ချေ(၂)ဖေချ လမ်းစဉ်ကို ကျင့်သုံးပြီး ရှေ့လာမည့် အနာဂတ်ခရီးမှာ တပ်မတော်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်အဓိက တာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး အလုပ်ကို ဦးတည်ဆောင်ရွက်ကြမည့်...၊ ကျွန်တော်တို့ပြည်သူကလည်း ဖွံ့ဖြိုးသာယာသော နိုင်ငံတော်ကြီး ဖြစ်အောင် တည်ဆောက်သွားကြမည် ... ဟု။

■



www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆုံးတော့ လဒဟာ လဒပါပဲ

ကျော်ကျော်နိုင်

သိန်းငှက်နဲ့လဒဟာကောင်းကင်မှာ ဝဲပျံတာချင်းတူပေမယ့် နားတဲ့နေရာမှာ တော့သိသာပါတယ်။ သစ်ပင်ရဲ့ထိပ်မှာနားတာက သိန်းငှက်၊ မြေပြင်မှာနားတာက လဒပဲဆိုတာ ခွဲခွဲခြားခြားသိမြင်ရမှာ။

(၂၀၁၅)ရွေးကောက်ပွဲ အတွက် အထက်ဘဝင်မှာ ပျံဝဲနေတဲ့ လူတွေ အများကြီးရှိပါတယ်။ ကိုယ့်ကိုကိုယ် ဝန်ကြီး တစ်ပါးလို ထင်ယောင်ထင်မှားနဲ့ ပွဲဆူ ပြီဆိုရင် လူလူသူသူလုပ်ပြတတ်တာ၊ ကိုယ့်ကိုကိုယ် အရေးပါအရာ ရောက်တယ်ထင်ပြီး အစည်းအဝေးမှာ မိန့်ခွန်းလာပြောပြီး ပြန်သွားတာနဲ့ တကယ့်တကယ်ကျတော့ အနှစ်နှစ်ဆယ်ကျော် ဖြတ်သန်းမှုတွေ ဘေးချပြီး ကွယ်ရာမှ NGO တွေနဲ့ ပေါင်းပြီး ငွေရှာဖို့ကြိုးစားနေတာ၊ လူငယ်တွေက ကျွန်တော့် နောက်မှာရှိတယ်ဆိုပြီး ကိုယ့်ကိုကိုယ် ရောင်းစားဖို့ကြိုးစားနေ သလား လို့တောင်ထင်ရတယ်။ နိုင်ငံရေးအသိမှာ ငါ့ကို ဘယ်သူမှ မမီဘူး



www.burmeseclassic.com

www.burmeseclassic.com


အထင် ရောက်ပြီး အစိုးရကို မျက်စပစ်တဲ့အလုပ်နဲ့ ကောင်းကင်ပေါ်က လူသားခင်ဗျာ ... ခင်ဗျားဘယ်မှာ နားမလဲလို့ ကျွန်တော်တို့ ကြည့်နေပါတယ်။

နောက်တစ်ခုက လယ်သမားများ လည်း အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မယ်ဆိုပြီး တက်လာတဲ့ ပုဆိုးမကျော ... ဆိုတဲ့လူ၊ တကယ့်တကယ်က ခရိုနီနဲ့ရန်ဖြစ်ချင်ယောင်ဆောင်ပြီး ကိုယ့်ကိုကိုယ်နာမည်ကြီး

**ရန်ကုန်မြို့မှာ ကြံခိုင်ရေး မနိုင်နိုင်အောင်**
**ကြိုတင်မဲတွေနဲ့ အနိုင်ယူသွားတဲ့လမ်းတစ်ခြမ်းခင်း**
**တဲ့လူပဲဖြစ်တယ်။ အခုလည်းငယ်မူမပျောက်ချင်ဘူး၊**
**ကန့်ကွက်စာပေါင်း တစ်သိန်းနှစ်သောင်းကို လွှတ်တော်**
**ကိုအရောက်ပို့တယ်။ လူနဲ့နာမည်လက်မှတ်တွေပါပြီ၊**
**လိပ်စာတွေကတော့ အမှတ်မရှိ၊ လမ်းမရှိကီလီဘောတံတား၊**
**အမှတ်မရှိ၊ လမ်းမရှိ ရေဝေသုသာန်**
**ဝန်းကသေတဲ့လူတွေပါ စာရင်းပေါင်းထည့်ထားလားမသိဘူး။**

အောင်လုပ်ပြီး သကာလလယ်သမားအရေးကို ဗန်းပြငွေ ရှာတဲ့ လူတစ်ယောက်ရှိခဲ့ပါတယ်။ တကယ့် တကယ်ကကြံ့ဖွံ့ရဲ့ လက်ရုံးတပည့်ကြီးပါ။ များများဟန်မဆောင်လိုက်ရပါဘူး။ အခုတော့ ဒေါ်အောင်ဆန်း စုကြည်ကို ဆန့်ကျင်ဆန္ဒပြပြီး အောင်သိန်းလင်းနဲ့ပေါင်းတာ တွေ့ရတော့တာပဲ။ အမြီးအမောက်မတည့်တဲ့ စကားတွေနဲ့ တိုက် ခိုက်နေလိုက်တာ ကိုယ့်ကိုကိုယ်ပြန်ကြည့်လိုက်တော့ ငွေဝယ်ကျွန်လို၊ ကြိုးဆွဲတိုင်း ကနေတဲ့ ရုပ်သေးရုပ်လို၊ နောက်ဆုံးတော့ မှန်ကင်းတစ်လှည့်ထင်းတစ်လှည့်ဆိုပေမဲ့ မှန်ကင်းတစ်လှည့်တော့ဖြစ်မှာ မဟုတ်ပါဘူး ထင်းဖြစ်မှာတော့သေချာနေပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကတော့ သတင်းလူသားများပြားလှတဲ့ မီဒီယာမှာ ကျော်ကြားနေတဲ့သူပါပဲ။ သူ့အကြောင်းတော့ သတင်းဆောင်းပါးများမှာပါ နေလို့ မပြောတော့ပါဘူး။ တစ်ခါကပေါ့ အကြံပဲပေးမှာပါ။ (၁၃၀၀) ပြည့် အရေးတော်ပုံအတွက် ဒို့ဗမာအစည်းအရုံးက ရန်ပုံငွေကောက်တဲ့အခါ ဂရိတ်ဦးဖိုးစိန်က မချေမင်းပြောလွှတ်တော့ (သူလိုပဲ ဗရမ်း ဗတာပြောတာ) မျိုးချစ်လူထုက အတော်ဒေါသထွက်ကြတယ်။ ဒို့အရင်က ဆေးလိပ်ထဲ ရွှေဒင်္ဂါးထည့်ပေးတဲ့အထိ ပြည်သူ့အချစ်တော် ဦးဖိုးစိန်ဟာ မန္တလေးမှာ ကဖို့ပြင်တော့ ဂရိတ်ဦးဖိုးစိန်ကို ဘယ်သူမှမကြည့်ကြဘူး။ မင်းတို့ မန္တလေး မှာမကရဘာဖြစ်လဲ။ ငါကမြန်မာပြည် အနယ်နယ်အရပ်ရပ် ကချင်တိုင်း ကလို့ ရတယ်လို့ကြိမ်းတယ်။ ဒါပေမဲ့ နေရာအနှံ့အပြားကဖို့ကြိုးစား တာ ဘယ်မြို့ကမှ မကြည့်ကြဘူး။ မော်လမြိုင်ရောက်တဲ့ အထိပဲ။ သည်တော့မှ ဦးဖိုးစိန်လည်း ပြူးပြူးပျာပျာဖြစ်ပြီး သခင်ကိုယ်တော်မှိုင်းဆီပြေးကပ် အကြံဉာဏ်တောင်းတော့တာပဲ။ ဘယ်လိုလုပ်ရမလဲပေါ့။ သခင်ကိုယ်တော် မှိုင်းပေးတဲ့ အကြံဉာဏ်က မန္တလေးမှာ မြင်းကတဲ့ရထားပေါ် ကန်တော့ပွဲ တင်ပြီးတစ်မြို့လုံးကို လိုက်တောင်းပန်လိုက်ပါလို့ အကြံဉာဏ်ပေးလိုက်ပါတယ်။ ဦးဖိုးစိန်လည်း တစ်မြို့လုံးကို လိုက်တောင်းပန်လိုက်ရတယ်။ ဒီလိုပဲ နိုင်ငံရေး သမားတွေအိမ်ကို ခင်ပျားတို့လိုက်ပြီး ကန်တော့ပွဲနဲ့လိုက်ပြီး ကန်တော့ပါလို့။

နောက်ဆုံး နောက်တစ်ယောက်ကတော့ ကွန်မြူနစ်ယောင်ယောင်၊ ဘာ ယောင်ယောင်နဲ့ ပြည်သူ့အတွက်လိုလို၊ ဘာလိုလိုနဲ့အစိုးရဘာက်ဝင်ပြီးတော့ ပြည်သူကို Trojam လုပ်နေတဲ့ လူတွေရှိတယ်။ သူတို့ကတော့ လေပျော့လေးနဲ့ ဖွဲ့စည်းပုံမှာ ခလုတ်တစ်ခုပါတယ်။ အဲဒီခလုတ်ကတော့ နောက်ပြန်လှည့်သွား စေတယ်။ အဲဒီတော့ ပေးသမျှလည်းယူ ကျွေးသမျှလည်းစား ဆိုတဲ့ ပုံစံမျိုးနဲ့ လေပြေထိုးနေကြတဲ့ အုပ်စုတစ်စုဖြစ်တယ်။ ဒီမိုကရေစီရဲ့တောထဲမှာ အမြဲမစိမ်းလန်းနိုင်လို့ စိုစိုပြေပြေဖြစ်အောင် ဘဝကို ရောင်းစားပြီး မင်းပေါက် စိုးပေါက်ဖြစ်အောင် မီးရာလမ်းက အမြန်လိုက်ကြတယ်ထင်ပါတယ်။ အခုတော့ မရှက်နိုင်၊ မကြောက်နိုင်ဘက်ပြောင်းရပ်လိုက်တာ ခွက်စောင်းထဲမှာ ဘာတွေများရသလဲမသိဘူး။ စီးပွားရှာတာများ လွယ်လိုက်ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ်ရောင်းစား ပြီး ပေါင်းစား တော့မယ့် ဒီငနဲရဲ့စကားကို နားမထောင်ကြဖို့ တင်ပြလိုက်ရပါတယ်။

နောက်တစ်ယောက်ရှိတယ်ဗျ။ နောက်တစ်ယောက်ကတော့ လက်သံ လည်း ပြောင်တယ်။ ရန်ကုန်မြို့မှာ ကြံခိုင်ရေး မနိုင်နိုင်အောင် ကြိုတင်မဲတွေ နဲ့ အနိုင်ယူသွားတဲ့လမ်းတစ်ခြမ်းခင်းတဲ့လူပဲဖြစ်တယ်။ အခုလည်း ငယ်မူမပျောက်ချင်ဘူး။ကန့်ကွက်စာပေါင်း တစ်သိန်းနှစ်သောင်းကို လွှတ်တော် ကိုအရောက်ပို့တယ်။ လူနဲ့နာမည် လက်မှတ်တွေပါပြီ၊ လိပ်စာတွေကတော့ အမှတ်မရှိ လမ်းမရှိကီလီဘောတံတာ။ အမှတ်မရှိ လမ်းမရှိ ရေဝေသုသာန် ဝင်းကသေတဲ့လူတွေပါ စာရင်းပေါင်းထည့်ထားလားမသိဘူး။ ခပ်ပြောင် ပြောင်နဲ့ ခပ်ထောင်ထောင်လုပ်ပြီး ဆန္ဒပြပွဲတွေ လုပ်ပြလိုက်တာ လူ(၂၀၀) ကျော်၊ (၃၀၀)ကျော်လောက်လာကြတယ်ဗျ။ မသူတော် (မ)ပါး မြှောက် စားနေထိုင်တဲ့သူတွေပါကြမယ်ထင်ရဲ့။

■

www.burmeseclassic.com

www.burmeseclassic.com


# သမ္မတနှင့် လျှကြမ်းများ

ကျော်ကျော်နိုင်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးကြမ်းကိုသမ္မတနိုင်ငံတော်အဖြစ် လျှောက်လှမ်းခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ထိုခရီးသည် ကြမ်းတမ်းစွာ အုပ်ချုပ်ခဲ့သော စစ်အစိုးရ၏ဆိုးမွေများကို ခံစားခဲ့ရပြီး မိမိတာဝန်ယူခဲ့သောကာလတွင် အသွင်ကူးပြောင်းရေးကာလဖြစ်သည့် အတိုင်းအတာတစ်နိုင်ဆုံးချောမွေ့နိုင်အောင် ကြိုးစားလျှောက်လှမ်းနေရသည့်ကြားတွင်တချက်တိုက်ခွဲခေါ်ခဲ့ရသော စစ်အာဏာရှင် စရိုက်ဆိုးတွေမပျောက်သော အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးအချို့နှင့် ပြည် နယ်နှင့်တိုင်းဝန်ကြီးချုပ်များ၏ အနားမသတ်နိုင်သော ပြောဆိုဆက်ဆံမှုများ ကန့်သတ်ချုပ်ချယ်မှုများ ထင်ရာစိုင်းမှုများအကြားရောယောင်၍ အမည်ပျက်နေသော အဖြစ်ဆိုးမှာ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်ဦးတည်နေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုးတက်မှုအရှိန်ကို ဟန့်တားစေသောအရာဖြစ်ပါသည်။ ဒီမို


www.burmeseclassic.com

www.burmeseclassic.com



ကရေစီနည်းလမ်းဖြင့် ပျော့ပြောင်းညင်သာစွာလျှောက်လှမ်းချင်သော သမ္မတအား အဟန့်အတားဖြစ်စေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းတွင် တင်ကျန်ရစ်မည့်ဖြစ်သော အကူးအပြောင်းကာလတွင် စီမံခန့်ခွဲရေး၌ တာဝန်အရှိဆုံးဖြစ်သော နိုင်ငံတော်သမ္မတသည် နိုင်ငံ၏ဆိုးမွေကောင်းမွေကို တည်ဆောက်သူ၊ ဖန်တီးသူဖြစ်ပါသည်။ သမိုင်းဆရာတို့၏ မှတ်တမ်းတင်ခြင်းခံရလျက် ဝေဖန်ပိုင်း ခြားခြင်းနှင့်အတူ ယှဉ်ပြိုင်ရင်ဆိုင်နေရပြီး ဖျောက်ဖျက်၍မရသော ကဏ္ဍတစ်ခုတွင် မလွဲမသွေ ကမ္ပည်းထိုးခံရမည့်သူဖြစ်ပါသည်။ ယနေ့ကာလသည် မြန်မာနိုင်ငံသမိုင်းသစ်၏ သမိုင်းဦးကာလဖြစ်ပါသည်။ ဒီမိုကရေစီခရီးကြမ်းသည် ဖြောင့်ဖြူးညင်သာစွာကိုင်တွယ်နိုင်မလား၊ အကွေ့အချိုးများစွာဖြင့် ရှုပ်ဆိုးစွာအလှည့်အပြောင်းများစွာကို ဖော်ဆောင်နေမလားဆိုသော လမ်းနှစ်ခုတွင် (Turning Point) အလှည့်အပြောင်းအမှတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ၂၀၁၄ ၏ ရွေးကောက်ပွဲသည် ဒီမိုကရေစီခရီးလမ်း၏ အဖြေဖြစ်ပါလိမ့်မည်။ ကမ္ဘာ့အလယ်တွင် အရေးတယူစောင့်ကြည့်ခြင်းခံနေရသော မြန်မာနိုင်ငံအတွက်အဖြေတစ်ခု ပေါ်ထွက်လာနိုင်ပါသည်။ ယခင်အစိုးရလိုလူဆိုးစာရင်းဝင်ဖြစ်မလား။ နိုင်ငံတကာတွင် ပွဲလယ်တင့်မလားလို့ ဖြစ်ပေါ်နေသောနှစ်ရပ်တွင် အဖြေမှာ ၂၀၁၅ရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံ အခြေခံပြင်ဆင်ရေးတို့အပေါ်တွင်မူတည် နေပါသည်။ ထိုအချိန်မှာ သမ္မတကခန့်အပ်ထားသော ပြည်နယ်နှင့်တိုင်း ဝန်ကြီးချုပ်များ။ လက်ရှိဖြစ်ပေါ်နေသော မိမိ၏ ပြည်နယ်နှင့်တိုင်းတွင်ရှိသော လူမှုရေးပြဿနာများ လယ်သိမ်း၊ ယာသိမ်းအမှုများကို ကာကွယ်ဖြေရှင်းမှုများမပြုဘဲ ဒီမိုက ရေစီခရီးလှမ်းနှင့်ဆန့်ကျင်သောချုပ်ချယ်တားမြစ်မှုများကျူးလွန်နေကြောင်း ယနေ့ထွက်ပေါ်နေသော ဂျာနယ်ပေါင်းများစွာတွင် တွေ့မြင်နေရသလို ပြည်ထောင်စုဝန်ကြီးတစ်ယောက်ကတစ်နပ်စားဟု ပြောသည်။ နောက်တစ်ယောက်က ဖယောင်းတိုင်ထွန်းနေပါလား။ နောက်တစ်ဦးကပိုနေတဲ့လျှပ်စစ်တွေရောင်းနေတာ ဘာဖြစ်လဲ၊ နောက်တစ်ဦးကလည်း နယ်တကာလှည့်ပြီး ပါးရိုက်လာတာ ပြောလို့ပြော။ ဤသည်ကို အမီလိုက်ပြီး ဗိုက်ကိုလှန်ပြလား သူရဘွဲ့ရလာတာ အလကားမဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်က စစ်မ



www.burmeseclassic.com

www.burmeseclassic.com



တိုက်တတ်ပါဘူး။ ကျူပ်တို့ကပေးတဲ့ တာဝန်ထမ်းဆောင်လာတာ၊ စစ်တိုက်လာတာ၊ ဒီမှာဒဏ်ရာ ကြည့်ဆိုပြီး ဗိုက်လှန်ပြသည်။ လူကြီးမဆန်သော လူကြမ်းများပမာ စိန်ခေါ်ဝံ့သောဤ လူများအား ပြည် သူလူထုကိုအရေး တယူမပြုဘဲ ထားသောဖြစ်စဉ်များစွာတို့ကြောင့် သမ္မတအတွက်ဂုဏ် ပျက်စရာ ဖြစ်နေပါသည်။

အခြေခံဥပဒေပါ ပုဒ်မ ၂၃၃ခုအား သတိပြုနိုင်ရန်အတွက်ဖော်ပြ လိုက်ပါသည်။

**၂၃၃(က) ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်။**

**၁။ နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း။**

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း။**

**၃။ အကျင့်သိက္ခာ ပျက်ပြားခြင်း။**

**၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စုဝန်ကြီး၏ အရည်အချင်းပျက်ယွင်းခြင်း။**

**၅။ ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။**

**(ခ) ပြည်ထောင်စုဝန်ကြီးတစ်ဦး ဦးအပေါ်စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော်သမ္မတသို့မဟုတ်ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပုဒ်မ ၇၁ပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ရမည်။**

**(ဂ) ပြည်ထောင်စုဝန်ကြီးတစ်ဦး၊ ဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုဝန်ကြီးရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်စေရန်မသင့်ကြောင်း၊ စုံစမ်းစစ်ဆေးသည့် လွှတ်တော်ကဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးအား တာဝန်မှရပ်စဲရမည်။**

သမ္မတအား တာဝန်ခံရသော ပြည်နယ်နှင့်တိုင်းဝန်ကြီးများနှင့် ပြည်ထောင်စု ဝန်ကြီးများသည် သမ္မတ၏ နိုင်ငံတော်အုပ်ချုပ်စီမံမှုတွင်



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကိုယ်စား ပုံဖော်ပေးထားရသူများဖြစ်ပါသည်။ တာဝန်ခံမှု၊ တာ ဝန်ယူမှုအရ တာဝန်ရှိနေသည်ကို သတိပြုရန်လိုအပ်ပါသည်။ နိုင်ငံရေးအုပ်ချုပ်မှု ပြင်း၊ ထန်နေသောကာလတွင် စည်းရုံးရေးကျဆင်းမှုရှိသည်ဆိုတာလည်း ဖြတ်သန်းလာသော ကာလအရ နားလည်သဘောပေါက်ကြပြီး ဖြစ်ပါသည်။ နိုင်ငံတော်အား ဦးဆောင်ဦးရွက်ပြုနေသော သမ္မတတစ်ယောက်အနေဖြင့် အစိုးရအဖွဲ့၏ သို့တည်းမဟုတ် အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး၏ ဂုဏ်သိက္ခာကို ထိပါးစေသောအရုပ်ဆိုးအကျည်းတန်စေသော လုပ်ရပ်များအား အချိန်မီ အရေးတယူမှုများ မပြုလုပ်ခဲ့ခြင်းကြောင့်ကကိုယ့် ရွှေးကိုယ်ပတ်သလိုဖြစ်နေသည်။ ပြည်သူအများစုက သမ္မတနှင့် သူ၏ လူကြမ်းများဟု စွပ်စွဲပြောဆိုသံများ ကြား နေရမည်ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# လယ်တီသိမ်ဖျက် -ကြံ့ဖွံ့ ဖျက်-မဖျက် ... ထက် နောင်သံသရာမှာ မင်းတို့လားရာမရှိ

ကျော်ကျော်နိုင်

"လယ်တီသိမ်ဖျက်ကြံ့ဖွံ့ဖျက်" ခေါင်းစဉ်နဲ့ နက္ခတ္တဗေဒပညာရှင် ဆရာမြတ်သစ်က မြန်မာပြည်ဇာတာအရ ၁၂တန့်မှာ ဂြိုဟ်ဆိုး (၃)ခုပူးနေတယ်လို့ ပြောပါတယ်။ စတွေ့ဆတွေ့ကျနေလို့ ဘာပဲပြောပြော ကိစ္စကြီးတွေကို တိုင်းပြည်အတွက်ဆောင်ရွက်ချိန်မှာ ချင့်ချင့်ချိန်ချိန် လုပ်သင့်တယ်။ သာသနာရေးဆိုင်ရာပုဂ္ဂိုလ်တွေ ညီညီညွတ်ညွတ်ချင့်ချင့်ချိန်ချိန်လုပ်မှ သင့်တော်မယ်။ မြန်မာနိုင်ငံရဲ့ လာဂ်က အင်္ဂါဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ် ၃ လုံးပူးနေတယ်။ ရာဟုဂြိုဟ်အရ စိတ်သဘောထားတွေကွဲမယ်။ စနေဂြိုဟ်အရတော့ ဒီမိုကရေစီဂြိုဟ်ဖြစ်ပေမယ့် သည်းခံစိတ်မရှိဘဲ နေးကွေးလေးလံပြီးတလွဲ စွတ်ပြောခြင်း၊ အထင်အမြင်လွဲမှားခြင်း၊ အင်္ဂါဂြိုဟ်က ဆူပူမှုတွေကို အားပေးတယ်လို့ ဆရာက သုံးသပ်ထားပါသည်။ မြန်မာနိုင်ငံမှာ စိတ်ဝမ်းကွဲမှု၊ တစ်ယောက်နဲ့တစ်ယောက် အမုန်းပွားရမယ့်အချိန် ကာလရောက်မှုတွေ ညံ့ဖျင်းမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြဲ့ နိုင်ပေမယ့် လွတ်လပ်ရေးကိုတော့ ထိခိုက်မှာ မဟုတ်ဘူးလို့ နက္ခတ်ဗေဒပညာရှင်က သုံးသပ်ထားပါသည်။ အဓိပတိ ဂျာနယ် အတွဲ ၁၊ အမှတ် ၉တွင် ဖော်ပြပါရှိသည်။ လယ်တီသိမ်ဖျက်–ကြဲ့ဖွံ့ပျက် တဘောင်တစ်ခုပေါ်လာသည်နှင့် ပတ်သက်၍ ရေးသားထားသည်ကို တွေ့ရပါ သည်။

စစ်ကိုင်းတိုင်းဒေသကြီးဆားလင်းမြို့ ကန်စွယ်ကျောင်းတိုက်၌ ဖေဖော်ဝါရီလ ၂၅ရက်နေ့က လက်ပံတောင်းတောင်စီမံကိန်း ဧရိယာအတွင်း ကျရောက်နေသော စေတီတော်၊ သိမ်ကျောင်းဆောင် အုတ်တံတိုင်းနှင့် မုခ်ဦးများကို မြတ်စွာဘု ရားဟောကြားတော်မူသည့်အတိုင်း ပါဠိ တော် အဋ္ဌကထာများနှင့် အညီ ရွှေ့လျှင်စေတီတော်လည်း ရွှေ့ကောင်း၏။ သိမ်လည်းရွှေ့ကောင်း၏။ ဂန္ဓကုဋိတိုက်လည်း ရွှေ့ကောင်း၏။ တံတိုင်းနှင့်မုခ်ဦး ၄ဘက် လုံးရွှေ့ကောင်း၏ . . . ဟု ဗန်းမော်ဆရာတော်ကြီးက မိန့်ကြားကြောင်း သတင်းစာများနှင့် အတွဲ ၆ အမှတ် (၂၀) မတ်လ ၄ရက်၊ ၂၀၁၄ရက်စွဲဖြင့် ထုတ်ဝေသော True News စသော ဂျာနယ်များ တွင် ရေးသားသည့်သတင်းကိုလည်း ဖတ်ရှုရပါသည်။ ထိုဩဝါဒခံယူပွဲတွင် နိုင်ငံ တော်သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ သမ္မတရုံးဝန်ကြီး ဦးလှထွန်း၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ် ဦးသာအေးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသာပါရှိပြီး ဒေသခံကျေးရွာများမှ လူဒကာ၊ ဒကာမများ သံဃာတော်များ၊ လူမှုအဖွဲ့အစည်းအသီး သီးမှ ပုဂ္ဂိုလ်များအား ဖိတ်ကြားခြင်းမရှိဟုသိရပါသည်။ နိုင်ငံတော်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ၏ ဖြေစကားတွင် မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ပါဠိ တော် အဋ္ဌကထာဋီကာများနှင့် ညီလျှင်ဟု စည်းကမ်းသတ်မှတ်ချက် (Condition) ပါဝင်သည်ကိုတွေ့ရပါသည်၊ ဘုရားဟော ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့်မညီလျှင် စေတီတော်၊ သိမ်၊ ဂန္ဓကုဋိတိုက်စသည် တို့ကို မရွှေ့ကောင်း၊ မရွှေ့ရ . . . ဟု မိန့်တော်မူခြင်းဖြစ်ကြောင်း တွေ့ရှိရပါ သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ပါဠိတော် အဋ္ဌကထာဋီကာတို့နှင့်ညီ . . . မညီ ဆုံးဖြတ်ရန်လိုအပ်နေပါသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းအဖွဲ့ ဩဝါဒစရိယဆရာတော် ဗထပ်ကြီးဘုရားကြီးတိုက် ဘဒ္ဒန္တအာစိဏ္ဏမဟာထေရ်ပြုစုရေးအပ်သော "ရှင်မွှား



www.burmeseclassic.com

www.burmeseclassic.com


တော်စေတီတော်ပေါင်း ပြင်ဆင်မှုအဆုံးအဖြတ်ကျမ်း''တွင် ပါရှိသော အဆုံးအဖြတ်များအား လိုရင်းသို့တင်ပြ၍ ကန့်ကွက်အပ်ပါသည်။

**ဘုရားအား မကောင်းသော ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလျှင် အပြစ်ရှိပုံ**

မနောပုဗ္ဗင်္ဂမာ ဓမ္မာ

မနော သေဋ္ဌာ မနော မယာ၊

မနသာစေဝ ပဒုဋ္ဌေန

ဘာသတိဝါ၊ ကရောတိဝါ

တတော နံ ဒုက္ခ မန္ဝေတိ

စက္ကံ ဝဟာတော ပဒံ။

အထက်ပါ ဓမ္မပဒ၊ စက္ခုပါလ မထေရ် ဝတ္ထုအရ ပဒုဋ္ဌစိတ္တ–ဖျက်ဆီးလိုသော စိတ်ရှိသောသူ၊ အပ္ပသန္နစိတ္တ–မကြည်လင်၊ မသန့်ရှင်းသော စိတ်ရှိသောသူ၊ အသုန္ဒရ စိတ္တ–မကောင်းသောစိတ်ရှိသောသူ၊ အယောနိသော မနသိကာရ – မိစ္ဆာဉာဏ် သက်ဝင်၍ မသင့်မတင့် မကောင်းသော လုပ်ငန်းအကြောင်းအားဖြင့် စိတ်၌တည် ထားပြုလုပ်သောသူများသည် လှည်းဝန်ဆောင်နွားလား ခြေရာနောက် လှည်းဘီးစက် တကောက်ကောက်လိုက်နေသလို အကုသိုလ်တွေ တကောက်ကောက်လိုက်နေ၏။

အထက်ပါ ဓမ္မပဒ၊ စက္ခုပါလမထေရ် ဝတ္ထုကို ထောက်ပြ၍ သက်တော်ထင်ရှားဘုရား၊ ရုပ်ပွား၊ စေတီစသည်တို့ကို ဖျက် ဆီးလိုသောစိတ်၊ မကြည်ညိုသောစိတ်၊ မကောင်းသောစိတ်၊ မိစ္ဆာဉာဏ် (မိစ္ဆာဒိဋ္ဌိ) သက်ဝင်၍ မသင့်တော်၊ မကောင်းသော လုပ်ငန်း(သယံဇာတတူးဖော်ခြင်းမျိုး) ပြုလုပ်သူများအား အကုသိုလ်ကြီးမားပုံကို ဦးစွာပြထားပါသည်။

**ပြစ်မှားလိုသောစိတ်ဖြင့်စေတီတော်၊ ရုပ်တုတော်၊ ဗောဓိပင်၊ ဓာတ်တော်တို့ကို ဖျက်ဆီး၊ ဖြတ်တောက်၊ လှုပ်ရှားပြုသူ အာနန္တရိယကံအလားတူဖြစ်ပုံ**

အထ ယေစ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိ ဘိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ၊ ဘာရိယံ ကမ္မံ ဟောတိ


www.burmeseclassic.com

www.burmeseclassic.com



အာနန္တရိယ သဒိသံ။

၁။ သမ္မောဟဝိနောဒနီ၊ ဉာဏဝိဘင်္ဂ၊ ဒသကနိဒ္ဒေသ၊ ဝဏ္ဏနာ (၄၀၈)

၂။ အင်္ဂုတ္တရနိကာယ၊ ဧကကနိပါတ အဋ္ဌကထာ၊ အဋ္ဌာနပါဠိ ပဉ္စမဝဂ္ဂဝဏ္ဏနာ (၃၅၆) ပျက်စီးအောင် ပြုလုပ်သော ပုဂ္ဂိုလ် တို့၊ ဖြတ်တောက်သော ပုဂ္ဂိုလ်တို့၊ ဓာတ်တော်၌ မကောင်းသဖြင့် လုလ္လပြုသော ပုဂ္ဂိုလ်တို့အား သေသည့်အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်တတ်သော အာနန္တရိယကံနှင့်တူသော ဝန်လေးသော အကုသလကံဖြစ်၏။

အထက်ပါ အဋ္ဌကထာများကို ကိုးကားတင်ပြချက်ဖြင့် ကျမ်းပြုဆရာတော် ကြီးများက မကောင်းသောစိတ် (ဘုရားအား ကြည်ညို၍မဟုတ်ဘဲ မိမိတို့၏ ကိုယ်ကျိုးအတွက် သယံဇာတပစ္စည်းများ ထုတ် ယူလိုစိတ်)ဖြင့် မြတ်စွာဘုရား၏ စေတီတော်၊ ရုပ်တုတော်၊ ဗောဓိပင်တို့ကို ပျက် စီးအောင် ဖျက်ဆီး၊ ပြောင်းရွှေ့ ဖြတ်တောက်သောသူတို့အား သေလွန်သော အခါ ဘုရားအား သွေးစိမ်းယိုအောင်ပြုလုပ်သော ဒေဝဒတ်ကဲ့သို့ပင် မဟာအဝီစိငရဲသို့ ကျရောက်မည်ဖြစ်ကြောင်း ထောက်ပြထားပါသည်။

**သီရိဓမ္မာသောကမင်းကြီး စေတီ တော်တွေကို ဖြို၍ ဓာတ်တော် ရှာဖွေခြင်းနှင့် ပတ်သက်၍တင်ပြချက်**

(က) သီရိဓမ္မာသောက မင်းကြီးက ရာဇဂဟာမြို့တော်၌ ဣန္ဒဂုတ္တမထေရ်အမှူး ရှိသော (၁) ရဟန်းယောကျ်ား၊ (၂) ရဟန်း မိန်းမ၊ (၃)ဥပါသိကာယောကျ်ား၊ (၄)ဥပါ သိကာမ၊ ပရိသတ်လေးပါးကို စည်းဝေးစေ၍ "အရှင်မြတ်တို့ဘုရား၊ တပည့်တော်သည် ဇမ္ဗူဒိပ်တွင် ရှစ်သောင်းလေးထောင်သော စေတီတို့ကို တည်ထားအပ်ပါကုန်ပြီ။ ယင်းစေတီတော်တို့၌ ဌာပနာရန် ဓာတ်တော်တို့ကို ဘယ်အရပ်မှာ ရပါအံ့နည်း" ဤသို့ မေးလျှောက်၏။

ရဟန်းတော်များက . . .

(ခ) မြတ်သောမင်းကြီး၊ ဓာတ်တော်တို့ကိုစုရုံး၍ ဌာပနာပြီး စေတီတည်ရာအရပ်သည်ရှိ၏ဟု ကြားဖူး၏။ သို့သော် မည်သို့သော မြို့ရွာအရပ် စေတီ၌ ဌာပနာထား၏ဟု မထင်ရှား၊ မသိပေ။ ဤသို့ မိန့်တော်မူကြ၏။

**ရာဇဂဟာစသော စေတီတို့ကို ဖြို၍ ဓာတ်တော်များရှာ**



www.burmeseclassic.com

www.burmeseclassic.com


ထို့သို့ ရဟန်းတော်များက မိန့်ကြားသဖြင့် ဓမ္မာသောကမင်းကြီးက ရာဇဂဟာမြို့၌ စေတီတော်ကို ဖြိုဖျက်၍ ဓာတ်တော် ရှာရာမတွေ့သဖြင့် စေတီကို ပကတိအတိုင်းတည်ထားခဲ့၏။ ထို့နောက်ပရိသတ် လေးပါးပင့်ဆောင်၍ ဝေသာလီစေတီ၊ ကပ္ပိလဝတ္ထုစေတီ၊ အလ္လကပ္ပစေတီ၊ ဝေဋ္ဌ ဒီပစေတီ၊ ပါဝါစေတီ၊ ကုသိနာရစေတီတို့ကို ဖြိုဖျက်၍ ရှာသော်လည်း ဓာတ်တော်များမတွေ့သဖြင့် ပကတိအတိုင်းတည်ထားခဲ့၏။

ရာမဂါမရွာ၌ နဂါးတို့က ဖျက်ခွင့်မပေး။ စေတီ၌ ချအပ်သောပေါက်တူး၊ တူ ရွှင်းတို့သည် အပိုင်းပိုင်းကျိုးပျက်လေတော့၏။

ထို့နောက် မကျေနပ်သဖြင့် တစ်ဖန် စည်းဝေး၍ လျှောက်ပြန်ရာသက်တော် (၁၂၀)ရှိသောမဟာထေရ်တစ်ပါးက "ဤ မည်သောအရပ်၌ ဓာတ်တော် ဌာပနာရာအရပ်ဟု သေချာစွာမသိပေ။ သို့သော် လည်း မိမိ ခုနစ်နှစ်သားအရွယ်သာမဏေဖြစ်စဉ်က ဖခင်မဟာထေရ်ကခေါ်၍ မှာခဲ့ပုံကား"သာမဏေ . . . ဤကျောက် စေတီကို သေချာစွာမှတ်သားထား"ဟု အမိန့်ရှိခဲ့ဖူးပါသည်။

ဓမ္မာသောကမင်းမြတ်သည် မဟာထေရ်ပြောစကား ကြားရ၍ ယင်းအရပ်သို့သွားပြီး ချုံပုတ်ရှင်း၊ အပေါ်ကျောက်စေတီ ကို ဖြိုဖျက်၍ ဌာပနာတိုက်အတွင်း ကြေးစေတီ၊ ငွေစေတီ၊ ရွှေစေတီစသည်တို့ကို ဖောက်ထွင်း၍ ဓာတ်တော်များပင့်ဆောင်ပြီး ပကတိအတိုင်းတည်ထားခဲ့၏။

**ဓာတ်တော်အတွက် စေတီဖြို ဖျက်မှုယူဆချက်**

ဤသံဃာ့အစည်းအဝေး၌ အရှင် ဣန္ဒဂုတ္တမထေရ် အရှင်နိဂြောဓမဟာထေရ်၊ အရှင်မောဂ္ဂလိပုတ္တတိဿမဟာထေရ် အမှူးပြုသော ခြောက်သောင်းသော ပိဋကတ်တတ် ပဋိသမ္ဘိဒါပတ္တရဟန္တာမြတ်ကြီးတွေ ထင်ရှားရှိခဲ့ကြပေ၏။ ဓာတ်တော် အတွက် စေတီကို မဖျက်ကောင်းလျှင် ယင်းမထေရ်မြတ်တို့က စေတီကို မဖျက်ဖို့ရန် ပိတ်ပင်တားမြစ်ရမည်။ ထိုသို့ မတားမြစ်ဘဲ ဓာတ်တော်အတွက် စေတီများ ဖြိုဖျက်၍ ဓာတ်တော်များရှာရာ ကြွရောက် အကူအညီပေးတော်မူကြသဖြင့် အပြစ်မရှိဟု . . . . ယူဆပါသည်။

ဘုရားသခင်ဓာတ်တော်၊ ရဟန္တာ မထေရ်မြတ်တို့၏ ဓာတ်တော်တိန်းဝပ်



www.burmeseclassic.com

www.burmeseclassic.com


တည်နေရာကျောင်း၊ တိုက်၊ ကျုတ်၊ အုတ်များထက် ခတ်တော်သည်သာ မြတ်၏။ ထို့ကြောင့်သာလျှင် အရှင်ကုန္ဒဂုတ္တမဟာ ထေရ်အမှူးပြုသော သံဃာ့အစည်းအဝေးက ခွင့်ပြုသည်ဟု ယူဆရကြောင်း မှတ်တမ်းတင်ထား ထားပါသည်။ ဓမ္မာသောကမင်းကထိုသို့ သုံးသပ်ကြောင်းကို သမိုင်းအရသိရှိ ရသည်။

အထက်ပါ သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ဘာသာရေးအရ ရဟန္တာဟု သမုတ်ခံတော်မူရသော လက်တီဆရာ တော် တည်ထားခဲ့သော စေတီ၊ သိမ်တော်တို့ကို တစ်ဖွဲ့ချင်း မိမိကိုယ်ကျိုးဆန္ဒဆိုးဖြင့် ဖြိုဖျက်ပါက ဖြိုဖျက်သူ အမိန့် ပေးသူ၊ တာဝန်ယူစေခိုင်းသူ၊ ထိုသယံဇာ တများကို ခွဲဝေစားသုံးသူတို့ အားလုံး သည် ကြီးစွာသော အာနန္တရိယကံထိုက်ကာ မဟာအဝီစိငရဲသို့ လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသည်လည်း ယခင့် ယခင် သရေ ခေတ္တရာပြည်ကြီးပျက်စီးသကဲ့သို့ ကြုံရချိမ့်မည်။ ထိုပြစ်ချက်ကြီးကို ခုခံ ကာကွယ်ဖေးမသူ မှန်သမျှတို့ သည်လည်း သစ္စာတရားနှင့် သွေဖည်ခြင်း ကြောင့် ဘုရား၊ တရား၊ သံဃာ့ မေတ္တာစူးကာငရဲကို ဝယ်ယူသကဲ့သို့ရှိ လိမ့်မည်သာတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

# လက်ပံတောင်းကို ဆက်လုပ်မှာပဲလား ...
# သန်းလေးဆယ်ရဲ့ အသက်ကို မငဲ့ကွက်ဘူးလား ...

ကျော်ကျော်နိုင်

ကျွန်တော်တို့ ဗမာပြည်ရဲ့အသက်သွေးကြောဖြစ်သော ဧရာဝတီဟာ စစ်ကိုင်းတိုင်းမှာ အခြေခံပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဖြတ်သန်း စီးဆင်းပြီး မြန်မာနိုင်ငံအတွက် အားကိုးရာ အဓိကကျသော မြစ်မင်းဧရာဝတီပင် ဖြစ်ပါသည်။ ဧရာဝတီရဲ့ မြစ်ဆုံဒေသတွင် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းကြောင့် ခြိမ်း ခြောက်ခံနေရသော ဧရာဝတီသည်လက်ပံတောင်းတောင် စီမံကိန်းကြောင့် အဆိပ်မြစ်ပြင်ကြီးဖြစ်တော့မည်မှာမလွဲ မသွေတွေ့ရှိနေရပြီဖြစ်ပါသည်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ESIA အစီ ရင်ခံစာအား ပြုစတြေးလျှ နိုင်ငံအခြေစိုက် အင်ဂျင်နီယာပညာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အကြံပေးအဝိုင် ပင်ခံ နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့ အစည်းတစ်ခုဖြစ်သည့် နိုက်တ်ပီးလ်ဆိုးဒ် (Knight Pie'sold-KP) ရေးဆွဲခြင်းဖြစ်ပြီး စီမံကိန်းနယ်မြေအတွင်းပါဝင်သည့် ရွာ



www.burmeseclassic.com

www.burmeseclassic.com


၃၃ ရွာမှဒေသခံများနှင့် ရက်သတ္တပတ်ခြောက်ပတ်ကြာ ဆွေးနွေးပွဲ၌ မိုးပိတ်သိမ်းချိန်တွင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို လေးမျိုးခွဲ၍ ဖော်ပြထားကြောင်းသိရှိရပါသည်။

၁။ ဆောက်လုပ်ရေးစတင်သည်နှင့် တည်ဆောက်ဆဲနှင့် ထုတ်လုပ်ရေးကာလတွင် တွေ့ကြုံနိုင်သော ဖြစ်ရပ်များမှာ မြစ်ချောင်းများ၌ ညစ်ညမ်းမှုများဖြစ်ခြင်း၊ မြေမျက်နှာပြင်တိုက်စားမှုကြောင့် နုန်းများတူထဲလာခြင်း၊ ကျောက်သဲမှုန့်များ လေထဲတွင် ပျံ့နှံ့မှုကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ ကားများယန္တရားများသွားလာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော လယ်တီသိမ်ကျောင်းနှင့်ဘုရားစေတီ ဖယ်ရှားခံရခြင်းဖြင့် ယဉ်ကျေးမှု အမွေနှစ်များ ဆုံးရှုံးခြင်း၊ လယ်ပြင်ရှင်းလင်းတူးဆွခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများ ကြုံတွေ့ရမည်ဖြစ်ပါသည်။

၂။ ကြေးနီမိုင်းစက်ရုံလိုအပ်ချက်အရ အဆောက်အအုံများ ဆောက်လုပ်ခြင်းဖြင့် အပေါ်ယံမြေဆီလွှာများ ပျက်စီးခြင်း၊ ဒေသခံများ ပြောင်းရွှေ့ခံရခြင်း၊ မိုင်းဇရိယာနှင့် မိုင်းခွဲမှုဆက်စပ်ဖုန်များတွင် ဒေသခံ နှင့် မြေပိုင်ရှင်များဖယ်ရှားခံရသဖြင့် လယ်မဲ့ ယာမဲ့များဖြစ်ခြင်း၊ ရွှေ့ပြောင်းခံရသော လူအများစုတွင် ပတ်ဝန်းကျင်ပြောင်းလဲမှု၊ ရာသီဥတုအထိ စားဝတ်နေရေးချို့တဲ့မှုများကြောင့် စိုက်ပျိုးမြေများပျက်စီးခြင်း၊ ကူးစက်နိုင်သည့် ရောဂါများဖြစ်လာနိုင်ပါသည်။

၃။ မိုင်းလုပ်ငန်း၏ လိုအပ်ချက်များအရ လာရောက်လုပ်ကိုင်လာကြသောလုပ်သားများ၏ ရွှေ့ပြောင်းလုပ်သားများ ဦးရေမြင့်တက်လာခြင်း၊ ဒေသခံထုံးနည်း စဉ်လာများနှင့် ယဉ်ကျေးမှုစံများပျောက်ဆုံးခြင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် နည်းပညာသစ်များ ဝင်လာခြင်းများကြောင့် အပြောင်းအလဲများစွာဆိုးကျိုးများအဖြစ်ပေါ်ထွန်းလာနိုင်ပါသည်။

၄။ မိုင်းပိတ်သိမ်းချိန်တွင် နက်ရှိုင်း ကြီးမားကျယ်ပြန့်သော ကျင်းကြီးများကျန်ရှိသည့် စွန့်ပစ်ကျောက်ပုံများကြောင့် သတ္တုနှင့်ဓာတုပစ္စည်းများ စိမ့်ဝင်ခြင်း၊ ကြေးနီ (HLPs) ပုံများကြောင့် သတ္တုနှင့် ဓာတုပစ္စည်းများ စီးဝင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ရေများ ညစ်ညမ်းခြင်း၊ ကြေးနီပုံများနှင့် သတ္တုယမ်းပုံများမှ ညစ်ညမ်းရေများ စီးဝင်ခြင်းကြောင့် မြစ်ရေနှင့်ရေထုများ၊ လေညစ်ညမ်းခြင်း၊ စားဝတ်နေရေးနှင့် အလုပ်အကိုင် များဆုံးရှုံးနစ်နာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးမြေများစွာဆုံးရှုံးမှုများဖြစ်ပေါ်မည်ဟု အစီရင်ခံပြထားပါသည်။

ကိုယ်တွေ့ ရှင်းလင်းထင်ရှားရန်အလို့ငှာ ယနေ့ အမေရိကန်နိုင်ငံ မွန်တားနားမြို့၏ အနောက်တောင်ထောင့်ရှိ ဘတ်ဒေသတွင် တည်ရှိသည့်ဘာကလေကျင်းချိုင့် ရေအိုင်၏သာဓကသည် ကြီးစွာသော ဘေးဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သက်သေအဖြစ် တည်ရှိနေပါသည်။ ၁၈၉၂ ခုနှစ်မှ ၁၉၀၃ခုနှစ်အထိ အနာကွန်နာမိုင်းသည် ကမ္ဘာ့ကြေးနီအထွက်ဆုံးမိုင်းဖြစ်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု၏ လျှပ်စစ်တော်လှန်ရေးဖြစ်ပေါ်စဉ် ကြေးနီသုံးစွဲရာ၌ များပြားလာသည်နှင့်အမျှ ၁၉၅၅ခုနှစ်တွင် အမိုးဖွင့်ကျင်းချိုင့်ပုံစံနှင့် ပြောင်းလဲထုတ်လုပ်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် မိုင်းတူးခြင်းလုပ်ငန်းကို ရပ်ဆိုင်းခဲ့ပြီး ဘာကလေကျင်းချိုင့်ကြီးအဖြစ် ကျန်ခဲ့ပါသည်။ ပိတ်သိမ်းချိန်ကာလက အန္တရာယ်ကို သတိမထားမိခဲ့သော်လည်း ၁၃ နှစ်ကြာ ၁၉၉၅ ခုနှစ်ကျမှ ရေအိုင်ကြီး၏ အန္တရာယ်ကို စတင်တွေ့ရှိရပါသည်။ ထိုရေ အိုင်သို့ ဘဲငန်းဖြူများ သက်ဆင်းသောအခါ နှင်းဖြူများပိတ်၍ ၎င်းငှက်အုပ်သည် ရက်အနည်းငယ်ကြာသည်အထိ ပြန်ထွက် မလာနိုင်ဘဲရှိနေရာမှ ဘဲငန်းကောင်ရေ ၃၄၂ကောင် သေဆုံးခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းသေဆုံးခဲ့သော ဘဲငန်းဖြူကောင်များကို စစ်ဆေးရာတွင် သတ္တုလေးများဖြစ်ကြသော အာဆင်းနစ်၊ ကက်ဒမီယံ၊ ကြေးနီတို့ ပြင်းအားများစွာ ပါဝင်သောရေကြောင့် ခန္ဓာကိုယ်အတွင်း မီးလောင်ဒဏ်ရာများနှင့် ပြည်တည်နာကြောင့် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဘာကလေရေအိုင်ထဲသို့ မြေအောက်ရေလွှာမှ ရေဝင်ခြင်းနှင့် မိုးရွာသွန်း ခြင်းတို့ကြောင့် ရေများရောက်ရှိလာပြီး ထိုရေများတွင် ပါဝင်သော အောက်စီဂျင်နှင့် ဆာလဖိုက်များတွေ့ရှိပြီး အက်စစ်ရေကန် ကြီးဖြစ်လာပါသည်။ ၁၉၉၁ ခုနှစ်တွင် ကျင်းချိုင့်၏ ရေမျက်နှာပြင်သည် မြေ အောက်ရေဝင်ခြင်းဖြင့် မြင့်တက်လာပါသည်။ ထိုရေအိုင်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာပြင်တွင် သံနှင့်မဂ္ဂနီဆီယမ်ပါဝင်မှုကြောင့် အနီရောင်ဖြစ်ပြီး အပေါ်ယံအလွှာအောက်တွင် ကြေးနီများ ပါဝင်မှုကြောင့် အစိမ်းရောင်ဖြစ်ပါ သည်။ ရေမျက်နှာပြင်၏ အောက်အနက်ပေတစ်ထောင်အောက်တွင် ဆာလဖြူရစ်အက်ဆစ်နှင့်(လေးသောသတ္တု)များဖြစ်ကြ သော ကြေးနီ၊ သံ၊ အာဆင်းနစ်၊ ကက်ဒ်မီယံနှင့် သွပ်တို့ပါဝင်သည်။ ရေဂါလန် ပေါင်း ၄၀ ဘီလီယံသည် အက်ဆစ်ရေ ဖြစ်နေပါသည်။ ယခုအခါ ရေသန့်စက်ရုံ တည်ဆောက်ခြင်း။

**တိုင်းသူပြည်သားများ၏အသက် အန္တရာယ်ကျရောက်မည်ကိုသော်လည်းကောင်း၊ စီးပွားရေးအရ တွက်ချေမကိုက်သော အနာဂတ်တွင်ကုန်ကျစရိတ်များ ပြားလှသောအရှုံးများဖြင့်သာ ရင်ဆိုင်ရမည့် ဤစီမံကိန်းကိုရပ်ပစ်သင့်သည်မှာ နိုင်ငံတော်နှင့် တိုင်းပြည်ကိုချစ်စိတ်ရှိသော နိုင်ငံခေါင်းဆောင်များ၏ တာဝန်ဖြစ်ပါသည်။**

ရေလွှဲပြောင်းတည် ဆောက်ခြင်းတို့သည် လွန်စွာကုန်ကျစရိတ် ကြီးမားသည်။ ထိုကုန်ကျစရိတ်သည်အမေရိကန်ပြည်ထောင်စုအထူးရန်ပုံငွေမှ ကျခံနေရသည်။ အနာဂတ်တွင် ကုန်ကျ စရိတ်လွန်စွာများပြား၍မည်မှ ကြာရှည်မည်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေပါသည်။

ဘာကလေရေအိုင်ကဲ့သို့သော ကျင်းကြီးများသည် လက်ပံတောင်းတောင်တည်ဆောက်သော ကြေးနီစက်ရုံစီမံကိန်းအတွက် ကျန်ခဲ့ရပါသော ကျင်းချိုင့်မှာ အလျား ၂မိုင် အနံတစ်မိုင်ရှိသော အန္တရာယ်ရှိ ရေအိုင်ကြီးအဖြစ်ကျန်ခဲ့မည်ဖြစ်ပါသည်။ စံပယ်တောင်အား တူးဖော်ခဲ့သော ကြေးနီမိုင်းမှ ကျန်ရစ်သော စံပယ် ကျင်းချိုင့်ကြီးရှိနေပြီးဖြစ်ပါသည်။ ထို့အတူ မုံရွာကျွင်းစိန့်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြေးနီတူးဖော်ခဲ့သော တောင်နှစ်လုံး၏ ကျင်းချိုင့်များသည် နောက် ၁၃နှစ်ကြာသောအခါ ဘာကလေ ရေပုပ်အိုင်ကဲ့သို့ အန္တရာယ်ပေးလာတော့မည်ဖြစ်ပါသည်။ ယခု တူးဖော်ရန်ပြင်ဆင်နေသော လက်ပံတောင်းတောင်ချိုင့်ကြီးနှင့် ဆိုလျှင် ဤကြီးမားသောကန်ကြီးများ၏ ရေပုပ်အိုင်ကြီးသည် ပတ်ဝန်းကျင်လူသား တစ်ရပ်လုံးသာမက ချောင်းတီမြစ်ကြီးကိုပါ ခြိမ်းခြောက်နေပါသည်။ စံပယ်တောင်၊ ကြေးနီတောင်နှင့် လက်ပံတောင်းတောင်တို့ တွင် ကြေးနီမိုင်းတူးခြင်းကြောင့်ဖြစ်ပေါ်လာသော စံပယ်ကျင်းချိုင့်ရေပုပ်အိုင်၊ ကြေးစင်ကျင်းချိုင့်ရေပုပ်အိုင်နှင့် လက်ပံတောင်းတောင်မှ ကျင်းချိုင့်ရေပုပ်တို့သည် မြေအောက်ရေလွှာမှ တစ်ဆင့် Silver Bow Creek ချောင်းထဲသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် Clark Fork River မြစ်ထဲသို့ ရောက်ရှိမည်ဖြစ်ရာ နောင် ၁၃ နှစ်မှ နှစ် ပေါင်း ၃၀အတွင်း ချင်းတွင်းမြစ်ထဲသို့ စီးဝင်၍ ထိုမှတစ်ဆင့် ချောင်းတီမြစ်ထဲသို့ ရောက်ရှိတော့မည်ဖြစ်သည်။ ချောင်းတီမြစ်ဝှမ်းတစ်လျှောက် ရေနေသတ္တဝါများ အကုန်ဆုံးရှုံးမည်ဖြစ်ပြီး၊ ချောင်းတီမြစ်ကို မှီတင်းနေထိုင်သော တိုင်း/ခရိုင်မြို့နယ်များမှ စိုက်ပျိုးရေများ ပျက်စီးခြင်း၊ သောက် သုံးနေသော အများပြည်သူများ အသက်အန္တရာယ်စိုးရိမ်ရခြင်း၊ ရေသတ္တဝါများအား စားသုံးသူများ၏ အသက်အန္တရာယ်ပါ ဆုံး ရှုံးမည်ဖြစ်ပါသည်။ လောလောဆယ်ရရှိသော ငွေကြေးဖြင့် မလောက်ငနိုင်သော ကုန်ကျစရိတ်များဖြင့် ရေသန့်ခြင်းလုပ်ငန်း များကို လုပ်ကိုင်နေရမည်ဖြစ်ပါသည်။ ချင်း တွင်းချောင်းတီများတွင် မှီတင်းနေထိုင်ကြ သော တိုင်းသူပြည်သားများ၏ အသက် အန္တရာယ်ကျရောက်မည်ကိုသော်လည်း ကောင်း၊ စီးပွားရေးအရ တွက်ချေမကိုက်သော အနာဂတ်တွင်ကုန်ကျစရိတ်များ ပြားလှသောအရှုံးများဖြင့်သာ ရင်ဆိုင်ရမည့် ဤစီမံကိန်းကို ရပ်ပစ်သင့်သည်မှာ နိုင်ငံတော်နှင့်တိုင်းပြည်ကို ချစ်စိတ်ရှိသော နိုင်ငံခေါင်းဆောင်များ၏ တာဝန်ဖြစ်ပါသည်။ ထို့အတူတပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်တကွသော တပ်မတော်ခေါင်းဆောင်များ၊ လွှတ်တော်နှစ်ရပ်လုံးမှ လွှတ်တော်အမတ်များသည်လည်းကောင်း စီမံကိန်းနှင့်တကွ ကျင်းချိုင့်ကြီးများ၏ အက်ဆစ်ရေပုပ်အန္တရာယ်ကိုသိမြင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးစဉ်းစား ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ အန္တရာယ်ကိုမကာကွယ်လျှင် ထိုသူတို့၏ တာဝန်မကျေ မှုသာဖြစ်ပါလိမ့်မည်။

ချင်းတွင်းနှင့်ဧရာဝတီတွင် နေထိုင်ကြသော ပြည်သူများမှာ မြန်မာပြည်၏ လူဦးရေသုံးပုံပုံနှစ်ပုံရှိနေသဖြင့် သန်းလေးဆယ် ကျော်မျှ နေထိုင်နေကြပါသည်။ ထိုသူတို့ ၏ အသက်အန္တရာယ်ကို ကာကွယ်ကြပါ **ရန်လေးစားစွာ တိုက်တွန်းအပ်ပါသည်။**

■



www.burmeseclassic.com

www.burmeseclassic.com



# မိုးရောက်ရင် မိုးကြောက်နေရမှာလား နွေရောက်ရင် ရေပျောက်နေရမှာလား

ကျော်ကျော်နိုင်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ရေနေ့ ၂၀၁၄ World Water Day 2014 တွင်ကျင်းပပါသည်။ ထိုသို့ကျင်းပရာ၌ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၊ ကျွမ်းကျင်ပညာရှင်များနှင့် ရေနှင့်ဆက်နွှယ်သည့် ဌာနများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂမှကိုယ်စားလှယ်များနှင့် INGO နှင့် NGO များ တက်ရောက်ကြသည်ဟု သိရသည်။ ယခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ အခမ်းအနားကို ဂျပန်နိုင်ငံတွင် ပြုလုပ်ကျင်းပမည်ဟု သိရှိရသည်။ ကမ္ဘာ့ရေနေ့ ဆောင်ပုဒ်ကတော့ "ရေနှင့် စွမ်းအင်" Water and Energy ဖြစ်ပါသည်။ ယနေ့ကမ္ဘာတစ်ခုလုံး ၏ ကြုံတွေ့နေရသောရေကို မဆင်မခြင်သုံးစွဲမှုနှင့် လူဦးရေတိုးပွားလာမှုများကြောင့် ယနေ့ကမ္ဘာမှာ ရေရှားပါးမှု ပြဿနာများနှင့် ကြုံတွေ့နေရပါသည်။ ကမ္ဘာ့ဦးရေ၏

www.burmeseclassic.com

www.burmeseclassic.com



၈၀ ရာခိုင်နှုန်းသည် ရေမဖူလုံမှုနှင့်ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရေထု ၏ ၆၀ ရာခိုင်နှုန်းရဲ့ ရေနေမျိုးကွဲ မျိုးစိတ်များ၏ အန္တရာယ်တွေကြုံနေရကြောင်း သိရှိရပါသည်။ ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအတွက် စိုက်ပျိုးထုတ်လုပ်မှုတွေ၊ ရေရှားပါးမှု ပြဿနာတွေနဲ့ ကြုံတွေ့နေရပါသည်။ ရရှိထားသမျှ ရေပမာဏ၏ ရေအရည်အသွေးကျဆင်းမှုတွေကိုလည်း ကြုံတွေ့နေရပါသည်။ ကမ္ဘာ့လူဦးရေ ၁၂ ဘီလျံလောက်ဟာ သန့်ရှင်းတဲ့ ဘေးကင်းတဲ့ သောက်သုံးရေကိုမရရှိဘဲဖြစ်နေကြောင်း၊ ကုလသမဂ္ဂ၏ စာရင်းဇယားများအရ သိရှိရပါသည်။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၏ မြန်မာနိုင်ငံဆိုင်ရာ ရေပြဿနာကို ရှင်းလင်းပြောကြားရာ၌

၁။ အခြားနိုင်ငံများနည်းတူ မြို့ကြီး မြို့ငယ်ဒေသအသီးသီးမှာ ရေနှင့်ပတ်သက်တဲ့ ဖိစီးမှုများ၊ ပြဿနာများ၊ အကြပ်အတည်းများနဲ့ကြုံတွေ့နေရခြင်း

၂။ အဲဒီလို ကြုံတွေ့နေရသည့် အချိန်မှာရေနှင့် ပတ်သက်တဲ့စနစ်တကျအုပ် ချုပ်စီမံခန့်ခွဲမှု Water Governance မရှိသေးခြင်း

၃။ နေရာဒေသ၊ အချိန်ကာလအလိုက် မိုးရွာသွန်းချိန် မညီမျှမှု၊ ရေရရှိမှုမညီမျှခြင်းများရှိသည့်အပြင် Climate Change က သယ်ဆောင်လာတဲ့ ရေကြီး ခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း စသည့် Disaster များကြောင့် ရေရရှိမှု ပြဿနာပိုကြီးမားလာခြင်း

၄။ Climate Change ကြောင့်ပင် လယ်ရေမျက်နှာပြင်များ မြင့်တက်လာပြီး မြေပေါ်မြေအောက်ရှိ ရေအရင်းအမြစ်များ အတွင်း ဆားငန်ရေဝင်ရောက်မှု ပြဿနာများ ဖြစ်ပေါ်လာခြင်း

၅။ ဘေးကင်းသော သောက်သုံးရေ ရရှိမှုနှင့် ရေနှင့်မိလ္လာစွန့်ပစ်မှုစနစ်များ၊ အခြားအိမ်တွင်းအသုံးများသည့် ပစ္စည်းများလိုအပ်ချက် မြင့်မားနေခြင်း

၆။ ရေအရည်အသွေးဆိုင်ရာ စံနှုန်း သတ်မှတ်ချက်(လူ/သီးနှံ)များအတွက် ယခုတိုင်စနစ်တကျမရှိသေးခြင်း

၇။ ရေစိမ့်ထွက်မှု ရေညစ်ညမ်းမှုများဟာ မြစ်ချောင်းများ၊ အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



ရေထု အသီးသီးတွင် ကြုံတွေ့နေရပြီး ရေဂေဟာစနစ်ကို ထိခိုက်စေခြင်း

၈။ မြေအောက်ရေဟာ Hydrological Cycle အရ သဘာဝက ပေးအပ်ထားသည့်အတွက် လူသားအားလုံးနှင့် သက်ဆိုင်ပါတယ်။ သို့သော် လည်း ယနေ့ကမ္ဘာပေါ်မှာ ပုဂ္ဂလိကပိုင်ဆိုင်မှုဟူ၍ ရှုမြင်ပြီး ရေရှည် တည်တံ့ ခိုင်မြဲမှုကို လျစ်လျူရှုကြည့်လျှင် ဥပဒေမဲ့ထုတ်ယူနေသည်ကို တွေ့ရှိရပြီး မိမိတို့ ပတ်ဝန်းကျင်တွင် မြေအောက်ရေထိခိုက်မှု ပြဿနာကို ထင်ရှားစွာ တွေ့မြင်နေရခြင်း

၉။ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကျယ်ပြန့်တဲ့ ပင်လယ်ပြင်ကို ပိုင်ဆိုင်ထား ပြီး ပင်လယ်ပြင်အတွင်းမှ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးပြုရန် လိုအပ်သကဲ့သို့ ပင်လယ်ပြင် ညစ်ညမ်းမှုကို ကာကွယ်ပေးရန် လိုအပ်ခြင်း

၁၀။ ဆည်မြောင်း Infrastructure များရဲ့ လုံလောက်သည့် ကြံ့ခိုင် ထိန်းသိမ်းမှုအပိုင်းမှာ အချို့နေရာများ၌ အားနည်းနေသည်ကို တွေ့ရှိရပြီး ယင်းအတွက်ကြောင့် မူလသတ်မှတ်ချက် ရေပမာဏမထိန်းသိမ်း နိုင်ခြင်း၊ ရေမပေးနိုင်ခြင်း၊ ရေလေလွင့် ဆုံးရှုံးမှုများရှိခြင်း၊ Dam Safety ကို ပူပန် လာရခြင်း၊ Liltation သဲနုန်းပို့ချမှုများလာပြီး ရေသိုလှောင်မှု ပမာဏကို ထိခိုက်လာခြင်းတို့ကို တွေ့ရှိရခြင်း၊ ထို့အပြင် မိမိတို့တွင်ရေကို ဥပဒေမဲ့ကျူး ကျော်သုံးစွဲသည်ကို မြန်မာနိုင်ငံ အနှံ့အပြားတွေ့မြင်နေရခြင်း

၁၁။ ရေနှင့်ပတ်သက်သော လူထု အသိပညာ၊ အသိဉာဏ်ရည်နိမ့်ပါး ဆဲဖြစ်ခြင်း၊ ရေရှားပါးလာပြီး ရေ၏ စီးပွားရေးတန်ဖိုး Ccomonic Value မြင့်တက်လာခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုများနေခြင်း၊ ရေ ကိုခြိုးခြံချွေတာ သုံးစွဲရမည်စသော အသိဉာဏ်ရည်များ နိမ့်ပါးနေဆဲဖြစ်ခြင်း

၁၂။ Hotistic and enter-disciplinary approach လို့ခေါ်တဲ့ ဘာသာရပ်အားလုံး လွှမ်းခြုံပူးပေါင်းဆောင်ရွက် သော ချဉ်းကပ်မှုနှင့် ရေနှင့် ပတ်သက်သော ပြဿနာအားလုံးကို ချဉ်းကပ်ရန် လိုအပ်နေခြင်း

၁၃။ Catchment Area ဖြစ်တဲ့ ချောင်း၊ မြစ်များ မြစ်ဖျားခံရာ ရေဝေရေလဲဒေသများ၏ အခြေအနေကို သတိပြု ရန်လိုအပ်ခြင်း၊ အောက်



www.burmeseclassic.com

www.burmeseclassic.com


ရေထိန်းသိမ်းခြင်းနှင့် ပတ်သက်ပြီး ရေအသုံးချမှု၊ သစ်တော ဖုံးလွှမ်းမှု၊ သစ်တောပေါက်ရောက်မှုအခြေအနေများဟာ ရေဝေရေလဲဒေသများမှာရှိတဲ့ ရေပမာဏနှင့် အရည်အသွေးကို သက်ရောက်မှုများ ဖြစ်နေပါသည်ဟု ဝန်ကြီးမှ ပြောကြားသွားပါသည်။ မြန်မာနိုင်ငံရေလိုအပ်သော အရပ်ဒေသများ များစွာ ထဲမှ မြန်မာပြည်အလယ်ပိုင်းဒေသသည် မြစ်ရေတင်ခြင်းဖြင့် ရေလုံလောက်အောင် စီမံကိန်းလုပ်ခဲ့သည်ကို အများသိရှိပြီးသား ဖြစ်ပါသည်။ အင်းလေးကန်ကဲ့သို့သောရေကန်ကြီးများသည်လည်း နွေရာသီတွင် ရေခန်းခြောက်ခြင်းများဖြစ်ပေါ်မှုသည် လည်းကောင်း၊ နအဖ၊ နဝတ လက်ထက်မှတည်ဆောက်ခဲ့သော ဆည်မြောင်း၊ ရေကာတာများသည်လည်း မိုးရာသီတွင် ရေများပြားသဖြင့် မထိန်းသိမ်းနိုင်ခြင်း၊ နွေ ရာသီတွင် ရေခန်းခြောက်သွားသဖြင့် ရေမပေးဝေနိုင်ခြင်းတို့ ဖြစ်ပေါ်နေသည်မှာ မြန်မာတစ်နိုင်ငံလုံးအသိပင်ဖြစ်ပါသည်။ ယခုကဲ့သို့ ဖြစ်ပေါ်နေခြင်း၊ ရာသီဥတုပြောင်းလဲခြင်းများသည် သစ်တောများ မဆင်မခြင်သစ်ခုတ်ထုတ်လုပ်နေခြင်းများကြောင့်ဟု သိရှိနေသည်မှာ နှစ်အတန်ကြာပြီဖြစ်သော်လည်း ယနေ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနမှ ယခုနှစ်တွင် သစ်တောခုတ်ခွင့်လိုင်စင်ကို ၂ ဆတိုးမြှင့် ချ ထားကြောင်း သိရှိရပါသည်။

ထို့အပြင် ပင်လယ်ဘက် ထွက်ပေါက်ကြီးစွာရှိသော ရခိုင်ပြည်နယ်တွင် သစ်တောကေ ၆ သောင်းအား သစ်ထုတ်လုပ်ခွင့်ပါမစ်ချပေးလိုက်ပြီး တရားဝင်ရော၊ တရားမဝင်ပါ ထုတ်လုပ်နေသော ရခိုင်ပြည်နယ်သစ်ထုတ်လုပ်သူ ဆီမှောင်ခိုတင် သွင်းသူတစ်ဦးအား ဘဏ်လုပ်ငန်းရှင်တစ်ဦးနှင့် ပူးပေါင်း၍ ချထားပေးကြောင်း၊ ယခုအခါ သစ်လုပ်ငန်းရှင်များ သစ်ခုတ်ရာတွင် အပြောင်ရှင်းစနစ်နှင့်ခုတ်ယူခြင်းကြောင့် သစ်တောများလုံးဝပျက်စီးသွားပြီး အောက်ရေအစိုဓာတ် ထိန်းသိမ်းရန်အတွက် သစ်မြစ်များမရှိတော့ခြင်း၊ အပူဒဏ်ကြောင့် အစိုဓာတ်ခန်းခြောက်သွားခြင်းများကြောင့် သဘာဝရေထိန်းသိမ်းခြင်းများမရှိတော့ဘဲ မြန်မာပြည်၏ သစ်တောများ ပြုန်းတီးမှုအား နိုင်ငံတကာမှ ထောက်ပြဆွေးနွေးနေပြီဖြစ်ပြီး ၎င်းသစ်တောများ ပြုန်းတီးမှုကာကွယ်ရေးအတွက် ဒေါ်လာသန်းပေါင်းထောင်ချီ လိုအပ်နေကြောင်း

www.burmeseclassic.com

www.burmeseclassic.com


အစီရင်ခံစာကို Global Conopy Programme အမေဇုံသဘာဝပတ်ဝန်းကျင်တွင် သုတေ သန သိပ္ပံ၊ နိုင်ငံတကာ သစ်ပင်သစ်တော ထိန်းသိမ်းရေးအဖွဲ့နှင့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်တို့ ပူးပေါင်းထုတ်ပြန်ခြင်းဖြစ်သည်။

ထို့အပြင် ရေအရင်းအမြစ်၏ သဘာဝတရားမှ ရရှိသော မေခ၊ မေလီခ၊ ချင်းတွင်း၊ ဧရာဝတီ၊ သံလွင်မြစ်များ တွင် ရေနှင့် ရေစွမ်းအင်အသုံးချမှုများကို မိမိနိုင်ငံအတွက် အသုံးမချဘဲ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံများသို့ လုပ်ပိုင်ခွင့်များပေးပြီး ရေကာတာများ တည်ဆောက်လျက် ဓာတ်အားပေးစက်ရုံများ တည်ဆောက်နေမှုများမှာ မြန်မာနိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်သည့်လုပ်ငန်းများမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သောမြစ်များသည် မြစ်ကျိုး၊ မြစ်ပြတ်များအဖြစ် ကျရောက်တော့မည်ဖြစ်နေပါသည်။ ထို့ပြင် မြစ်ကမ်းတစ်လျှောက်ရှိ အရက်ချက်စက်ရုံများ၊ စွန့်ပစ်သောရေဆိုးများသည်လည်း မြစ်ရေအား အန္တရာယ်များပေးနေပါသည်။ တကောင်းတောင် နီကယ်စီမံကိန်းနှင့် ဂရိတ်ဝေါသကြားစက်တို့မှ ရေဆိုးများ ဧရာဝတီမြစ်အတွင်း စွန့်ပစ် လျက်ရှိသည်ဟု ဂျာနယ်များတွင် အကြိမ်ကြိမ်အဖန်ဖန်ရေးသားနေကြသော်လည်း တစ်စုံတစ်ရာ အရေးယူမှုရှိ ကြောင်းမကြားသိရပါ။ လယ်ကေငါးထောင်ကျော် သိမ်းဆည်းထားသည်ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်တို့မှ မည်သည့် အရေးယူဆောင်ရွက်ပေးမှုမျိုးမျှ တွေ့ရှိရခြင်းမရှိပါ။

အချုပ်ဆိုရသော် မြန်မာနိုင်ငံ၏ ပူပြင်းလာသော ရာသီဥတုကို ကာကွယ်ရန်အတွက် ပထမဆုံးလုပ်ကိုင်ရမည့် လုပ် ငန်းများမှာ ၁။ သစ်ထုတ်လုပ်မှုများကို ရပ်ပစ်ပါ။ အသစ်အစားကြီးထွားမြန်သော အသုံးချနိုင်သောဝါးပင်များထုတ်လုပ်မှုကို စီမံကိန်းချပြောင်းလဲပစ်ပါ။

၂။ မြစ်ချောင်းများ မြစ်ဖျားခံရာ ရေ ဝေရေလဲဒေသများ၏ ထိန်းသိမ်းမှုများကို ရပ်တန့်စေသော စီမံကိန်းများအား မပြုလုပ်ဘဲ ချောင်းရှားရန်မြစ်များအတွင်း ရေစီးရေလာကောင်းမွန်ရန်တို့ကို လုပ်ဆောင်ရ မည်ဖြစ်ပြီးအထူးသဖြင့် မြေပေါ်မြေအောက် ရေကန်၊ ဆည်၊ မြစ်ဖျားခံရာ ရေဝေရေလဲ



www.burmeseclassic.com

www.burmeseclassic.com


ဒေသများတွင် သစ်တောပေါက်ရောက်မှုနှင့် သစ်တောများ ထိန်းသိမ်းရန် အထူးလိုအပ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ်တွေကို ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး စိမ်းလန်းသော သဘာဝပတ်ဝန်းကျင်ကို ပေးအပ်နိုင်ခြင်းနှင့် အများပြည်သူ၏ ရေနှင့်ရေစွမ်းအင်အသုံးချမှုများ မြင့်တက်လာပြီး မြန်မာ ပြည်ရှိ ရေရှိမှု အခက်အခဲများကို ဖြတ်ကျော်နိုင်မည်ဖြစ်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com



# ချိန်ခွင်လျှာကို လက်လွှတ်ပါ

ကျော်ကျော်နိုင်

ယခုနှစ်မတ်လအတွင်းတွင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်တို့နှစ်ဦးသည် တစ်ရက်စီခြားလျက် မိန့်ခွန်းရှည်ကြီးများ ကိုယ်စီခြွေခဲ့ကြသည်။ သမ္မတကြီးဦးသိန်းစိန်က နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်မှုသက်တမ်း (၃) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည့်မိန့်ခွန်းဖြစ်၍ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကမူ (၆၉) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ထုတစ်ရပ်လုံးအား ပြောကြားသည့် မိန့်ခွန်း ဖြစ်ပါသည်။ မတ်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့ မိန့်ခွန်းနှစ်ရပ်လုံးသည် ချိန်ခွင်ညှာကို အာဏာနှင့် သတိကြီးစွာထား၍ လက်မလွှတ်သော၊ အရပ်သား အစိုးရကို ကင်ပွန်းတပ်ထားသော (ဘောင်းဘီကျွတ်များ) ၃ နှစ်သား သမ္မတမိန့်ခွန်းနှင့် ၁၉၆၂ ခုနှစ်မှစတင်ကာတိုင်းပြည်ကို လက်လွှဲအုပ်ချုပ်ခဲ့လေသော ရှေ့ရေး



www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းရ ခေါင်းပြောင်းခေါင်းလွှဲ တပ်မတော် ခေါင်းဆောင်ကြီးတို့၏ အာဘော်များမှာချိန်ခွင်လျှာတစ်ဖက်ဖက်သို့ ဖောက်ထိုးမိုးမျှော် မဖြစ်ရေးအတွက် ကြိုကြိုတင်တင် ပြင်ဆင်ခဲ့ကြပုံရပေသည်။

မိန့်ခွန်းနှစ်ခုလုံး၏ အစတွင်. . .

"လွန်ခဲ့သောသုံးနှစ်က ဒီနေရာမှာဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်းပြည်ပက လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေ အားလုံးကို တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြဖို့ ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုခဲ့ပါတယ် သုံးနှစ်မြောက်ချိန်မှာ ဒီသဘောထားကို ဘယ်လောက်ထိဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ပြီလဲဆိုတာ သုံးသပ်ရင် ကျေနပ်အားရဖွယ်ကောင်းတဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့ဆောင်ရွက်နိုင်တာကို တွေ့ရှိနိုင်ပါတယ်" (သမ္မတဦးသိန်းစိန်)

"၁၈၂၆ ခုနှစ် ရခိုင်နှင့် တနင်္သာရီဒေသများနယ်ချဲ့လက်အောက်သို့ကျွန်ဘဝ စတင်ရောက်ရှိခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ကိုလိုနီဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံကို လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံပြန်ဖြစ်ရန် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် မြန်မာမျိုးချစ် ခေါင်းဆောင်များသည် နယ်ချဲ့ကို တိုက်ထုတ်ရန် အမျိုးသား တပ်မတော်တစ်ရပ် ထူထောင်ရေးအတွက်နည်းလမ်းမျိုးစုံဖြင့် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရကြောင်း၊ တပ်မတော်ကိုစတင် သန္ဓေတည်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် တပ်မတော်ဖွဲ့ပြီး ဂျပန်များနှင့်အတူ နယ်ချဲ့ကို တိုက်ထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်လက်အောက်တွင်ညှင်းပမ်းနှိပ်စက်ခံနေရသည့် ပြည်သူလူထုကိုကယ်တင်ရန် အတွက် တပ်မတော်က ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် သမိုင်းဝင်ဖက်ဆစ် တော်လှန်ရေးကြီးကို တိုင်းရင်းသား လူငယ်ပေါင်းစုံပါဝင် တိုက်ခဲ့ကြကြောင်း၊ ထို့ကြောင့်မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်အပေါ် အခြေခံပြီး လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းနှင့်အတူ ပြည်သူကြားက ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်ကို အခိုင်အမာ ပြောကြားလိုကြောင်း. . ." (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်)



www.burmeseclassic.com

www.burmeseclassic.com


သမ္မတကြီးရဲ့ မိန့်ခွန်းနိဒါန်းအရဆိုရင် သူတို့ (အစိုးရဘက်က)ကသာ သဘောထားကြီးမားကြောင်း၊ အမြော်အမြင်ရှိကြောင်း၊ အမျိုးသားပြန်လည်စည်းရုံးရေးအတွက် သူတို့ကပဲ တစ်ဖက်သတ်ကြိုးပမ်းခဲ့ရသယောင်ယောင် ငြိမ်းချမ်းရေးကိစ္စတွေ မဖော်ဆောင်ခင်မှာ တိုင်းရင်းသားအဖွဲ့တွေနှင့် အစိုးရ အပစ်အခတ်ရပ်စဲရေးသည် ပထမ၊ အဲသည်ကာလတွင် ရေဒီယိုမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(......) သည် အမြင်မှန်ရ၍ ...... ဟု ကြေညာရာ ရေဒီယိုနားထောင်နေသူတိုင်းရင်းသား(ကချင်/လော်ဝေါ်) တစ်ဦးက 'ငါတို့ တစ်ဖက်တည်းအမြင်မှန်ရတာလား၊ သူတို့ကော မရဘူးလား'ဟု ဆိုသံကို နားနှင့်ဆတ်ဆတ်ကြားဖူးပါသည်။

ကာကွယ်ရေးဦးစီးချုပ်ကျတော့ တပ်မတော်၏ အခန်းကဏ္ဍကို ရောင်ဝါဖွင့်ရန်အတွက် 'တပ်မတော်ကို စတင်သန္ဓေ' တည်ပေးသည့်ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် တပ်မတော်ဖွဲ့ပြီး ဂျပန်များနှင့်အတူ နယ်ချဲ့ကို တိုက်ထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်လက်အောက်တွင် ညှင်းပမ်းနှိပ်စက်ခံနေရသည့် ပြည်သူလူထုကို ကယ်တင်ရန်အတွက် တပ်မတော်က ......' ဟု ပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ဖက်ဆစ်ဂျပန်များနှင့်အတူ ပူးပေါင်း၍ နယ်ချဲ့ကို တိုက်ထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်လက်အောက်တွင် ညှင်းပမ်းနှိပ် စက်ခံနေရသည့် ပြည်သူလူထုကို ကယ်တင်ရေးအတွက်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းပဲ ဦးဆောင်ခဲ့သည်ပင်။ ဗိုလ်ချုပ်အောင်ဆန်းဂျပန်နှင့် ပေါင်းမိသည်ကို ချွတ်ချော်မှု တစ်ခုလိုလို၊ တပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် တပ်မတော်ပဲ မဟုတ်လား။ ထိုအချိန်က တပ်မတော်ထဲတွင် တိုင်းရင်းသားလူငယ် ပေါင်းစုံပါပြီးဖြစ်၍ ပြည်သူကြားကပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဟု အခိုင်အမာပင် ဆိုလိုက်ပြန်ချေသေး၏။ မည်သို့ပင်ဖြစ်စေ အစဉ်အလာရှိသော တပ်မတော်မှာ လက်ရှိအာဏာကိုင်ထားသူတို့၏ အခန်းကဏ္ဍက အနည်းအကျဉ်းမျှသာ။ "၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့သည့် အန္တရာယ်ကြီးမားလှသော အရေးကိစ္စများတွင် တပ်မတော်သည် နိုင်ငံတော်ကို မပြိုမနေ ကာကွယ်စောင့်ရှောက်ပေးခဲ့ရကြောင်း" လို့ အာဝဇ္ဇန်းရွှင်စွာ ပြောကြားနေသည်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူပြည်သားတစ်ယောက်အနေနှင့် ဖြည့်စွက်ပေးချင်လှပါသည်။ ၁၉၆၂ ခုနှစ်၊ ၁၉၆၉ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၅ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၂၀၀၇ ခုနှစ်အရေးအခင်းများတို့တွင် ထိုတပ်မတော်ခေါင်းဆောင်ကြီးများ၏ ညွှန်ကြားချက်အရ အသက်ပေါင်း ဘယ်လောက်... ဘ၀ပေါင်း ဘယ်ရွေ့ဘယ်မျှ စတေးခံခဲ့ကြရပါလိမ့်။ သမိုင်းကိုဖော်သင့်သည်ဖော်၊ ကွယ်သင့်သည်ကွယ်လျက် မျက်နှာပြောင်တိုက်ပြောကြားနေခြင်းမှာ ချိန်ခွင်လျှာ အစွန်းထွက်မည်စိုး၍ထင့်။

မကြာမတင်က ဘောင်းဘီချွတ်ထား ပြီးဖြစ်သော တပ်မတော်သည်ပင်စင်မစားဘဲ (ပွဲစားစကားဖြင့်ဆိုရလျှင်ခေါင်းပြောင်းထားသော) အရပ်သားအစိုးရဟု ခပ်တည်တည်တက်လာသော သမ္မတကြီးအမှုးပြု သည့်အစိုးရကိုယ်စား သမ္မတကြီး ဦးသိန်းစိန်ကလည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငါတော်ဒေသနာ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မင်းအောင်လှိုင်ကလည်း မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကစ၍ ယနေ့ထိတိုင် တပ်မတော်နှင့် ကျေးဇူးမကင်းကြောင်းကို ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်ကိုပါသက်သေ သုံးကျိပ်အဖြစ် ဖော်ဆောင်သွားပါသေး၏။ ဘယ်ဘက်မှအစွန်းမထွက်အောင် ၂၆. ၃. ၂၀၁၄ နှင့် ၂၇. ၃. ၂၀၁၄ ရက်နေ့တွင် ပြောကြားခဲ့သော မိန့်ခွန်းနှစ်ရပ်က ညာနှင့်ဘယ်၊ တစ်ဖက်နှင့်တစ်ဖက် ညီညွတ်နေသည်ကို တွေ့ရလေသည်။

အလွန်တော်သော တပ်မတော်သည် နှစ်ငါးဆယ်အုပ်ချုပ်ပြီးပြီဖြစ်ပါသည်။ အရှေ့တောင်အာရှမှာ အဖွံ့ဖြိုးဆုံးဖြစ်ခဲ့တဲ့မြန်မာနိုင်ငံဟာ အရှေ့တောင် အာရှမှာအမွဲဆုံးနိုင်ငံလည်းဖြစ်ခဲ့ပါပြီ။ ပြည်သူရဲ့ ကံကြမ္မာကို ပြည်သူသာ ဖန်တီးခွင့်ပေးပါ။ တပ်မတော်ကြီး မပေါ်ပေါက်ခင်ကတည်းက ဖွံ့ဖြိုးလာခဲ့တဲ့ မြန်မာနိုင်ငံကို ပြည်သူအားနဲ့ ထူထောင်ခွင့်ပြုပါ။ ငါတို့သာ မှန်တယ်ဆိုပြီး ချိန်ခွင်လျှာကို လက်နှင့်ကိုင်ထားပြီး အမှန်တရားကို ပေါ်ပြောနေလို့ကတော့ မောရုံသာရှိပါလိမ့်မည်။ နိုင်ငံကိုတကယ်ချစ်ပါက ချိန်ခွင်လျှာကို လက်လွှတ်လိုက်ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



# ဘားမားကို ကယ်မှာလား ... အိုဘားမား

ကျော်ကျော်နိုင်

မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမေရိကန်သမ္မတအိုဘားမားက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်ခန်းမတွင် အာဆီယံလူငယ်ခေါင်းဆောင်များကို မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

''ယခုဆိုရင် မြန်မာနိုင်ငံမှာ ဆယ်စုနှစ်နဲ့ ချီပြီးဖိနှိပ်ခဲ့တဲ့ အစိုးရကနေ အသွင် ပြောင်းနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အရာအားလုံးကို ဖွင့်လှစ်ဖို့ ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံကိုပို၍ ဒီမိုကရက်တစ်နိုင်ငံဖြစ်အောင် ဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံဟာ လွန်စွာမှပင် ရဲရင့်လှတဲ့လုပ်ငန်းခွင်ကို လျှောက်လှမ်းနေခြင်းဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီမိုကရေစီဖော်ဆောင်ရေးရဲ့ အန္တရာယ်ဟာ အခုအခါမှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မတူညီတဲ့လူမျိုးစုတွေ မတူညီတဲ့ကိုးကွယ်မှုတွေ အတွင်းမှာပဲ ရှိနေပါတယ်။ တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ



www.burmeseclassic.com

www.burmeseclassic.com



တွေကို စုစည်းတည်ဆောက်ထားတဲ့ စည်းမျဉ်းတွေကိုဆန့်ကျင်ပြီး ဘာသာရေး အမှတ်သရုပ်တွေကို နိုင်ငံရေးသွတ်သွင်းမယ်။ ဒါမှမဟုတ် လူမျိုးရေးအမှတ်သရုပ်တွေကို နိုင်ငံရေးသွတ်သွင်းကြမယ်ဆိုရင် မြန်မာနိုင်ငံကို လမ်းကြောင်းအမှားပေါ် ဆွဲချသွားစေနိုင်တဲ့ ပဋိပက္ခတွေကို ကျွန်တော်တို့ စမြင်နေရပါပြီ။

ဒါဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ မဟုတ်ပါဘူး။ မလေးရှားနိုင်ငံဟာဆိုရင် မူဆလင်လူအများစု နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့လည်း မူဆလင်မဟုတ်တဲ့သူတွေ ခွဲခြားခံနေရတာတွေ မူဆလင်မဟုတ်သူတွေကို ရန်ပြုခြင်းခံခဲ့ရတာတွေ ရှိနေပါတယ်။

ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် သမိုင်းနဲ့ချီတဲ့ လူမျိုးရေးပဋိပက္ခရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်တွင်းစစ်ပွဲကြီး ဆင်နွှဲခဲ့ရပါတယ်။ နိုင်ငံသား အခွင့်အရေးလှုပ်ရှားမှုတွေဆင်နွှဲခဲ့ရပါတယ်။ အာဖရိကန်နွယ်ဖွား သမ္မတတစ်ယောက်အဖြစ် ခင်ဗျားတို့အရှေ့မှာရပ်လာနိုင်တဲ့ ယနေ့အထိမျိုး ဆက်အဆက်ဆက်တိုက်ခဲ့ရပါတယ်။ ဒါပေမဲ့လည်း ဒီအလုပ်က မပြီးသေးပါဘူး။ အမေရိကန်ပြည်ထောင်စုမှာကိုပဲ ခွဲခြားဆက်ဆံမှုတွေ၊ မမျှတမှုတွေ၊ လူမျိုးရေး ပဋိပက္ခတွေရှိနေတုန်းပါပဲ။ ဒါတွေကို ကျွန်တော်တို့ တိုက်ဖျက်နေရတုန်းပါပဲ"

အထက်ပါပြောကြားချက်မှာ မြန်မာနိုင်ငံအတွက် အလေးအနက်ထားစရာ ပြဿနာများဖြစ်သလို မြန်မာနိုင်ငံမှ လူငယ်များအား မေးခွန်းများကို ဖြေကြားရာတွင် အောက်ပါအချက်အလက်များကို တွေ့ရှိရပါသည်။

"မြန်မာပြည်မှာ လူမျိုးရေးတွေ၊ ဘာသာစကားတွေ သက်ဝင်ယုံကြည်မှုတွေနဲ့ ယဉ်ကျေးမှုတွေမတူဘဲ ကွဲပြားနေတာတွေ များပြားနေပြီး နောက်လာမယ့် မျိုးဆက်သစ်တွေအတွက် အားပေးနိုင်ဖို့ အရေးပါတဲ့စကားဒါမှမဟုတ် အားပေးမှုတွေဟာ ဘာများဖြစ်ပါသလဲခင်ဗျာ။ အာဆီယံတစ်လွှားမှာလည်း ရှိနေပါတယ်"

"ဟုတ်ပါတယ်။ ဒါဟာ ပြဿနာကြီး တစ်ခုပဲဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားက ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ အခက်အခဲတွေကို ကြည့်လိုက်ရင် အများဆုံးပါပဲ။ အဓိကအကြောင်းတွေက ဒီလိုပဲ အခုမြန်မာပြည်မှာလည်း ဖြစ်နေပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဖိနှိပ်ချုပ်ချယ်တဲ့ အစိုးရအပြီး အသွင်ကူးပြောင်းရေးကို သွားနေကြပါတယ်။ ဒီမိုကရေစီဆန်တဲ့ အရာတွေကိုလုပ်ဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။သတ္တိရှိရှိ ဖြတ်သန်းရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါပေမဲ့ အန္တရာယ်ရှိပါတယ်။ မြန်မာပြည်မှာ မတူတဲ့လူမျိုးစုတွေ ကွဲပြားတဲ့ဘာသာတရားတွေရှိနေပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ဒီမိုကရေစီရေးအရစည်းရုံးရင် ပဋိပက္ခတွေပေါ်ပေါက်မှုဖြစ်ပါတယ်။ မူဆလင်တစ်ယောက်ဖြစ်ရင် သူ့ရဲ့အခွင့်အရေးတွေဟာ ဆုံးရှုံးမှုဖြစ်ပါတယ်"

"မြန်မာပြည်တစ်ခုတည်းမဟုတ်ပါ။ မလေးရှားက မူဆလင်အများစုနေတဲ့ နိုင်ငံဖြစ်ပါတယ်။ မူဆလင်မဟုတ်တဲ့လူတွေနဲ့ ပြဿနာတွေ၊ အခက်အခဲတွေရှိတာပါပဲ။ အမေရိကန်ပြည်ထောင်စုမှာ လူမျိုးရေးကွဲပြားတဲ့ပဋိပက္ခတွေဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်တွင်းစစ်ဖြစ်ခဲ့ပါတယ်။ အသားအရောင်ခွဲခြားမှုတွေဖြစ်ခဲ့ပါတယ်။ လူမည်းတွေကို ပစ်မှတ်ထားခဲ့ပါတယ်။ အကြမ်းဖက်ကေသုံးလုံးဂိုဏ်းပေါ်ပေါက်ခဲ့ပါတယ်။ မာတင်လူသာကင်းဟာ ငြိမ်းချမ်းရေးနိုဗယ်ဆု ရပြီးမှလုပ်ကြံခံခဲ့ရပါတယ်။ လူမည်းတွေ မဲပေးခွင့်နဲ့ အမျိုးသမီးတွေ မဲပေးခွင့်တိုက်ပွဲဝင်ခဲ့ရပါတယ်"

"မြန်မာပြည်မှာ အင်္ဂလိပ်လက်ထက်ကတည်းက လူမျိုးရေး ပြဿနာတွေရောထွေးနေပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ လူမျိုးရေး ခွဲခြားဆက်ဆံ မှုတွေ၊ အာဃာတတွေရှိနေတုန်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သတိဝီရိယနဲ့ နိုးနိုးကြားကြား ရှိဖို့လိုပါတယ်။ ကမ္ဘာကြီးဟာ ကျုံ့လာပါပြီ။ သေးသေးပြီးလာနေပါပြီ၊ ဒါကို သိဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ လူမျိုးစုတွေ၊ ကျေးရွာတွေနဲ့နေခဲ့ကြရတုန်းက တစ်ယောက်ကိုတစ်ယောက် ဆက်သွယ်မှုမရှိခဲ့ကြပါ။ အခုအခါမှာတော့ အင်တာနက်တွေ၊ စမတ်ဖုန်းတွေရှိလာကြပြီး ယဉ်ကျေးမှုတွေ ထိတွေ့ကုန်ကြပြီ ဖြစ်ပါတယ်၊ ကမ္ဘာကြီးဟာ သေးလာပြီး ခွဲခြားမှုတွေမရှိတော့လို့ ကမ္ဘာ့လူဦးရေတချို့ကို ဘေးဖယ်တဲ့နိုင်ငံဆိုတာ ရှိမှာမဟုတ်တော့ပါ။ မူဆလင်မဟုတ်တဲ့လူတွေ အခွင့်အရေးမရှိရင် မလေးရှားဟာ အောင်မြင်မှာမဟုတ်ပါ။ မူဆလင်တွေ ဖိနှိပ်ခံရရင် မြန်မာပြည်ဟာ အောင်မြင်မှာမဟုတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့အနေနှင့် သမ္မတရဲ့ ပြောကြားတဲ့စကားကို စဉ်းစားကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ နှစ်ပေါင်းခြောက်ဆယ်ကျော်ခရီး ပြည်တွင်းစစ်တွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားဖွံ့ဖြိုးမှုကို ကြီးမားသော အဟန့်အတားကြီးဖြစ်ပေါ်စေခဲ့ပါသည်။ ဤပြည်တွင်း စစ်ကြောင့်တပ်မတော်ရဲ့ အင်အားကို နိုင်ငံနှင့်အဆမတန် ချဲ့ထွင်လာရာမှ တပ်မတော်ရဲ့ အုပ်ချုပ်ခံနိုင်ငံ တစ်နိုင်ငံအဖြစ်ဖြစ် တည်ရောက်ရှိသွားပါသည်။အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးမှု အရှိဆုံးနိုင်ငံမှ အဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်ရှိသွားစေခဲ့ပါသည်။ ဒုတိယအကျိုးစီးပွားမှာ နိုင်ငံ၏ အရင်းအမြစ်များကို မှန်မှန်ကန်ကန် သုံးစွဲနိုင်ခွင့်မရှိတော့ဘဲ ပြည်တွင်းစစ်တွင် သုံးစွဲမှုများဖြင့် အလဟဿ သက်သက် ဖြစ်ကုန်ကြပါသည်။ ဒီတော့ အမေရိကန်သမ္မတကို ပြောကြားလိုသည်မှာ ပြည်တွင်းစစ်ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သော မြန်မာနိုင်ငံအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကလိုအပ်နေသောကြောင့် ပြည်တွင်းငြိမ်း ချမ်းရေး ရရှိရန်ဆောင်ရွက် ပေးစေလိုကြောင်းပမာဏ ပြောကြားလိုပါသည်။

မြန်မာနိုင်ငံ၏ လွန်စွာရဲရင့်လှသည့် လုပ်ငန်းစဉ်ကို လျှောက်လှမ်းနေသည်ဆိုရာ၌ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမပြင်လျှင် ဤရဲရင့်သော လျှောက်လှမ်းမှုများသည် အန္တရာယ်ရှိသော လျှောက်လှမ်းမှုများ အဖြစ် ပြောင်းလဲသွားနိုင်ပါသည်။

လူမျိုးရေးအမှတ်သရုပ်တွေကို နိုင်ငံရေးထဲ သွတ်သွင်းကြမယ်ဆိုရင် မြန်မာနိုင်ငံကို လမ်းကြောင်းမှားပေါ် ဆွဲချသွားစေတဲ့ ပဋိပက္ခတွေ ကျွန်တော်တို့ စမြင်နေရပါပြီ။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဘဝကို ဘာသာရေးအသုံးချမှုကို ပြုလုပ်ဆောင်ရွက်သည်မှာ နိုင်ငံရေးသမားများ မဟုတ်ကြပါ။ ယခုနိုင်ငံရေး ဘာသာရေး လူမျိုးရေး ပဋိပက္ခကိုကြည့်လျှင် နှစ်မျိုးတွေ့နိုင်ပါသည်။ ပထမ တစ်မျိုးမှာ နိုင်ငံရေးကို အသုံးချရန်အတွက် အာဏာရှင်အရိပ်အငွေ့ မကောင်းသောသူများ၏လုပ်ရပ်ဟု သိသာထင်ရှားစွာတွေ့ရသည်။

ဒုတိယအကြောင်းတရားမှာ လူမျိုးရေးပဋိပက္ခလို့ သီးသန့်မဖြေရှင်းဘဲ ကမ္ဘာ့မီဒီယာလောကကို ခုတုံးလုပ်၍ ဘာသာရေးပဋိပက္ခတက်ဖွယ် ပြောကြား



www.burmeseclassic.com

www.burmeseclassic.com


နေသော မွတ်ဆလင်ကမ္ဘာသူများကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ဖန်တီးသော ကုလားဗမာအရေးအခင်း ဖြစ်ခဲ့ဘူးပါတယ်။ မဆလခေတ်က မဆလအစိုးရခေါင်းဆောင်များဖန်တီးသော တရုတ်ဗမာ အရေးအခင်းဖြစ်ခဲ့ဘူးပါသည်။ ၈၈ ကာလက ကုလားဗမာ အရေးအခင်းဖြစ်ရန် စစ်ခေါင်းဆောင်ဖန်တီးခဲ့သည်ကို ပြည်သူများ သတိရှိရှိ ကျော်လွှားခဲ့ပါသည်။ ယခုအခါ မွတ်ဆလင်ဘာသာရေးခေါင်းဆောင်များကို လုပ်ကြံဖန်တီးချက်များသည် ရွှေသမင် ဘယ်တာထွက်မလဲဟု မေးရမလိုဖြစ်နေပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အင်္ဂလိပ်ခေတ်က စတင်လာသော ဘာသာရေးများတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မွတ်ဆလင်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘာသာကြီးလေးရပ်တည်ရှိနေပြီး မည်သည့် ပဋိပက္ခမှ မရှိခဲ့ပါ။

နေ့စဉ်ဘဝတွေနဲ့ ဆန့်ကျင်ပြီးတော့ ရဲရဲဝံ့ဝံ့ ပြောဆိုရတာတွေရှိမယ် တစ်ပြိုင် နက်တည်းမှာလည်း ခေါင်းဆောင်တစ်ယောက်အနေနဲ့ ထွက်ပေါ်လာပြီဆိုရင်တော့ အဲဒီကွဲပြားခြားနားတဲ့သူတွေကို တစ်စုတစ်စည်းဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ နိုင်ငံရေးမျိုးဖြစ်သင့်သည်။ ဒါဟာ လက်ရှိမျိုးဆက်အတွက် အရေးကြီးဆုံး အရာပဲ'' ဟု ပြောကြားတဲ့အတိုင်း မြန်မာနိုင်ငံလူထုကို ဦးဆောင်နိုင်မယ့် ခေါင်းဆောင်ပေါ်ပေါက်နေပြီး စစ်အစိုးရရဲ့ လှည့်ကွက်များမှ ရုန်းထွက်ဖို့ လိုအပ်နေပါတယ်။ ဒီစစ်ဝဲဂယက်မှ ရုန်းထွက်နိုင်တဲ့ သတိပညာ သတ္တိတွင် သာယာနိုင်ငံရေး နည်းဗျူဟာလည်း လိုအပ်ပါသည်။

ကျွန်တော်တို့ဟာ တရားဥပဒေရဲ့ ရှေ့မှောက်မှာ လူတိုင်းကို ညီတူညီမျှ ဆက်ဆံခြင်း၊ လူတိုင်းကို လေးစားခြင်းဆိုတဲ့ တူညီတဲ့အမြင်ရှိရပါမယ်။ ဒါဟာ ခင်ဗျားတို့အားလုံး ဆုပ်ကိုင်ထားတဲ့ တူညီချက်တစ်ခုဖြစ်ရပါမယ်လို့ ဆိုပါတယ်။ ဒီသဘောထားဟာ အာဏာရှင်တွေထားတတ်တဲ့ သဘောထား မဟုတ်ပါဘူး။ သိက္ခာရှိတဲ့ ဒီမိုကရေစီသမားတွေထားတဲ့ သဘောထားပါ။ ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေဆိုတာအစိုးရ ယန္တရားရဲ့ ပင်မအဆောက်အအုံကြီးဖြစ်ပါတယ်။ ဒီယန္တရားမောင်းနှင်မှုနှင့် အုပ်ချုပ်နေတာပါ။ ကျွန်တော်တို့ ဒီမိုကရေစီသမားများဟာ ဥပဒေကို ကျောထောက်နောက်ခံပြုပြီး ရပ်တည်

www.burmeseclassic.com



နေရတာပါ။ ဒီဥပဒေဟာ ကျိုးပေါက်ပြီး ကျွန်တော်တို့အတွက် မဟုတ်တော့တဲ့ အစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှု ယန္တရားဖြစ်သွားမှတော့ ညီမျှခြင်းဆိုတာ မရှိတော့ပါဘူး။

အဓိကကျတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ တပ်မတော်ရဲ့ လက်အောက်ခံဘဝကို ဆွဲသွင်းတာပါ။ ဥပဒေရဲ့အထက်မှာ တပ်မတော်ရှိနေပါတယ်။

ချစ်လှစွာသော သမ္မတကြီးခင်ဗျာ နိုင်ငံတစ်ခုကိုကောင်းအောင် ကြိုးပမ်းဆောင်ရွက်ပေးမှုသည် လူသားတစ်ရပ်လုံး၏ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကို ဆောင်ရွက်ပေးမှုသာဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ လူမျိုးစုများ ပါဝင်သည်။ မြန်မာနိုင်ငံသားများအတွက် အရေးအကြီးဆုံးသော ကိစ္စနှစ်ရပ်မှာ ပဌမကိစ္စသည် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးဖြစ်ပြီး ဒုတိယကိစ္စရပ်မှာ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပါတယ်။ ပါဝင်ပတ်သက်ကူညီပါဟု တောင်း ဆိုပါရစေခင်ဗျာ။

■



www.burmeseclassic.com

www.burmeseclassic.com


# ပုဒ်မ၄၃၆မပြင်ပါက NLD ပါတီလွှတ်တော်မှ ထွက်သင့်ကြောင်း

ကျော်ကျော်နိုင်

မြန်မာနိုင်ငံအရှုပ်ထွေးဆုံး အချိန်နှင့်တွေ့ဆုံရင်ဆိုင်နေရသည့် ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပုဒ်မ၄၃၆အား တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ဆန္ဒပြမှုများနှင့် လူထုလက်မှတ်ရေးထိုးပွဲကျင်းပနေချိန်တွင် ဘာသာရေး နှင့်ပတ်သက်၍ ကွဲလွဲမှုများဖြစ်စေနိုင်သော မျိုးစောင့်ဥပဒေကို တင်သွင်း ဖော်ဆောင်နေကြပါသည်။ ၎င်းပြဿနာများ မဖြေရှင်းနိုင်မီ မဟာသင်္ဃသုခကျောင်း ဆရာတော်များအား ဖမ်းဆီးပြီးလူဝတ်လဲမှုများ ဖြစ်ပေါ်လာ၍ တစ်နိုင်ငံလုံးစိတ်ဝင် စားနေချိန်တွင် အမျိုးသားလွှတ်တော်တွင် ပီအာရ်စနစ်ပြဋ္ဌာန်းဆောင်ရွက်ရန် အတည်ပြုလိုက်ပြန်ပါသည်။

လယ်သိမ်းယာသိမ်းကိစ္စများ အလုပ်သမားအရေးကိစ္စများ ဗွက်ပေါက် နေအောင်ဖြစ်နေချိန်တွင် မြန်မာ့နိုင်ငံရေးတွင် စိန်ခေါ်မှုကြီးတစ်ရပ်ကို ထပ်မံ မွေးဖွားပေးလိုက် ပြန်ပါသည်။ ပီအာရ်စနစ်ကို ကန့်ကွက်သည့်အနေဖြင့် အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် ကော်မတီရှင် အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီအဖွဲ့ချုပ် ကော်မတီဝင်များက နှုတ်ထွက်လိုက်ပါသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စား လှယ်ဦးအောင်ကြည်ညွန့်က "ကြက်ဟင်းခါးသီးက ဘယ်အိုးနဲ့ချက်ချက် ခါးမှာပဲလေ၊ အိုးပြောင်းချက်လို့ချိုလာတာမှမဟုတ်တာ" ဟု ကော်မရှင် မှနှုတ်ထွက်ရသည့် အကြောင်းကို ဥပမာပေး၍ ရှင်းပြပါသည်။ အမျိုးသား လွှတ်တော်မှ အတည်ပြုထားသော အချိုးကျကိုယ်စားပြုစနစ်၍ လာမည့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာ နိုင်ငံတွင် နိုင်ငံရေးပုံဖော်ဆောင်ရွက်မှုများသည် သိသာထင်ရှားစွာ ခေတ် ဟောင်းသို့ ပြန်ဝင်နေသည်ကို တွေ့ရပါသည်။

လယ်ယာဌာနတွင် လယ်သမားများ၏ အရေးကိစ္စများကိုလယ်ဆည် ဝန်ကြီးဌာနမှာတစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်ဖြေရှင်းပေးခြင်းမရှိသလို သာသနာရေးဘက်တွင်လည်း နိုင်ငံတော်သမ္မတ၏ မိန့်မှာချက်များကို ဆောင်ရွက်ခြင်းမရှိကြပါ။ ထို့အတူပြည်ထဲရေးဝန်ကြီးဌာနမှာလည်း ယခင် နဝတ လက်အောက်မှာ လုပ်ဆောင်နေသည့်အတိုင်းပြုလုပ်ဆဲဖြစ် ပါသည်။ နိုင်ငံတော်သမ္မတ၏အထက်တွင် တပ်မတော်သည်သာမက သံဃာ့နာယက အဖွဲ့ပင်ရှိနေကြောင်း တွေ့ရှိရပါသည်။ အောက်ခြေဝန် ထမ်းများ အဖွဲ့အစည်းများသည် သမ္မတ၏မိန့်မှာစကားများကို လိုက်နာ ဆောင်ရွက်ရန်အတွက် သမ္မတ ကိုယ်တိုင်သတင်းစာနှင့် ရေဒီယိုများမှ ရှင်းလင်းပြောကြားနေပြီး ပြည်နယ်နှင့် တိုင်းဝန်ကြီးချုပ်များမှာလည်း ကိုယ့်မူနှင့်ကိုယ်အုပ်ချုပ်နေကြပါသည်။

ထို့အတွက် ဤကြက်ဟင်းခါးသီးများကို သိနေပြီဖြစ်သော NLD လွှတ်တော် ကိုယ်စားလှယ်များသည် ပုဒ်မ၄၃၆ဥပဒေကို ပြည်သူလိုလားသည့် အတိုင်း ဟန်ပြပြောင်းလဲခြင်းမျိုး မဟုတ်ပဲ အမှန်တကယ် ပြောင်းလဲနိုင်ခြင်း မရှိပါက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD လွှတ်တော် ကိုယ်စား လှယ်များသည် လွှတ်တော်တွင်းမှ ထွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ရှုံးမယ်သေချာလို့ PR ကိုသုံးတာလား

ကျော်ကျော်နိုင်

ရွေးကောက်ပွဲများမှာ မဲအရေအတွက်အလိုက် အချိုးကျလွှတ်တော်ကို ဝင်ရောက်နိုင်တဲ့ PR စနစ်ဖြစ်တည်လာရေးအတွက် ကြိုးစားနေသူတွေဟာ တကယ်တော့၊ နိုင်ငံနှင့်လူမျိုးကောင်းစားရေးအတွက် မဟုတ်ဘဲ မိမိနေရာရရှိရေးကို ဦးတည်နေပါသည်။ မိမိကိုယ်တိုင် လူထုရွေးကောက်ခံရမှု မသေချာတဲ့သူတွေရဲ့ သတ္တိနည်းပါးမှုတွေပါပဲ။ မြန်မာ့နိုင်ငံရေး ဒီမိုကရေစီဖြစ်စဉ်တွေမှာ PRစနစ်က မလိုအပ်သေးပါ။

ရွေးကောက်ပွဲများမှာ အနိုင်မရ၊ အဲဒီအခါရတဲ့ အရေအတွက်ကို ကြည့်ပြီး လွှတ်တော်ထဲဝင်ချင်သူတွေ၏ အကြောင်းပြချက်ပါဟု ယခင်နိုင်ငံရေးသမားဟောင်းကြီး သခင်လွင်က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့်PR စနစ်ကို ကျင့်သုံးမည်ဆိုလျှင် ဆယ်တန်းမအောင်ဘဲ တက္ကသိုလ်တက်ချင်သူများ ဖြစ်နေပါလိမ့်မည်။ တက္ကသိုလ်သို့



www.burmeseclassic.com

www.burmeseclassic.com


တက်ရောက်ပညာသင်ကြားရန်အတွက် တက္ကသိုလ်ဝင်တန်းကို အောင်မြင်အောင်ဖြေဆိုနိုင်သော အရည်အချင်းရှိရပါမည်။ နိုင်ငံတကာမှာ ကျင့်သုံးသည် ဆိုသော စကားလုံးများအား အသုံးချပြီး တစ်နိုင်ငံလုံး၏ မဲအားလုံးကို စုပေါင်းရေတွက်မည်ဟူသော အကြောင်းပြချက်သည် အင်မတန်မဲခိုးရလွယ်သော အချက်ဖြစ်နေပါသည်။ လူသူအရောက်ပေါက်နည်းပါးသော လမ်းပမ်းဆက်သွယ်ရေးခက်ခဲသော လက်လှမ်းမမီသောနေရာများသည်လည်းကောင်း၊

**မြန်မာနိုင်ငံအနေဖြင့် PR စနစ်ကို ကျင့်သုံးမည်ဆိုလျှင် ဆယ်တန်းမအောင်ဘဲ တက္ကသိုလ်တက်ချင်သူများ ဖြစ်နေပါလိမ့်မည်။ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားရန်အတွက် တက္ကသိုလ်ဝင်တန်းကို အောင်မြင်အောင်ဖြေဆိုနိုင်သော အရည်အချင်းရှိရပါမည်။ နိုင်ငံတကာမှာကျင့်သုံးသည် ဆိုသော စကားလုံးများအား အသုံးချပြီး တစ်နိုင်ငံလုံး၏ မဲအားလုံးကို စုပေါင်းရေတွက်မည်ဟူသော အကြောင်းပြချက်သည် အင်မတန်မဲခိုးရလွယ်သော အချက်ဖြစ်နေပါသည်။**

တိုင်းရင်းသား လက်နက်ကိုင်များကြီးစသော နယ်မြေများမှလည်းကောင်း၊ လာရောက်သော မဲများသည်ခရီးလမ်းမှာပင် မဲခိုးရလွယ်သောအဖြစ်များနှင့်ရင်ဆိုင်ရပါမည်။ ထို့အတူ မိမိအားယုံကြည်မှုမရှိသော ကိုယ်စားလှယ်အဖြစ် ရွေးချယ်မခံရသောသူများသည် လွှတ်တော်ထဲသို့ ရောက်ရှိသွားပါ

www.burmeseclassic.com

www.burmeseclassic.com


မည်ဆိုပါက ၎င်းတို့သည် ပြည်သူ့ကိုယ်စားလှယ်အစစ်များ မဟုတ်ကြပါ။

ထို့ကြောင့် ပြည်သူမလိုလားအပ်သော၊ ပြည်သူများမထောက်ခံသောပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာရန် ကြိုးပမ်းမှုတစ်ခုသာ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ကျင့်သုံးနေသော စနစ်များအနက် PR စနစ်ဖြင့်လွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်သည့် စနစ်များရှိပါသည်။ ၎င်း PR စနစ်မှာ ရွေးကောက်ခံရသောပါတီများမှ အစိုးရအဖွဲ့သို့ အချိုးကျပါဝင်သည့် PR စနစ်ဖြစ်ပါသည်။ ဥပမာ–ပါတီကြီးနှစ်ခုမှာ တစ်ခုက (၅၁) ရာခိုင်နှုန်းရရှိပြီး ကျန်ပါတီတစ်ခုမှာ (၄၉) ရာခိုင်နှုန်းဖြစ်မည်ဆိုပါက (၅၁)ရာခိုင်နှုန်းရသော အချိုးအစားအရ အစိုးရအဖွဲ့တွင် ပါဝင်ခွင့်ရပြီး (၄၉)ရာခိုင်နှုန်းရရှိသော ပါတီမှလည်း မိမိအချိုးအရ အစိုးရအဖွဲ့တွင် အချိုးကျပါဝင်ခွင့်ရှိပါသည်။ ပါတီသုံးခုဖြစ်နေပါက (က)ပါတီနှင့် (ခ)ပါတီ(ဂ) ပါတီရှိသည်ဆိုပါစို့။ ၎င်းပါတီ (၃)ခုမှ (က) ပါတီက(၄၀)ရာခိုင်နှုန်းရသည်။ ဒုတိယပါတီ (၃၀)ရာခိုင်နှုန်း၊ တတိယပါတီမှာ(၂၀) ရာခိုင်နှုန်းရသည် ဆိုကြပါစို့။ ထိုအခါပါတီ၏ အစိုးရအဖွဲ့တွင် အမတ်နေရာ(၂၀)ရှိပါက၊ အစိုးရအဖွဲ့တွင် (က)မှဝန်ကြီး(၁၀)ဦး (ခ)ပါတီမှဝန်ကြီး(၆)ဦး(ဂ)ပါတီမှဝန်ကြီး(၄)ဦး ရရှိမည်ဖြစ်ပါသည်။ ၎င်းအနေအထားမှ ကြည့်လျှင် အစိုးရအဖွဲ့တွင် တစ်ပါတီတစ်ဖွဲ့တည်း မဟုတ်ဘဲ အတိုက်အခံပါတီရှိနေသဖြင့် ထင်ရာစိုးနိုင်သော အခြေအနေမျိုးမှ ကင်းရှင်းသွားမည်ဖြစ်သည်ဟု ယူဆရန် ရှိသော်လည်း PR စနစ်၏အားနည်းချက်မှာ ဝင်ရောက်အရွေးချယ်ခံသော ပါတီအားလုံး အချိုးကျစနစ်ဖြင့် အစိုးရဖွဲ့လျှင် ညွန့်ပေါင်းသာသာ အစိုးရဖြစ်နိုင်ချေများလေရာ၊ နိုင်ငံတည်ဆောက်ရေးအတွက် ပြတ်ပြတ်သားသားဆောင်ရွက်နိုင်မည် မဟုတ်သောကြောင့် တွေဝေသောအစိုးရ၊ အလုပ်မဖြစ်သောအစိုးရမျိုး ဖြစ်လာနိုင်သည်။ ဤသို့သော အခြေအနေကိုလက်ရှိ PR စနစ်လိုလားသူများ နားလည်သဘောပေါက်၍ ဆောင်ရွက်သင့်ပါသည်။

မိမိကိုယ်မိမိ မိမိဒေသကိုယ်စားလှယ် တစ်ယောက်အဖြစ် ရွေးကောက်ပွဲအနိုင်ရရှိရန် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းမရှိသော၊ အရည်အချင်းပြည့်မမီသော၊ လူထု၏ယုံကြည်မှုနည်းပါးသောလူများ လွှတ်တော်ထဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com


လျှင် မြန်မာပြည်သူပြည်သားများအနေဖြင့် များစွာနစ်နာလှပါသည်။ ထို့ကြောင့်မြန်မာပြည်သူတစ်ရပ်လုံးမှ ၎င်းPR စံနစ်အား ဆန့်ကျင်ကန့်ကွက်ရန် အဆင်သင့်ရှိကြောင်း အာဏာရှိလွှတ်တော် ကိုယ်စားလှယ်များအား အသိပေးအပ်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com



# မဝေးတော့သည့်လမ်း မှန်းဆရန်မရသည်သို့

ကျော်ကျော်နိုင်

၂၀၁၁ ခုနှစ်ကတည်းက နိုင်ငံတော် သမ္မတအဖြစ် တာဝန်ယူထမ်းဆောင်လာ သောသူ၏ အစိုးရသစ်လက်ထက်တွင် မီဒီယာများအပေါ် စီစစ်ဖြတ်တောက်မှု၊ ကန့်သတ်ချုပ်ထိန်းထားမှုများအား သမ္မတကြီးဦးသိန်းစိန် ဖြေလျှော့ပေးခဲ့ပါသည်။ ထို့အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အချို့ကိုဆောင်ရွက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခဲ့သည်။ ရောဝတီမြစ်ဆုံစီမံကိန်းကို သူ့လက်ထက်မှာရပ်ဆိုင်းခဲ့သည်။ ၂၀၁၄ခုနှစ်ကျတော့ အာဆီယံဥက္ကဋ္ဌအဖြစ် သူတာဝန်ယူခဲ့သည်။ နှစ်ပေါင်း ၄၆နှစ်အတွင်း အမေရိကန် ပြည်ထောင်စုသို့ ပထမဦးစွာ သွားရောက်သော မြန်မာနိုင်ငံသမ္မတ လည်းဖြစ်သည်။ အနောက်နိုင်ငံများမှနေ၍ ပြောင်းလဲမှုများကို ဦးဆောင်သူအဖြစ်မျှော်လင့်ထားကြပြီး နိုင်ငံတကာ အသိုင်းအဝန်းအတွင်း သမ္မတဦးသိန်းစိန်အား



www.burmeseclassic.com

www.burmeseclassic.com



သတိထား စောင့်ကြည့်ကြိုဆိုလျက်ရှိကြသည်။ သမ္မတကြီးမှာလည်း နောက်ကြောင်းပြန် လှည့်မည်မဟုတ်ကြောင်း နိုင်ငံတကာ အသိုင်းအဝန်းသို့ ကတိပေးခဲ့သည်။ ၂၀၁၂ ခုနှစ်ကြားဖြတ် ရွေးကောက်ပွဲတွင် NLD ပါတီအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်းဖြင့် ဆက်ဆံရေးကို ပြန်လည်ရှင်သန်စေသည်။

**တရုတ်နိုင်ငံသို့ သွားရောက်သော (၃)ရက်တာခရီးတွင် တရုတ်၊ မြန်မာ၊ အိန္ဒိယငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူငါးချက်ကို လက်မှတ်ရေးထိုးခဲ့သည့် သုံးနိုင်ငံနှစ်(၆၀)ပြည့် အခမ်းအနားမှာ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အဓိကအကျိုးစီးပွားရပ်အတွက် တရုတ်ဘက်မှ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း သမ္မတကြီးက ကတိပေးပြောကြားခဲ့သည်။**

ရာသီဥတုများပြောင်းလဲခဲ့သည်မှာ နှစ်နှစ်ကျော်သာရှိခဲ့ချေပြီ။ ၂၀၁၄ မြင်ကွင်းများသည် များစွာမှုန်ဝါးလာခဲ့သလိုရှိသည်။ ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် မညီသည်များအား ပြုပြင်သွားရန် မိန့်ခွန်းအတန်တန် ပြောကြားခဲ့သော စံချိန်စံညွှန်းတို့သည် မည်သည့်အတိုင်းအတာထိ တည်ရှိနေမည်ကို မမျှော်မှန်းနိုင်တော့ပါ။ မြန်မာနိုင်ငံ၏ လွတ်လပ်ခါစ မီဒီယာပတ်ဝန်းကျင်သည် ယခုအခါ ဒယိမ်းဒယိုင်ဖြစ်လာနေပါသည့် တရားဥပဒေစိုးမိုးရေးသည် အစိုးရနှင့် တစ်ထပ်တည်းရှိနေကြောင်း Unity ဂျာနယ် သတင်းသမား(၄)ဦးထောင်(၁၀)နှစ်စီကျခံလိုက်ရသည်က ပြဆိုနေသည့် အမေရိကားသို့ တိမ်းရှောင်သွားသော ဗိုလ်မှူးစိုင်းသိန်းဝင်းမှ ၄င်းပြောပြပါ

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံအားတောင်ကြီးကို ဖြို၍အတွင်းမှာအဆောက်အဦးဆောက်ကာ မြေပြန် ဖို့ခြင်း။ ပြန်လည် တောင်ကုန်းသဏ္ဍာန်ဖြစ်အောင် သစ်ပင်များ တစ်ဖန်ပြန် စိုက်ထားခြင်း အစအဆုံးပြကွက်များသည် DVB,RFA စသည့် သတင်းဌာန များတွင် ပါရှိပြီးသားဖြစ်၍ အသစ်အဆန်း မဟုတ်တော့ပါ။ ထို့ပြင် ကန့် သတ်နယ် မြေဆိုင်းဘုတ်မထားခြင်းကြောင့် တရားဝင်ကန့်သတ်နယ်မြေ မဟုတ်ကြောင်း တရားခံရှေ့နေများက ဆိုပါသည်။ ထို့အတူ မီဒီယာများ အား အရေးယူမှုတွေ ပြင်းထန်လာသည်ဆိုသော ပြယုဂ်တစ်ခုအဖြစ် တွေ့မြင်နေရပါသည်။

ထိုနည်းတူစွာ ဇူလိုင်လ(၂)ရက်နေ့ကပြုလုပ်သော ပြည်ထောင်စု လွှတ် တော်အစည်းအဝေးသို့ အစိုးရစီမံကိန်းများ၊ တပ်မတော်နှင့် ပုဂ္ဂလိကမှ သိမ်းဆည်းထားသည့် မြေဧရိယာ စုစုပေါင်း ၄၇၀၀၀၀ ကျော်အနက် ဧက ၃၅၀၀၀၀ ကျော်အား အစိုးရအသုံးပြုရန်လိုအပ်သည့် အကြောင်းပြချက်ဖြင့် စွန့်လွှတ်မည် မဟုတ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကသို့ နိုင်ငံ တော်သမ္မတမှ သဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရှိရသည်။ ပြည်သူများ အနေ ဖြင့် မျှော်လင့်ချက်ရွှေတောင်ကြီးသည် ယခုအခါ ပြိုကျပျက်စီးသွားရှာလေပြီ၊ တရုတ်နိုင်ငံသို့ သွားရောက်သော (၃)ရက်တာခရီးတွင် တရုတ်၊ မြန်မာ၊ အိန္ဒိယငြိမ်းချမ်းစွာအတူ ယှဉ်တွဲ နေထိုင်ရေးမူငါးချက်ကို လက်မှတ် ရေးထိုးခဲ့သည့် သုံးနိုင်ငံနှစ်(၆၀)ပြည့် အခမ်းအနားမှာ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အဓိကအကျိုးစီးပွားရပ်အတွက် တရုတ်ဘက်မှ ဆက်လက်ရပ် တည်သွားမည်ဖြစ်ကြောင်း သမ္မတကြီးက ကတိပေးပြောကြားခဲ့သည်။

ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈)ပွင့်လင်းလူ့အဖွဲ့အစည်း တို့ ပူးတွဲကြိုးပမ်းဆောင်ရွက်နေသော ၄၃၆ အခြေခံဥပဒေပြင်ဆင်ရေး သည်လည်း သူရဦးရွှေမန်းနှင့် ဦးအောင်သောင်း၊ ဦးခွေးဦး တို့သတင်းစာ ရှင်းလင်းပွဲနှင့်တင်လွှတ်တော်ထဲရောက်ရှိမည် မဟုတ်တော့ဟု ထင်မှတ်ယုံ ကြည်ရပါသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများ၌လည်း ငြိမ်းချမ်းရေးမူ(၆)ချက်နှင့် စပ်လျဉ်း၍ တုံ့ဆိုင်းနေသော ဆွေးနွေးချက်များတွင် တိုင်းရင်း သားအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com


အစည်းများနှင့် လိပ်ခဲတည်းလည်း ရှိနေသည်ကို ကြားသိနေရပြီး ဖြစ်သည်။ မဝေးတော့ပြီဖြစ်သော ဒီမိုကရေစီလမ်းဆီ ရဲရဲကြီးလျှောက်လှမ်းနေဆဲ နိုင်ငံတော်၏ ခရီးစဉ်သည် မည်သည့်အခါမှ ချောမွေ့ ဖြောင့်ဖြူးပါမည်လဲ ဆိုတာ မှန်းဆရန်ခက်ခဲနေရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်မှူးကြီးကို သတိရတယ်

ကျော်ကျော်နိုင်

မြန်မာပြည်ရဲ့ လူထုလှုပ်ရှားမှု၊ လူထုအခြေပြုတဲ့ အဖွဲ့အစည်းအချို့၏ လှုပ်ရှားတက်ကြွမှုများသည် မန္တလေးမြို့ လူမှုရေးက စတင်ဖြစ်ပွားခဲ့ပြီး ဘာသာရေး၊ လူမျိုးရေးအသွင်ဆောင် ပဋိပက္ခနောက်ပိုင်းတွင် နိုင်ငံရေးလှုပ်ရှားမှုများ သိသိသာသာ တုံ့ဆိုင်းသွားခဲ့ပါသည်။ အခြေခံဥပဒေ ပြင်ဆင်ရေးဘက်တွင်လည်း လှုပ်ရှားမှုများ ကျဲတောက်သွားသလို၊ နိုင်ငံရေးနှင့် ဆက်နွယ်လှုပ်ရှားနေသော အဖွဲ့အစည်းအသီးသီးတို့တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအလွန် နိုင်ငံရေးလှုပ်ရှားမှုများ လမ်းပျောက်နေသလို ဖြစ်နေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြင်ဆင်မှုအပေါ် မူတည်ရပ်တည်နေသော ၂၀၁၅ ရွေးကောက်ပွဲသည်လည်း နီးကြားမှုမရှိသလို ဖြစ်နေခဲ့ပါသည်။

ပြီးခဲ့သော နှစ်များဆီက မြန်မာနိုင်ငံ၏ ထူးခြားသော အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



များကို စောင့်ကြည့်ခဲ့တဲ့ နိုင်ငံတကာမှ လေ့လာသုံးသပ်သူ အများစုသည် မေးခွန်းနှစ်ခုကို အမြဲမေးနေတတ်ကြပါသည်။ ပထမမေးခွန်းကတော့ "မြန်မာနိုင်ငံက ဒီမိုကရေစီ လမ်းစပွင့်လာတာတွေက တကယ်မှ ဟုတ်ရဲ့လား ဆိုတဲ့ မေးခွန်းရယ်၊ မြန်မာ့စစ်တပ်က အာဏာရှင်စနစ်ကို တစ်ကနေ ပြန်စနိုင်တဲ့ အခင်းအကျင်းတွေ အများကြီးရှိနေတယ်ဆိုတာ ဟုတ်နေသလား" ဟု မေးမြန်းမှုတွေထဲမှာ အဖြေကတော့ ရှင်းနေသည်။ အစိုးရနှင့် လွှတ်တော်အဖွဲ့အစည်းတွေထဲမှာ ၄၃၆ ဥပဒေကို ပြင်ဆင်ပေးမည့် အကြောင်းတရားတွေ နည်းပါးလာတာကို တွေ့မြင်ခဲ့ရသလို မီဒီယာတွေရဲ့ လွတ်လပ်ခွင့်ကိုလည်း သိသိသာသာ ပိတ်ပင်တားဆီးလာတာတွေကိုတော့ တွေ့နေရသဖြင့် အမေရိကန်လွှတ်တော်၌လည်းကောင်း၊ အမေရိကန်လွှတ်တော်နိုင်ငံခြားရေးဝန်ကြီးက လည်းကောင်း ပြောဆိုဝေဖန်သံတွေကို ကြားသိနေရပြီ ဖြစ်ပါသည်။ "မြန်မာအစိုးရဟာ တင်းတင်းကျပ်ကျပ် ထိန်းချုပ်တဲ့ ပုံစံမျိုးကို ဦးတည်ပြန်သွားနေပြီ" ဆိုပြီး အမေရိကန်လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Tom Mainowski က အေပီ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောသွားပါသည်။ လက်တွေ့နေရာ၌ ပြည်သူအများစုကတော့ ပွင့်လင်းစပြုလာတဲ့ မြန်မာ့ဒီမိုကရေစီအရေး အခြေအနေအရ စစ်ခေါင်းဆောင်ပိုင်းတော်တော်များများ၏ သဘောဆန္ဒကို ထင်ဟပ်နေသည်ဟုဆိုပါသည်။ မြန်မာနိုင်ငံ၏ သန္တိသုခအရေးကို ကြည့်လျှင် သမ္မတ၏အာဏာကို လွန်ဆန်ပြီး လုပ်လာခဲ့တဲ့ မဟာသံဃနာယကအဖွဲ့အစည်းရှိနေသလို လိုအပ်လျှင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သမ္မတကိုပါ ဖြုတ်ချနိုင်တဲ့အာဏာပါရှိပြီး၊ လွှတ်တော်ရဲ့ ၂၅ ရာခိုင်နှုန်း ကိုပါ ထိန်းချုပ်ထားနိုင်တဲ့ အာဏာပါရှိတော့ ကမ္ဘာပေါ်တွင် ထူးကဲဆုံးသော အာဏာမဏ္ဍိုင် (၅)ရပ်ရှိသည့် မြန်မာနိုင်ငံဖြစ်လာပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံတကာ၌ အာဏာမဏ္ဍိုင် (၃)ရပ်သာရှိပါသည်။

၁။ ဥပဒေပြုရေးအာဏာ(လွှတ်တော်အဆင့်ဆင့်)

၂။ အုပ်ချုပ်ရေးအာဏာ(အစိုးရအဖွဲ့အဆင့်ဆင့်)

၃။ တရားစီရင်ရေးအာဏာ (တရားရုံးအဆင့်ဆင့်)



www.burmeseclassic.com

www.burmeseclassic.com



၄။ တပ်မတော်နှင့်

၅။ သံဃနာယကအဖွဲ့စသဖြင့် အာဏာမဏ္ဍိုင်(၅)ရပ်ဖြင့် တည်ဆောက်ထားသလိုဖြစ်နေပါသည်။

ယခုကာလ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းမှုများမှာ ဒီမိုကရေစီ အင်အားစုတွေက လူထုအခြေပြု အဖွဲ့အစည်းတွေနှင့် လှုပ်ရှားတက်ကြွမှုများ ရပ်တည်နေမှုမှတစ်ဆင့် နိုင်ငံရေးပါတီကို ထူထောင်သူတွေဖြစ်လာပြီး ရွေးကောက်ပွဲတွေမှာ ဝင်ပြိုင်၊ နောက်တစ်ဆင့် အစိုးရအဖွဲ့ထဲမှာ ဝင်ပါ၊ လူထုရေးရာ ပေါ်လစီတွေ ချမှတ်အကောင်အထည်ဖော်နိုင်တဲ့ သူတွေဖြစ်လာသည်အထိ လျှောက်လှမ်းရမည့်အဖြစ်မျိုးကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ မြန်မာပြည်က ဒီမိုကရေစီသည် ပွင့်လင်းလာမှု နည်းပါးလာပြီး တိုးတက်မှုကလည်း အမှန်စင်စစ်ရရှိလာသော အခွင့်အရေးဟုတ်၊ မဟုတ် ဆိုတာ တိုင်းတာနိုင်တဲ့ နည်းလမ်းတွေ အများပြည်သူကသိမှ ဖြစ်ပါလိမ့်မည်။ ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်အညီ ရပ်တည်နေနိုင်မှု ရှိ၊မရှိကို ဆန်းစစ်ရန် အထူးလိုအပ်ပါသည်။

ယခုကာလ၏ မြန်မာပြည် ရပ်တည်မှု နိုင်ငံရေးဖြစ်စဉ်တွေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အမေရိကန်၊ ဥရောပနိုင်ငံတို့၏ ဆက်ဆံရေး ဆန့်ကျင်ဘက် လွန်ဆွဲမှုများပေါ်တွင် မူတည်နေပါသည်။ မြန်မာနှင့်တရုတ်ဆက်ဆံရေးမှာလည်း ဒီသဘောမျိုးပင်ဖြစ်သည်။။ အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်တဲ့အချိန်က စလို့ မြန်မာ့စွမ်းအင်ကဏ္ဍမှာ တရုတ်ကုမ္ပဏီတွေ အနေနှင့် အရေးပါလာခဲ့သည်။ သည်ပုံဖြင့်ဧရာဝတီမြစ်ပေါ်က မြစ်ဆုံရေကာတာ စီမံကိန်းကိစ္စမှာတော့ မြန်မာအစိုးရသည် အနောက်နှင့် (ပြည်သူတွေနဲ့ပါ) ပူးပေါင်းဖို့ အကြောင်းအရင်းတစ်ခုဖြစ်လာခဲ့ရပါသည်။ မြစ်ဆုံရေကာတာက ထွက်လာမည့် စွမ်းအင်ရဲ့ ၉၀ ရာခိုင်နှုန်းကို တရုတ်ပြည်ကို တင်ပို့မှာ ဖြစ်ပါသည်။ ဤစီမံကိန်းကို သမ္မတဦးသိန်းစိန်က ရပ်နားထားသည် ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်အမြင်၊ အမျိုးသားရေးရပ်တည်မှုနှင့် ပြည်သူလူထုမှ ဆန့်ကျင်၍ ကန့်ကွက်နေမှုများကြောင့် ထိုရလဒ်ဖြစ်ပေါ်ခဲ့ရသော်လည်း ဒေသခံပြည်သူအများနှင့် ပြည်သူလူထုအများစု ကန့်ကွက်နေသည့်ကြားမှ



www.burmeseclassic.com

www.burmeseclassic.com



လက်ပံတောင်းတောင် စီမံကိန်းကိုမှ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

ယခင်ကထက် ပိုပျက်လာနေတဲ့ နိုင်ငံရေးခေတ်ကြီးထဲမှာ မှုန်ဝါးနေတဲ့ မြင်ကွင်းကြားထဲက ဗိုလ်ချုပ်မှူးကြီးကို သတိရမိနေသည်မှာ ထူးမဆန်းလှပါ။

အုပ်ချုပ်သူအလိုကျ လိုက်လျောညီထွေပြုမူတတ်တဲ့ အတိုက်အခံ အင်အားစုတွေ များပြားလာပြီ၊ လူငယ်နိုင်ငံရေးသမားအများစုသည်လည်း နေရာယူတတ်၊ စီးပွားရှာတတ်သူတွေ များလာနေပုံ၊ အုပ်ချုပ်သူတွေဟာလည်း အထက်ကလိုလို ဘာလိုလိုနဲ့ ယခင်မူကို ကျင့်သုံးနေတတ်ကြပြီး စီးပွားရေးမှာလည်း လက်ဝါးရိုက်ကာ တင်ဒါခေါ်တဲ့စနစ်ကို ကျင့်သုံးနေကြပုံ၊ တင်ဒါဆိုတာလည်း ကြေညာချင်သလို ကြေညာပြီး မခေါ်မီကပင် လက်ဝါးရိုက် ရွေးချယ်ပြီးသားဖြစ်နေပုံများမှာ ထင်းသထက် ထင်းလာနေပါသည်။ စီးပွားရေးမှာ ကိုယ့်လူမပါရင် ဘာမှ မလုပ်ကြဘူးတဲ့။ ခေါင်းကျစား ပန်းကျစားဆိုတဲ့ တရားစီရင်ရေးမှာလည်း ငြိမ်သက်ခြင်းနဲ့ မကြံ့ကြိုက်နိုင်သေးလို့ မတည်မငြိမ်ရှိနေဆဲသာ။

ဘယ်သူကကြီးလို့ ဘယ်သူ့အမိန့်က အာဏာသက်ရောက်မှုန်းမသိရတဲ့ ဒီနေ့ခေတ်မြင်ကွင်းမှာ စိတ်ရှုပ်စရာပုံရိပ်တွေကြားမှာ ဒီလုပ်ရပ်တွေ ဒီအခင်းအကျင်းတွေကို ကြည့်ရင်း ကျွန်တော်ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို သတိရနေမိတယ်။ သူ့တစ်ထောင့်တစ်နေရာကနေ ပြုံးနေမယ်ထင်ပါရဲ့။

■



www.burmeseclassic.com

www.burmeseclassic.com



# ပေါင်းဖြစ်မယ် ဆွေးနွေးဖြစ်မယ်နဲ့ ကျွန်တော်တို့ကတော့ ပြည်သူ့အားနဲ့ ပြင်သင့်တယ်

ကျော်ကျော်နိုင်

မြန်မာနိုင်ငံ ရာသီဥတုက မိုးတွင်းမုန်တိုင်းများနှင့် ရင်ဆိုင်နေရသလို မိုးမုန်တိုင်းဒဏ်ခံနေရသော နိုင်ငံရေးမိုးလေဝသ ဆိုးဝါးနေပါသည်။ ၂၀၁၅ ရွေးကောက်ပွဲ နီးလာပြီဖြစ်သလို ပြည်သူတွေ မလိုလားတဲ့ PR ကလည်း လွှတ်တော်မှာ ကန့်ကွက်သူတွေ ကြားထဲကရှေ့တိုးလာပါတယ်။

ကြံ့ခိုင်ရေး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကလည်း မကြိုက်ဘူးလို့ဆိုပါတယ်။ NLD ကလည်း ကန့်ကွက်တယ်၊ ဒါပေမယ့် အမျိုးသားလွှတ်တော်မှာ ပြဿနာ လိုက်တယ်ဆိုတာက နည်းနည်းထူးဆန်းနေတယ်။ ပါတီက မကြိုက်တဲ့ ပြဿနာကို တစ်ဦးတစ်ယောက်တည်း သဘောထားနဲ့ ဖြစ်မြောက်အောင်လုပ်ဆောင်နိုင်တာပါ။

(၄၃၆)ကတော့ မြှော့မြှော့လေးကျန်တော့တယ်။ NLD နဲ့ (၈၈) မျိုးဆက်ကျောင်းသားက ဦးဆောင်လုပ်နေတယ်ဆိုပေမဲ့လို့ လွှတ်တော်မှာ ပြင်ဆင်ကောင်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်မည်ဖြစ်ပေမဲ့ ပြည်သူတွေလိုလားတဲ့အတိုင်းတော့ ပြင်မှာမဟုတ်ဘူးလို့ အများကယုံ ကြည်ယူဆနေကြတယ်၊ တကယ်လို့ မပြင်ရင် ဘာလုပ်ကြမလဲ ဆိုတဲ့မေးခွန်းတွေက အဖြေပေးမယ့် လူကိုစောင့်မျှော်နေကြရတယ်။

တချို့ကပေါင်းဖြစ်မယ်လို့ဆိုပါတယ်– နိုင်ငံရေးတန်ဖိုးကို တွက်ချက်တဲ့ နေရာမှာ သုညကနေ၊ အနုတ်ပြသွားတဲ့အတွေး အခေါ်ဖြစ်ပါတယ်။ အင်အား ရှိတယ်၊ အာဏာရှိတယ်၊ လိုအပ်သလိုဆောင်ရွက်နိုင်တဲ့လူတွေကို ပေါ်ပေါ့လေး သဘောထားတယ်၊ တကယ်တော့ သူတို့လိုချင်တာကို စိတ်တိုင်းကျ ရေးဆွဲ ထားတဲ့ ဥပဒေကို လွယ်လွယ်နဲ့ အလျှော့ပေးမယ်လို့ ယုံကြည်နေတာလား ခင်ဗျားတို့ပေါင်းမယ်ဆိုတဲ့ လူတွေကိုယ်တိုင်ကိုယ်ကျ ရေးဆွဲထားတဲ့ ဥပဒေ ပေါင်းပြင်လို့ ရရမှာလား။ ဝေးပါသေးတယ်၊ အားကြီးတဲ့သူနဲ့ ပေါင်းစည် ခြင်းဟာ မှီခိုတာပဲဖြစ်မှာပါ။

တချို့က ဆွေးနွေးပြီးပြင်မယ်လို့ ဆိုပါတယ်။ အင်မတန်ကောင်းတဲ့ လမ်းကြောင်းပေါ်ကို လျှောက်တာလို့ဆိုရမယ် ဖြစ်ပါတယ်။ ဒီမိုကရက်တစ် တွေရဲ့ စံချိန်စံညွှန်းနဲ့ ပြည့်ဝတဲ့ အတွေးအခေါ်ပါပဲ။ ဆွေးနွေးတဲ့လမ်းပေါ်မှာ လျှောက်လှမ်းရမယ်ဖြစ်ပါတယ်။ ဒါပေမယ့် ဆွေးနွေးတယ်ဆိုတာ တန်းတူရည် တူဖြစ်ရမယ် နှစ်ဖက်အဖြေရှာတဲ့ တွေ့ဆုံဆွေးနွေးမှုဖြစ်ရမယ်။ မဆလ ခေတ်ကလို (၃၃)ဦး ဆွေးနွေးပွဲလုပ်ခဲ့တယ်။ (၃၃)ဦးရဲ့နိုင်ငံ ရေးအတွေး အခေါ်ကို ခေါင်းဖောက်စားပြီး ကိုယ်လိုချင်တဲ့အဖြေမရလို့ ဖျက်ပစ်ခဲ့တယ်။ အဲဒီလိုအဖြစ်မျိုးနဲ့ ရင်ဆိုင်တွေ့ဆွေးနွေးတယ် ဆိုတာလည်းအရာရောက်မှာ မဟုတ်ဘူး။ နှစ်ဦးနှစ်ဖက် တိုင်းပြည်ရဲ့ အကျိုးကို အမှန်တကယ်လိုလားမှ သာ၊ ဒီမိုကရေစီ အရေးတကယ်တွေးမှသာ ဆွေးနွေးလို့ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ခွဲခြမ်းစိတ်ဖြာကြည့်ရင် အတော်လေးအားနည်းတာကိုတွေ့ ရမယ်။ နိုင်ငံရေးရေချိန် မညီမျှပါဘူး။ တစ်ဖက်စောင်းနင်းဖြစ်နေပါတယ်။

မြန်မာပြည် သမိုင်းကိုကြည့်ပါ။ နယ်ချဲ့ကို တော်လှန်တုန်းကလည်း တိုင်းရင်းသားညီအစ်ကိုအပေါင်း ညီညွတ်ကြလို့ လွတ်လပ်ရေးရခဲ့ပါတယ်။ (၆၂)ကနေ ၈၉–၇၄– ၇၅–၇၆ အသီးသီးဆင်နွှဲလာတဲ့ တစ်ပါတီ အာဏာရှင် ဖြုတ်ချရေးဟာလည်း (၈၈) ပြည်သူ့အရေးတော်ပုံကြီးမှာ အားလုံးညီညွတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ခဲ့လို့ တစ်ပါတီအာဏာရှင်စနစ်က လွတ်မြောက်လာခဲ့ပါတယ်။

ကျွန်တော်တို့ ပြည်သူအားကိုယုံတယ်။ ဒီမိုကရေစီနည်းလမ်းကိုယုံကြည်တယ်။ ပြည်သူတွေအားလုံးညီညွတ်စွာ တွန်းရွေ့ရင် ဒီအရွေ့ဟာ အောင်မြင်တယ်။ ပြည်သူ့ဆန္ဒနဲ့ တိုက်ယူမယ်။ ငြိမ်းချမ်းရေး လုပ်ဆောင်နေတဲ့ အဖွဲ့အသီးသီးကို ကျွန်တော်တိုက်တွန်းချင်တာက ဒီမိုကရေစီအရေးကို အရင်ဆုံးအလေးပေးဆောင်ရွက်ကြပါ။ ဒီမိုကရေစီရရင် ငြိမ်းချမ်းရေးပါရပြီလို့။

ကျော်ကျော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# ပညာပြည့်ဝနှလုံးလှသော ၈၈ များသို့

ကျော်ကျော်နိုင်

၂၆နှစ်ကြာပြီ ရှစ်လေးလုံးအခမ်းအနားများ မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပနေ ကြသည်။ ရှစ်လေးလုံး၏ ဒီမိုကရေစီငြိမ်း ချမ်းရေးတိုက်ပွဲ အမှန်တကယ် အောင်မြင်မှုရသလား။ မရခဲ့ဘူးလားဆိုတဲ့ပြဿနာ ကျွန်တော်တို့အပေါ်မှာ အကျိုးသက်ရောက်မှုရှိသလား၊ မရှိဘူးလားဆိုသည့် မေးခွန်းများစွာတင်ရှိပါသည်။ **"ယနေ့သည် ခေတ်သစ်မြန်မာ့သမိုင်း၌ ကံဆိုးမိုးမှောင်ကျခဲ့သည့် ၂၆ နှစ်မြောက်နေ့ ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုလိုလား၍ ချီတက်ခဲ့ကြသူများသည် သွေးထွက်သံယိုမှုများနှင့် သေကြေမှုများဖြစ်ခဲ့ကြရသည်။ လွန်ခဲ့သောနှစ်က အစိုးရအဖွဲ့ဝင်များက ချီတက်ဆန္ဒပြခဲ့သူများ ထိုစဉ်က အသက်သေဆုံးခဲ့ကြသည့် မိသားစုများနှင့် တွေ့ဆုံခဲ့ကြသည်။ အမှတ်တရများ ပြေပျောက်စေရန် ဂုဏ်ပြုရန်နှင့် ပြန်လည်သတိရစေရန် မှတ်သားလောက်သည့် အခမ်း**



www.burmeseclassic.com

www.burmeseclassic.com



**အနားပြုလုပ်ခဲ့သည်။ ဤနေ့မှာ ကြေကွဲဖွယ်ရာဖြစ်ရပ်များအား မေ့ပျောက်၍ မရနိုင်ပါ။ ဤအရာက ကွဲပြားမှုများ၏ အန္တရာယ်ကို သတိပေးနေသကဲ့သို့ ဖြစ်ပါသည်။ အရေးကြီးသောလုပ်ငန်းများ ကျန်နေပါသေးသည်။ ဒီမိုကရေစီကို ငြိမ်းချမ်းစွာတည်ဆောက်ရေး တိမ် ငုပ်နေသည့် လူ့အခွင့်အရေး၊ တရားဥပဒေအရ ညီညွတ်မျှတ ရေးနှင့် အားလုံးအတွက် ဂုဏ်သိက္ခာရှိရေးတို့မှာ အမှန်တကယ် တည်ဆောက်ရန် ကျန်ရှိနေသည့်လုပ်ငန်းများဖြစ်ပါကြောင်း ဖော်ပြ အပ်ပါသည်"** (၈ရက်နေ့စ်ပတ်လည်နေ့အတွက် ဩဂုတ်လ ၈ရက်နေ့က ထုတ် ပြန်ခဲ့သော အမေရိကန်သံအမတ်ကြီး အဲရစ်မစ်ချယ်၏ သတင်း ထုတ်ပြန် ချက်ဖြစ်ပါသည်။)

အမှတ်ရဖွယ်ကောင်းပေစွ။ လူထု၏ အသက်သွေး၊ ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရသော ဤအရေးတော်ပုံကြီးသည် စစ်ကျွန်ဘဝမှ မလွတ်မြောက် သေးဘဲရှိနေစဉ်မှာပင် ကျွန်တော်တို့ဘက်က လူတော်တော်များများမှာ သူတို့၏လက်အောက်ခံဖြစ်နေသည်ကို တွေ့ရပါသည်။ တော်လှန်ရေး၏ အသီးအပွင့်များစွာကို စားသောက်အသီယစ်နေမှုများသည် အရေးအခင်းက အသက်ပေးခဲ့ရသူတွေ တော်လှန်ရေးအဆင့်ဆင့်မှာ ပေးဆပ်ခဲ့ရမှုတွေနဲ့ ထောင်တွင်းအနှိပ်စက်ခံရသူများစွာရဲ့ ဘဝတွေ အသက်ပေးမှုတွေ ပင်ပန်း ဆင်းရဲမှုတွေကို စားသုံးနေတယ်ဆိုတာ သတိထားသင့်ပါသည်။

မြို့တော်ခန်းမအရှေ့မှာ ရင်ပြင်နီ ပြုလုပ်၍ ၈၈ အရေးတော်ပုံကျဆုံးသွား ကြသူများ ကောင်းမှုအတွက် ဆုတောင်းပွဲကို အရေးခင်းတွင် ပါဝင်ကြ သူများက ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ကျင်းပခဲ့သည်။ အရေးတော်ပုံတွင် ကျဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသားကျောင်းသူများကို အလေးပြု ဂုဏ်ပြုပွဲကျင်းပခဲ့ကြသည်။ စစ်မှန်သော ဒီမိုကရေစီရရှိရေးအတွက် ပြည်သူ တစ်ရာကျော်မှ တာမွေမြို့နယ်မှ ဆူးလေအထိ လမ်းလျှောက် ဆန္ဒပြရာ မည်သည့်အာဏာပိုင်အဖွဲ့အစည်းကိုမှ ခွင့်ပြုချက်မယူဘဲ ဆန္ဒပြခဲ့သည်။ ထို့အတူ ဟသာတ၊ မော်လမြိုင်၊ ပုသိမ် အစရှိသော ပြည်နယ်တိုင်းအသီးသီး တို့တွင် အထိမ်းအမှတ်ပွဲများ ပြုလုပ်ခဲ့ကြသည်။ ပြည်သူလူထုများစု



www.burmeseclassic.com

www.burmeseclassic.com


၂၆နှစ်ကြာပြီဖြစ်သော အရေးတော်ပုံကြီး၏ ခရီးရှည်ကို ပိုင်းခြားစိစစ် လိုအပ်နေသည်ဟု ထင်ပါသည်။ အခမ်းနားတစ်ခု၊ အထိမ်းအမှတ် တစ်ခု ကျင်းပနေရုံနှင့်ပြီးမည် မထင်ပါ။ အသက်ပေးခဲ့ကြသူများနှင့် အကျဉ်းထောင် အများစုတွင် ဘဝပျက်ခဲ့သူတို့အား အလေးအနက်ထား၍ စဉ်းစားလုပ်ဆောင် သင့်ပါသည်။ ၈၈ အရေးတော်ပုံသည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကြီး၏ စည်းရုံးမှုဖြင့် တစ်ပါတီအာဏာရှင် စနစ်အား တွန်းလှန်ချေဖျက်ခဲ့သော အောင်ပွဲကြီးဖြစ်ပါသည်။ ၎င်းအောင်ပွဲ အတွက် ပေးဆပ်ခဲ့ရသော အရင်းအနှီးများ၏ တန်ဖိုးသည် ဒီနေ့ ရရှိခဲ့ခြင်းမရှိပါ။

၈၈ အခမ်းအနားတွင် "အင်အားစု တွေရဲ့သဘောကိုပြောရရင် ဒီမို ကရေစီရေးကို လှုပ်ရှားနေတဲ့ အင်အားစုနဲ့ တိုင်းရင်းသားအရေးကို ဦးစားပေး နေတဲ့ အင်အားစုလည်း တကယ်ရှိတာပါပဲ။ အဲဒီတော့ ကျွန်တော်ကတော့ အမြဲပြောပါတယ်။ ဒီနှစ်ခုခွာလို့ မရပါဘူး။ ကျောချင်းကပ်ပြီးတစ်ပြိုင်နက် သွားရမှာပါ" ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကပြော သည်။ ထို့အတူ ဆက်လက်ပြောကြားရာတွင် "ကျွန်တော်တို့ဘက်က မူဝါဒ တစ်ခု အကောင်အထည်ဖော်မယ်ဆိုရင် ပြဿနာထုပ်တွေက ကျမှာပဲ။ ဖွဲ့စည်းပုံပြင်မယ်လို့ပြောလိုက်တာနဲ့ အန္တရာယ်ကြီးတာတွေဖြစ်လာနိုင်ပါတယ်။ လူ့အဖွဲ့အစည်းနဲ့ တိုက်ခိုက်တာတွေ ပေါ်လာမယ်။ အခုအချိန်က အရမ်းကို သိမ်မွေ့စွာဖြတ်သန်းရမယ့် အနေအထားဖြစ်တယ်။ လက်ရှိအခြေအနေက ကျွန်တော်တို့လိုချင်တဲ့ အနေအထားကို မရောက်သေးဘူး။ ဒီအတိုင်းဆို ကြာရင် အားလုံးနစ်မွန်းကုန်မယ်။ ဒီနေရာမှာ မြင်တဲ့အမြင်တစ်ခုရှိပါတယ်။ ဒီမိုကရက်တစ်အင်အားစုတွေ စုစည်းညီညွတ်ရမယ့်အချိန်ဖြစ်ပြီး မူဝါဒများ ကွဲပြားသော်လည်း ပန်းတိုင်တူညီသဖြင့် ဟန်ချက်ညီစွာ လျှောက်လှမ်းကြရန် အရေးကြီးကြောင်း"ဖြစ်ပါသည်။

"ဒီအမြင်ဒီအတွေးတွေက အားလုံးမှာ ရှိရမယ်ဖြစ်ပါတယ်၊ ဒီမိုကရေစီ ရရှိရေး ဦးတည်ချက်ကို ပန်းတိုင်မပျောက်တဲ့ ဆက်လက်အတူတကွ လျှောက် လှမ်းကြရမယ်။ ဒီမိုကရေစီအင်အားစုတွေက တစ်ဖက် ပြတ်ပြတ်သားသားရပ်


www.burmeseclassic.com

www.burmeseclassic.com



တည်ကြောင်း ကျွန်တော်တို့သတိထားရမှာက အစိုးရဘက်ယိမ်းနဲ့ပြီးကိုယ်ကျိုးရှာနေတဲ့ နိုင်ငံရေးသမားဆိုသူတွေရဲ့စကားကို အဆိပ်ရည်သဖွယ် သဘောထားပြီး ဒီမိုကရက်တစ်အင်အားစုများ ကိုယ်ကိုကိုယ် သတိမှတ်ထားရင် ဒီမိုကရေစီလှုပ်ရှားမှုများမှာ ပြတ်ပြတ်သားသားရပ်တည်ရမည်။ ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့မညီသော ဒီမိုကရေစီအစဉ် အလာမဟုတ်သော ဥပဒေများအား အစိုးရနှင့်ရင်ကြားမစေ့ဘဲ ဖယ်ထုတ်တိုက်ပွဲဝင်နိုင်ရမည်။

ဒီမိုကရေစီရရှိရေး ဘုံသဘောတူညီ မှုတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရာ စိတ်ကူးယဉ်သဘောတရားများ ဘေးဖယ်ထားရန် ညီညွတ်ရေးကို တည်ဆောက်သော တပ်ပေါင်းစုတစ်ခုတည် ထောင်ရပါမည်။ ၂၀၁၅ အထွေထွေရွေး ကောက်ပွဲတွင် ဒီမိုကရက်တစ်အင်အားစုများ အနိုင်ရရှိရေးသည် အဓိကဖြစ်ပါသည်။

မြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေးဘုံသဘောတူညီချက်ရရှိရန်အတွက် အစိုးရတစ်ဖက်တည်းသာမက နိုင်ငံရေးအင်အားစုများကပါ ကိုင်စွဲထားသော မူဝါဒကို အလျှော့အတင်းလုပ်ရန်လိုအပ်ကြောင်း” ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးက ပြောပါသည်။

၂၀၁၅ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန်လိုအပ်သော ၄၃၆ ဥပဒေအပါအဝင် ပီအာ အစရှိသော အလျှော့အတင်း လုပ်စရာမလိုသော အကြောင်းအရာများ အစိုးရအလိုကျ လိုက်လျောရပ်တည်ပေးရန် လုံးဝ လုံးဝ မဖြစ်နိုင်ကြောင်း ပြတ်သားစွာပြောပါရစေ။ ကျွန်တော်တို့၏ တရားမျှတရေး တန်းတူညီမျှရေး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး စံချိန်စညွှန်းများကို အရောင်းအဝယ်လုပ်၍ မရပါ။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များအနေဖြင့် ရိုးသားဖြောင့်မတ်မှုကို အခြေခံသော အပြန်အလှန်လေးစားမှုရှိသော နိုင်ငံရေးယဉ်ကျေးမှု အသစ်တစ်ရပ်ကို ဖော်ဆောင်၍ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာပြည့်ဝ နှလုံးလှသော ခေါင်းဆောင်ကောင်းများအဖြစ် ပါဝင်နိုင်ကြပါစေ။ ၇၄ နှောင်တော်များ၏ ကိုယ်စားဆုတောင်းမေတ္တာပို့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ဆေးရိုးသည်

ကျော်ကျော်နိုင်

စစ်မှန်တဲ့ ဖယ်ဒရယ် ပြည်ထောင်စု သာဖြစ်ရင် စီစက်ရှင်(ခွဲထွက်ရေး) ကိုစွန့် လွှတ်မယ်ဆိုတဲ့ မူရှိနေမှတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးသင့်တယ်လို့ထင်ပါတယ်။ မြန်မာပြည်ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးများကိုခံစား သိရှိနေကြတဲ့ သူတွေထဲမှာ တိုင်းရင်းသားတွေဖြစ်ပါတယ်။ ကွဲပြားနေ တာစကားလုံးများမဟုတ်ပါ သဘောထား ဖြစ်ပါတယ်။

သမ္မတ မိန့်ခွန်းတွင်လည်း ပြည်တွင်း ငြိမ်းချမ်းရေး ကိုအခြေပြုသည့် ဖွဲ့စည်းပုံ ပြင်ဆင်မှုမျိုးကို လိုလားကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးတွင်လည်း နိုင်ငံရေးဆွေး နွေးပွဲများသည်သာ နိုင်ငံရေးပြဿနာများ ကို အဖြေရှာရန် နေရာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံရေး ဆွေးနွေးပွဲတွေဖြစ်မြောက် အောင်တပ်မတော်နှင့်တိုင်းရင်းသားလက် နက်ကိုင်များအကြား တိကျသော မူဝါဒရှိသည်။ အပစ်အခတ်ရပ်စဲရန် လိုအပ်နေပါသည်။ တစ်ဖက်နှင့်တစ်ဖက် မကျူး ကျော်သော


www.burmeseclassic.com

www.burmeseclassic.com



တိကျသည့် စည်းကမ်းချက် များဖြင့် အပစ်အခတ်ရပ်စဲမှုများ စတင်ဆောင်ရွက်မှသာလျှင် နိုင်ငံရေးဆွေးနွေးပွဲ တွေဆီသို့ လျှောက်လမ်းနိုင်မည်ဖြစ်ပါသည်။

အပစ်အခတ်ရပ်စဲရေးမူကြမ်းကိုအခန်း (၇)ခန်းဖြင့် ရေးဆွဲခဲ့ပြီး ၊ အချက်ပေါင်း (၁၂)ချက်ရှိသည့်အနက် သဘောတူညီ မှုရရှိရန် အချက် (၃၁)ချက်သာကျန်ရှိ နေပါသည်။ ၎င်းကျန်ရှိသော အချက်များမှာ နိုင်ငံရေး၊ဖက်ဒရယ် ပြည်ထောင်စုတည် ထောင်ရေး ၊တိုင်းရင်းသားတန်းတူအခွင့်အ ရေးတို့ဖြစ်သည့် အရေးကြီးသောအခန်း ကဏ္ဍတို့ဖြစ်ပါသည်။

နှစ်ပေါင်း(၆၀)ကာလဖြတ်သန်းလာခဲ့ သည့် လက်နက်ကိုင်တော်လှန်ရေး၏ အဖြေသည် တိုင်းရင်းသား တန်းတူအခွင့် အရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်မှုရရှိရေးဖြစ်ပါ သည်။ ၎င်းခရီးလမ်းသည် တာရှည်ပြီ ဖြစ်ရာ တိုင်းရင်းသားများဘက်မှ နိုင်ငံရေးကတိ သစ္စာလွှာတောင်းဆိုနေပါသည်။ ထိပ် တိုက်ဆွေးနွေးရန် ခက်ခဲနေသော အကြောင်းအရာများတွင် တပ်ပိုင်းဆိုင်ရာနေရာချထားရေး ကိစ္စများ၊ စစ်သည်တော်များ လိုက်နာရမည့်ကျင့်ဝတ်နှင့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် မူဘောင်များပင်ဖြစ်ပါ သည်။

လိုင်ဇာ ဆွေးနွေးပွဲ၏ ထူးခြားချက် တစ်ရပ်မှာ အပစ်အခတ်ရပ်စဲရေးဆွေး နွေး၍ နိုင်ငံရေးဆွေးနွေးနိုင်ရန် မူဘောင်များကို တစ်ပြိုင်နက်တည်း ရေးဆွဲမည် ဖြစ်ကြောင်း နှင့် စစ်သည်တော်ကျင့်ဝတ် နှင့်တပ်နေရာချထားမှုများဆွေးနွေးသွား မည်ဟုသိရပါသည်။ လိုင်ဇာထိပ်သီးအစည်းအဝေးမှချမှတ်သည့် လမ်းညွှန်(၁၀)ချက် နှင့် တပ်မ တော် ကာကွယ်ရေးဦးစီးချုပ် လမ်းညွှန်မှု(၆)ချက်တို့သည် ဆွေးနွေးပွဲ၏ အဓိက အကြောင်းအရာများဖြစ်သလို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရာမှာလည်း အခက်အခဲ တွေ့နိုင်ကြောင်း လေ့လာသူ အများစုကဆိုပါသည်။ ရန်ကုန်ဆွေးနွေးပွဲကျင်းပ၍ အပစ်ရပ်မူကြမ်းကို အချောသပ်ရန် ရည်မှန်းထားရှိကြသော် အစိုးရဘက်မှ တို့တာဝန်အရေးသုံးပါး မှအပ နိုင်ငံရေးဆွေးနွေးချက်အားလုံး ဆွေး နွေးနိုင်သည်ဟု ပြောကြားနေပြီး ဒေါက် တာဆလိုင်းလျှန်မှန်း ကမူ "သူတို့ရဲ့ အဓိ ပ္ပါယ်ဖွင့်ဆိုချက် ပြည်ထောင်စု မပြိုကွဲရေးနှင့် ကျွန်တော်တို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ကျွန်တော်တို့ ဖွင့်ဆိုချက်မတူဘူး။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားစည်း လုံးညီ ညွတ်ရေး အကြောင်းပြပြီး တိုင်းရင်းသား၊ အခွင့်အရေး ဆုံးရှုံးတာမျိုး ရှိတယ်။ အချုပ်အခြာအာဏာ ဆိုတာကလည်း တည်တံ့ ခိုင်မြဲရေး အတွက်ဆိုရင်ကျွန်တော်တို့ပါ လုပ်ချင်တယ်'' လို့ပြောပါတယ်။

''အစိုးရနဲ့ ဩဂုတ်လမှာ တွေ့ပြီးရင် ရလဒ်တွေကို ပြန်အတည်ပြုမှာနဲ့ ဘာနဲ့ဆိုတော့ စက်တင်ဘာလကျော်နိုင်တယ်။ တိုင်းရင်းသား တွေဘက် ကလည်း နောက် ထပ်ဆွေးနွေးပွဲတစ်ရပ် ကျင်းပပြီးမှ အတည် ပြု ရမှာဆိုတော့လေ။ ၂၀၁၅ မတိုင်မီဖြစ် နိုင်တယ်''ဟု ပအိုဝ်း အမျိုးသားလွတ် မြောက်ရေးအဖွဲ့ချုပ် PNLO ဦးခွန်မြင့် ထွန်းကပြောသည်။

ကေအန်ယူ ကရင်အမျိုးသားအစည်း အရုံးမှ အထွေထွေအတွင်းရေးမှူး ဖဒိုစော ကွယ်ထူးဝင်းကမူ ''ကျွန်တော့် အမြင်အရပြောရရင် ၂၀၁၅ မတိုင်ခင် လက်မှတ်ရေး ထိုးဖို့ ဖြစ်နိုင်တယ်။ ညှိနှိုင်းစရာတွေ ကျန်သေးပေမယ့် အားလုံးကလည်း နိုင်ငံရေး ဆွေးနွေးပွဲကို သွားဖို့အတွက် ဆန္ဒရှိနေလို့ ပါ'' ဟုခန့်မှန်းပြောဆိုသည်။

မည်သို့ပင်ဆိုစေ ပြည်တွင်းငြိမ်းချမ်း ရေး၏ ပဏာမ အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပွဲများ ကျင်းပနိုင်ရေးမှာ အဓိကဖြစ်သလို မဖြစ်မနေဆွေးနွေးညှိနှိုင်း လုပ်ရမဲ့အပိုင်ဖြစ်ပါတယ်။ ယုံကြည်မှုအ ပြည်နှင့် ပြည်သူပြည်သားများအပေါ်ညှာတာ မှုရှိကြရင်ဖြင့် ဤလက်မှတ်ထိုးပွဲ ကျင်းပ နိုင်တော့မည်ဟု ထင်မြင်မိပါသည်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုး ပြီးပါက နိုင်ငံရေး ဆွေးနွေးပွဲများ စတင်တော့မည် ဖြစ်ပါသည်။ ပါတီများ သည် ပြည်သူ့ခေါင်း ဆောင်များမဟုတ်ပါ။ ရွေးကောက်ပွဲအနိုင်ရရှိမှသာ ပြည်သူ့ကို ဦး ဆောင်နိုင်သော ပါတီအဖြစ် ရပ်တည်နိုင် မည်ဖြစ်သည်။ လူမှုရေးအဖွဲ့အစည်းများသည် အထောက်အကူပြုများဖြစ်သဖြင့် ပြည်သူ ၏အရေးအရာ များကို ဆုံးဖြတ် ပေးရမည့် အဖွဲ့အစည်းများမဟုတ်ပါ။ သို့ အတွက် နိုင်ငံအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များအား အကြံ ဉာဏ်များပေး နိုင်ပါသည်။ ဝေဖန်အကြံ ပြုမှုများလုပ်လို က လုပ်နိုင်ပါသည်။ ပါဝင်ဆွေးနွေးဆုံး ဖြတ်ချက်များပေးရန် မဖြစ်နိုင်ပါ။

နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဖိတ်ခေါ်ရာ၌ ရှစ်ပွင့်ဆိုင် ကိုးပွင့်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com


တွေ့ဆုံ ရေးများသည် နိုင်ငံရေး အရှုပ်အထွေးများ ကို ဖန်တီးရာရောက်ပါသည်။ (ဥပမာ အမျိုး သားညီလာခံကိုကြည့်ပါ) ဥပမာပြောရရင် (၁)အစိုးရ လွှတ်တော်၊ တပ်မတော်နှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီတို့သည် လေးပွင့်တစ်နိုင်ဖြစ်ပါသည်။ (၂)လူမှုအဖွဲ့အစည်းများ နဲ့ တစည NDF လို ပါတီအများစုသည် လက်ရှိ အစိုးရအား အားပေးအထောက် အကူပြုသူများဖြစ်သည်။ NLD လိုပါတီကြီး တစ်ခုမှာတောင် တိုင်းရင်းသားများနှင့် ပတ် သက်၍ ပီပြင်သောသဘောထားမရှိသော ကြောင့် ကြားနေများဖြစ်နိုင်ပါသည်။ တိုင်းရင်းသားပါတီအများစုမှာလည်း လက်ရှိတိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့အား အားပေး ထောက်ခံနိုင်ခြင်းမရှိသည်မှာ သေချာပါ သည်။ (၈)ပွင့်ဖြစ်ဖြစ် (၉)ပွင့်ဖြစ်ဖြစ် ဆွေး နွေးပွဲမှာ အဖြေရှာနိုင်မည်မဟုတ်သကဲ့သို့ မှန်ကန်သော ရပ်တည်ချက်ကို ပြောကြား နိုင်မည် ဦးခွန်ထွန်းဦးတို့လို တိုင်းရင်းသား ပါတီအနည်းစုသာဖြစ်ပြီး အများစုသည် အစိုးရအလိုကြကပြသွားကြမည် ကများပါသည်။ နောက်ဆုံးပြောရလျှင် လေးပွင့်ဆိုင်သာဖြစ်သင့်ပါသည်။

(၁) အစိုးရသည် ကြံ့ခိုင်ရေးပါတီ၏ အစိုးရဖြစ်သည့် လွှတ်တော်သည် ကြံ့ခိုင် ရေးပါတီအများစုဖြစ်ပါသည်။ သို့ ဖြစ်ပါ သဖြင့် အစိုးရအဖွဲ့သည် ၎င်းတို့အဖွဲ့အစည်း ပါသင့်ပါသည်။

(၂) တပ်မတော်သည် ငြိမ်းချမ်းရေး အတွက် အဖြေပေးနိုင်စွမ်းရှိသော တပ် မတော်ဖြစ်ပါသည်။ ကိုယ်တိုင်ပြဋ္ဌာန်းထား သည့် ဥပဒေရှိသလို ကိုယ်တိုင်တရားစီ ရင်ရေးရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ရေးလည်း ရှိနေသဖြင့် သီးခြားလွတ်လပ်သော တပ်မတော်ဖြစ်ပါသည်။ ၎င်းတို့၏ အဆုံးဖြတ် သည် အဓိကကျနေသဖြင့် တပ်မတော်ပါ ဝင်ရမည်ဖြစ်ပါသည်။

(၃) လက်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်ပါသည်။

(၄) တိုင်းနယ်ပြည်နယ်အသီးသီးမှ အစိုးရမဟုတ်သော ပြည်နယ် သူပြည်နယ် သား တိုင်းဒေသများမှ အစိုးရမဟုတ်သော ကိုယ်စားလှယ်များ ဖွဲ့စည်း၍ပါသင့်ပါသည်။ တိုင်းနယ်ပြည်နယ်များမှ ပြည်သူလူထုမှ လက်ခံယုံ ကြည်သောသူများ ဖြစ်ရပါမည်။

ဤလေးဖွဲ့တွေ့ဆုံမှသာလျှင် ပြည်တွင်း ငြိမ်းချမ်းရေးအတွက် အမှန် တကယ် အဖြေရရှိမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းရေးဘက်တစ်ချက်လေး ငဲ့ကြည့်ပါဦး

ကျော်ကျော်နိုင်

သမ္မတဦးသိန်းစိန်လက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနှင့် ငြိမ်းချမ်းရေးကို အပြီးတိုင် မတည်ဆောက်နိုင်ဘဲ အုတ်မြစ်ချရုံသာချသည်ဟု အောက်တိုဘာ(၁၈)(၁၉)တို့တွင် ကျင်းပပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လွှတ်တော်အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ MPC တွင် ငြိမ်းချမ်းရေးလုပ်ငန်းများ အပြီးတိုင် မလုပ်နိုင်တော့ကြောင်း ငြိမ်းချမ်းရေး အုတ်မြစ်ချနိုင်ခဲ့ပြီး နောင်အစိုးရက ဆက်လက်လုပ်ကိုင်ရမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားသည်ကို သိရပါသည်။ အဆိုပါ ဆွေးနွေးပွဲကို ဝန်ကြီး ဦးအောင်မင်းနှင့် အလုပ်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အယောက် ၄၀ခန့် တက်ရောက်ပြီး တပ်မတော်မှ တင်ပြသော လမ်းပြမြေပုံ ခြောက်ချက်အား လွှတ်တော်တွင်တင်ပြရန် သင့်မသင့် အကြံဉာဏ်ရယူသည့်၊ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြသင့်ကြောင်း အကြံဉာဏ်များ ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com


သည်ဟု သိရပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရန် အချက်(၄)ချက် သာဆွေး နွေးရန်ကျန်ရှိသည့် အချိန်တွင် အဆိုပါ(၆)ချက်မှာ တပ်မတော်၏ သဘောထားဖြစ်ပြီး ၎င်းမှ (၆)ချက်ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကြန့်ကြာနေရခြင်းဖြစ်ပါသည်။

MPC ၏ တစ်လတွင် ဒေါ်လာသောင်းစားများအတွက် ထိတ်လန့်စရာ သတင်းစကားပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးစင်တာ၏ (၂)နှစ်ကျော်ခရီးတွင် တစ်ဦးကို ဒေါ်လာတစ်သောင်းနှင့်တွက်လျှင် (၂)နှစ်ကာလအတွင်း ဒေါ်လာ နှစ်သိန်းလေးသောင်းမျှ အကုန်ကျခံ၍ ဤအကြံပေးများ၏ အလုပ်ပြုတ်နိုင် သော သတင်းစကားများပင် ဖြစ်ပါသည်။

သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ၂၀၁၁ ခုနှစ်မှစတင်၍ အဓိကကျသည့် တိုင်းရင်းသား(၁၇)ဖွဲ့တို့နှင့် ပြည်နယ်အဆင့် (အပစ်အခတ် ရပ်စဲရေး)၊ ပြည်ထောင်စုအဆင့် (နိုင်ငံရေးဆွေးနွေးခြင်း)၊ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိရေး၊ လုပ်ငန်းစဉ်သုံးခုကို ချမှတ် အကောင်အထည်ဖော်နေခဲ့ရာ ပြည်ထောင်စုအဆင့် သဘောတူညီချက် များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၄)ဖွဲ့ နှင့်သဘောတူညီ ချက်ရရှိပြီး ဖြစ်ပါသည်။ MPC အနေဖြင့် ၂၀၁၂ ဥရောပသမဂ္ဂမှ ယူရိုငွေ (၇) သိန်း။ ၂၀၁၃ ခုနှစ်တွင် ယူရိုငွေ သန်း(၃၀)၊ ဂျပန်နိုင်ငံမှ ဒေါ်လာ (၁ ဒသမ ၂)သန်းတန် အဆောက်အဦတစ်လုံး ကုလသမဂ္ဂအဖွဲ့အစည်း UNPBF မှ ဒေါ်လာ (၄)သိန်းကျော်ဖိုးရှိ ပစ္စည်းများနှင့် နိုင်ငံတော်၏ ထည့်ဝင်မှုအနေဖြင့် ကျပ်ငွေ (၃၅၈ ဒသမ ၆)သန်း သုံးစွဲခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်ဘတ်ဂျက်၏အမျိုးသားစီမံကိန်း ခေါင်းစဉ် အောက်၌ ကျပ်သန်းပေါင်း(၇၀၀၀)၊ အမေရိကန်ဒေါ်လာ (၇ ဒသမ ၁)သန်း တောင်းခံထားသည်ဟု သိရပါသည်။ (၂)နှစ်ကျော်ကြာ တစ်နိုင်ငံလုံးအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် NCA ချုပ်ဆိုနိုင်ရေးအတွက် တရားဝင်ဆွေးနွေးမှုနှင့် တရားမဝင် အလွတ်သဘောတွေ့ဆုံမှုများ အကြိမ် ပေါင်း (၂၅၀) တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် အတော်အတန် ခရီးရောက်ပြီး ဖြစ်ပါသည်။ ယခုအချိန်မှာမူ(၆)ချက်ကို

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်တင်ဆွေးနွေးရုံဖြင့် တပ်မ တော်၏ သဘောထားပြောင်းလာနိုင်စရာအကြောင်းရှိလာနိုင်မည်ဟု မထင်ကြောင်း လေ့လာသူများက အကဲဖြတ်ပါသည်။ MPC တွင် ကျင်းပသော ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ UPWC နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ တွေ့ဆုံရာတွင် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူညီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် တိုင်းရင်းသားများလိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုအပေါ် သဘောတူညီချက်များရရှိခဲ့ပြီး တပ်သားစုဆောင်းရေး၊ ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေးနှင့် တော်လှန်ရေးကဲ့သို့သော အသုံးအနှုန်းအချို့အချက် အနည်းငယ်သာ ကျန်ရှိခဲ့သည်ဟု သိရပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) မူကြမ်းပါ အခန်း(၇)ခန်း၊ အချက်ပေါင်း (၁၂၂)ချက်ရှိသည့်အနက် ယခုအခါ အချက်လေးချက်သာ ဆွေးနွေးရန် ကျန်ရှိသည်။ ၎င်း ကျန်ရှိသည့် အချက်များမှာ အခန်း(၂) ဦးတည်ချက်နှင့် ရည်ရွယ်ချက်များမှ တစ်ချက်၊ အခန်း (၃) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာမှ တစ်ချက်၊ အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များမှ တစ်ချက်၊ အခန်း(၆) ဆက်လက် ဆောင်ရွက်ရမည့်ကိစ္စရပ်များမှ တစ်ချက်တို့ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ် နှောင့်နှေးနေခြင်းသည် တိုင်းရင်းသားများကြောင့်မဟုတ်ဟု ချင်းအမျိုးသားတပ်ဦး၏ အဓိပတိဖြစ်သူ ဒေါက်တာဆလိုင်းလျှံမှုန်ဆာခေါင်း ပြောပါသည်။ သမ္မတရုံး ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ မှူးဇော်ဟူသော ကလောင်ရှင်က ၂၀၁၅ မတိုင်ခင် ငြိမ်းချမ်းရေးရရှိစေလိုသည့် အင်အားစုများ အမှန်တကယ်ရှိနေသည်ကို တွေ့ရကြောင်း ပုဂ္ဂလိက နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ရေးသားဖော်ပြခဲ့ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ် နှောင့်နှေးကြန့်ကြာခြင်း အကြောင်းအရင်းကို မည်သည့်သူမှာ တာဝန်ရှိသည်ဟု ယိုးမယ်ဖွဲ့နေမည့်အစား တစ်ရက်ငြိမ်းချမ်းရေးရလျှင် စစ်ရေးစရိတ်ကုန်ကျမှုများ သက်သာသွားသည့်အပြင် လူ့အသက်ဆုံးရှုံးမှုများ ရပ်တန့်သွားမည် ဖြစ်ပါသည်။ လွန်ခဲ့သည့် ရက်သတ္တပတ် (၂)ပတ်ကာလ၌ ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းစပ်နေသော ကရင်ပြည်နယ်အတွင်းနှင့် တရုတ်ပြည်နှင့် နယ်စပ်ချင်းဆက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ထို့အတူ တရုတ်နယ်စပ်နှင့် ဆက်စပ်နေသော ကချင်ပြည်နယ်အတွင်း၌လည်း တပ်မတော်နှင့် (KIA) တို့ ထိတွေ့မှုများရှိကြောင်း သတင်းများက ဆိုပါသည်။ တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံလာအောင် ဖိအားပေးသည့်အနေဖြင့် တိုက်ပွဲများ ဆင်နွှဲနေကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့ကို ကိုယ်စားပြုထားသော UNFC ၏ အထွေထွေအတွင်းရေးမှူး ခူးဦးရယ်က စွပ်စွဲပြောကြားခဲ့ပါသည်။

၂၀၁၅ တွင် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ရွေးကောက်ပွဲအတွက် လိုအပ်ပါသည်။ သမ္မတ၊ လွှတ်တော်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ညှိနှိုင်းဆွေးနွေးကြပြီး ငြိမ်းချမ်းရေးအတွက် ဖော်ဆောင်မှသာလျှင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ဆွေးနွေးနိုင်ရန် နည်းလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူပြည်သားများအတွက် မျက်နှာကို ထောက်ထားပြီး ၂၀၁၅ အမီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ရန် နည်းလမ်းများ ရှာဖွေလုပ်ကိုင်နိုင်ပါစေဟု တင်ပြတောင်းဆိုအပ်ပါသည်။

**ကျော်ကျော်နိုင်**



www.burmeseclassic.com

www.burmeseclassic.com



# လွှတ်တော်အသံ ကြို့ခိုင်ရေးအသံ

ကျော်ကျော်နိုင်

ဂျာအေးသူ့ အမေရိက်ကဗျာဟာပတ်ချာလည်နေတဲ့အဆုံးသတ်လို့မရတဲ့ ကဗျာတစ်ပုဒ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြန်ပြန်လည်သွားတဲ့ နိုင်ငံရေးဟာ ကြောင်လိမ်လှေခါးအသွင် တစ်ရစ်ပြီးတစ်ရစ်တက်သွားသော်လည်း အနည်းငယ်သာမြင့်သွားရုံမြင့်သွားပြီး အစကနေပြန်စရမယ့် အခြေအနေတစ်ရပ်နဲ့ အမြဲလိုလို ရင်ဆိုင်နေရပါတယ်။ ဗိုလ်ချုပ်အောင် ဆန်းတို့ခေတ်က ဖက်ဆစ်တော်လှန်ရေးလုပ်ခဲ့ရသလိုပဲ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း မပြီးပြတ်သေးတဲ့ ပြည်တွင်းစစ်မှာ တစ်ပါတီအာဏာရှင်စနစ် တိုက်ပွဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တစ်ပါတီအာဏာရှင်စနစ်အောက်မှ ရုန်းထွက်တော်လှန်ခဲ့ရာမှ နောက်ဆုံးမှာတော့ မပီမပြင်နဲ့ အာဏာသိမ်းစစ်အစိုးရရဲ့လက်အောက် ပြန်ရောက်ပါလေရော။ အာဏာသိမ်းစစ်အစိုးရရဲ့ လက်အောက်မှာနေခဲ့ရပြီးပါမှ ဒီမိုကရေစီအသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားရခိုက် ပြူးတူးပြဲတဲထကြည့်လိုက်တဲ့အခါမှာ ပြည်တွင်းနိုင်ငံရေးများဆိုတာ အစတွေဖွာလန်ကြဲပြီး ပြဿနာပေါင်းသောင်းခြောက်ထောင်နဲ့ ဒီမိုကရေစီ မီးတိုင်ကလေးမငြိမ်းအောင်မနည်း ပိုင်းဝန်းထိန်းသိမ်းနေတာပါကလား။ ပြဿနာတွေရဲ့အရင်းခံကို မဖြေရှင်းနိုင်သရွေ့ကာလပတ်လုံးအပေါ်ယံမျက်နှာစာ အခင်းအကျင်းများကို ဖြေရှင်းရန်မလွယ်ကူလှပါ။ ဒီမိုကရေစီအရွေ့တစ် ခုကိုဦးတည်နေတဲ့အခါမှာ ပြဿနာများစွာ ရင်ဆိုင်ဖြေရှင်းရမယ်လို့ မျှော်လင့်ထားပေမယ့်လည်း ပြဿနာများအဖြစ်တည်ရှိနေပါတယ်။ တစ်ခုက၄၃၆ဥပဒေပြင်ဆင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပါတယ်။

ကိုယ့်ဒုက္ခနဲ့ကိုယ်ဆိုပြီး ဝေဒနာအသီးသီး ကိုလိုက်လံကုစားနိုင်ရန်မလွယ်ကူဘူးဆိုတာ လည်းမသိမဟုတ်ပါ။ ပြည်တွင်းငြိမ်းချမ်းရေးဇာတ်လမ်းကလည်း "စလယ်ဝင်၊ ဖင်မမည်းခင်ကကွဲ" တဲ့ဇာတ်လမ်းတွေဖြစ်နေပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့နေရာမှာ အတိုင်းအတာအားဖြင့်နိုင်ငံ့မျက်နှာစာကိုကြည့်ပြီး ကိုယ့်အတ္တတွေကိုကိုယ့်လျှော့ဖို့လိုပါတယ်။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိသေး ငါ့နှုတ်ခမ်းနာနဲ့တည့်ပါ့မလား . . ဆိုတဲ့အတွေးနဲ့တော့ တည်ဆောက်လို့မရနိုင်ပါ။

ပြည်တွင်းဒီမိုကရေစီအရေးကိုကြည့်ပြန်တော့ ဒီမိုကရေစီအများစုဟာဥပဒေကိုကျော ထောက်နောက်ခံ ပြုရပါတယ်။ ဒီမိုကရေစီနိုင်ငံရေးသမားများရဲ့ ကျောထောက်နောက်ခံပြုရသော ဥပဒေသည် ကျိုးပျက်နေခဲ့လျှင်ဒီမိုကရေစီခေတ်ကိုရောက်အောင်ကို လျှောက်လှမ်းနိုင်စရာမရှိပါ။ ၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေသည် ဒီမိုကရေစီသို့သွားရာလမ်းဆီ ပိတ်ပင်တားဆီးထားသောဥပဒေသာဖြစ်ပါတယ်။ ၎င်းဥပဒေသည် ပြင်ဆင်နိုင်ဖွယ်မဟုတ်ကြောင်း ရှေးဦးစွာနိမိတ်ပြ ပြောဆိုနေသောစကားများထဲမှအတွဲ(၃)အမှတ်(၂၆) သံတော်ဆင့်ဂျာနယ်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က အပြင်မှာလက်မှတ်တွေရေးထိုးတာတို့၊ အပြင်မှာဆန္ဒဖော်ထုတ်တာကို ပြည်သူ့အသံအနေနဲ့ လွှတ်တော်ထဲမရောက်နိုင်ဘူးလို့ပြတ်ပြတ်သားသား ပြောကြားထားပါတယ်။ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတာက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားပြု ဒီမိုကရေစီစနစ်ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခါတည်းပြော ချင်တာက တိုက်ရိုက်ဒီမိုကရေစီနဲ့ ကိုယ်စားပြု ဒီမိုကရေစီမကွဲပြားတာပါ။ ကိုယ်စားပြု ဒီမိုကရေစီမှာ လွှတ်တော်ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "ပြည်သူ့ အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက် လွှတ်တော်ဖော်ဆောင်ချက်"ဆိုတဲ့အတိုင်း ပြည်သူ့ ကိုယ်စားလှယ်တွေဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကတစ်ဆင့် ပြည်သူ့ကိုယ်စား မေးခွန်းမေးခြင်း၊ လုပ်ငန်းတွေဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ အပြင်မှာ လက်မှတ်တွေလိုက်ထိုးတာတို့၊ အပြင်မှာ ဆန္ဒ ထုတ်ဖော်တာတို့ စတာတွေဟာ ပြည်သူ့အသံအနေနဲ့ လွှတ်တော်ထဲထိ မရောက်ပါဘူးလို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်ကဆိုပါတယ်။ ပြည်သူတွေ ဆန္ဒပြမှုတွေများလည်း အရာမထင်၊ ငါးသန်း ကျော်ရပြီးပြီဖြစ်တဲ့ NLD နဲ့ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ကောက်ခံရရှိထားပြီးလက် မှတ်တွေလည်း အရာမရောက် ဖြစ်နေပါတယ်။ သတိမမူဂူမမြင်ဆိုတဲ့ စကားဟာ အခုမှတွေ့ရပါတော့တယ်။ လွှတ်တော်တွင်းဆောင်ပုဒ်များ ပြောင်းသွားပြီလားလို့ ပြည်သူများက မေးကြပါပြီ။

လွှတ်တော်အသံ ပြည်သူ့အသံ

လွှတ်တော်ဆန္ဒ၊ ပြည်သူ့ဆန္ဒ

လွှတ်တော်ဖော်ဆောင်ချက်၊

ပြည်သူ့မျှော်လင့်ချက်မဲ့

**လွှတ်တော်ဥက္ကဋ္ဌကြီး ဦးခင်အောင်မြင့် .... ခင်ဗျား**

**အနိုင်ရပါတီတစ်ခုရဲ့ အသံသာဖြစ်ပြီး "လွှတ်တော်ရဲ့အသံ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေး၏အသံ"ဆိုပြီး ပြန်ပြောင်းပြောကြည့်ပါလား ခင်ဗျား။**

www.burmeseclassic.com